www.burmeseclassic.com

# ခင်ဦးခင်ခင်

(ဆေးတက္ကသိုလ်)



တန်ခူးရင်မွှင်

www.burmeseclassic.com

www.burmeseclassic.com

# ခင်ဦးခင်ခင် (ဆေးတက္ကသိုလ်)

## တန်ချူးရင်ခွင်

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၅၅၁၀၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၉၄၁၀၀၇

၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ၊
ပထမအကြိမ်
တန်ဖိုး - ၁၀၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







ခင်ဦးခင်ခင်
(ဆေးတက္ကသိုလ်)


# တန်ခူး ရင်ခွင်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com







အမေ့ဖေ ...

မွေးသဖခင် ကျေးဇူးရှင် ...

သို့တည်းမဟုတ် အမေရဲ့ ခင်ပွန်းလင်။

ကိုယ်နှင့် သည်လောကကြီး တရင်းတနှီးရှိခဲ့သည့် အနိပုဂ္ဂိုလ်ကြီး၏ အကြောင်းနှင့် ပတ်သက်၍ ဘယ်တုန်းကမှ အလေးအနက်ထားပြီး မစဉ်းစားခဲ့မိတာ အမှန်ပါ။ အဖေဟာ အဖေပဲပေါ့၊ ရှင်းနေတာပဲလေ။

အဲ ... တစ်စုံတစ်ဦးက မင်းအဖေအကြောင်းကို ပြောစမ်းပါ၊ မင်းအနေနဲ့ မင်းအဖေကို ဘယ်လိုမြင်သလဲဟု မေးလာပါက ဟုတ်ကဲ့ ... ကျွန်တော့်အဖေနာမည် ဦးဇော်ထွန်းစံပါ၊ ရုပ်ချော သဘောကောင်း၊ ဘီအက်(စ်)စီအင်ဂျင်နီယာဘွဲ့ ရထားသူ



www.burmeseclassic.com

www.burmeseclassic.com



ဗိသုကာတစ်ဦး၊ ဗိသုကာမှ ပါချီပါချက် ဗိသုကာမဟုတ်၊ တိုင်းသိပြည်သိ နာမည်ကျော် ဗိသုကာကြီးတစ်ဦး။ သူဆောက်လုပ်ဆောင်ခဲ့သည့် ဟိုတယ်ကြီးများ၊ မိုတယ်ကြီးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ပုဂ္ဂလိက အဆောက်အအုံများက ရန်ကုန်-မန္တလေး စသည့် မြို့ကြီးများတွင် လက်ညှိုးထိုး၍မလွဲ။ မနေ့တစ်နေ့ကပင် နိုင်ငံခြားနှင့် ပူးပေါင်းဆောင်ရွက်သည့် ဆေးရုံကြီးတစ်ရုံသည်ပင်လျှင် ဖွင့်လှစ်ပြီးစီးသွားပြီး ထိုအဆောက်အအုံကြီးကို ပုံစံထုတ် ဆောက်လုပ်ပေးသည့် အဖေ့ဓာတ်ပုံတွေက ယနေ့ထုတ်ဝေလျက်ရှိသည့် ဂျာနယ် မဂ္ဂဇင်းသတင်းစာများတွင် ပါလာသေးသည်။

နောက်တစ်ခုကတော့ သူ့အဖေ ဦးဇော်ထွန်းဇံသည် ဇနီးဖြစ်သူ ဒေါ်တင်တင်မြိုင်နှင့် တစ်ဦးတည်းသော သားဖြစ်သူ မျိုးမျိုးဇံကို တအားချစ်ခြင်းပင် ဖြစ်ပါသည်။

အဖေနှင့်ပတ်သက်၍ မျိုးမျိုးဇံက ဒါပဲသိခဲ့ပါသည်။

သူ ဆယ်တန်းအောင်တုန်းက ဂုဏ်ထူးခြောက်ဘာသာနှင့် ဆေးတက္ကသိုလ်အမှတ်ကို ကောင်းကောင်းကြီးမီပါ





သည်။ သို့သော် သူ့အဖေ ဦးဇော်ထွန်းဇံက တစ်ဦးတည်းသောသားဖြစ်သူကို သူ့လို အင်ဂျင်နီယာကြီးတစ်ယောက် ဖြစ်စေချင်သည့်အတွက် ဆေးတက္ကသိုလ်ကို မရွေးချယ်ခိုင်းဘဲ စက်မှုတက္ကသိုလ်ကိုသာ ရွေးချယ်ခိုင်းခဲ့ပါသည်။

အမှန်အတိုင်း ပြောရလျှင် ဘာအလုပ်ကိုမှ ဝါသနာပါသည့် မျိုးမျိုးဇံက သူ့အဖေဆန္ဒရှိသည့်အတိုင်း စက်မှုတက္ကသိုလ်သာ တက်ရောက်ခဲ့ပါသည်။ ကျောင်းတစ်ခုခုကို တက်နေရလျှင် စာဆိုသည့် သဘောမှလွဲ၍ တခြား ဘာရည်ရွယ်ချက် ဘာလင့်ချက်မှမရှိ၊ ကျောင်းတက်နေလျှင် အပြင်ကိုထွက်ဖို့ အခွင့်ရေးရသလို အကြောင်းအမျိုးမျိုးပြ၍ အဖေနှင့်အမေ့ထံမှ ပိုက်ဆံတောင်းလို့ရသည်။ သည်လောက်နှင့်ပင် တန်၍နေပါပြီ။

တစ်ခါတလေ ဦးဇော်ထွန်းဇံက သားဖြစ်သူကို သူတာဝန်ယူ ဆောက်လုပ်နေသည့် အဆောက်အအုံများ ရှိရာသို့ရောက်သည့်အခါ သူ့ကို ခေါ်တတ်ပါသည်။

"တစ်နေ့ကျရင် သားလည်း လုပ်ငန်းခွင်ကို ဝင်ရတော့မှာမို့ အခုကတည်းက ဖေဖေ လုပ်ကိုင်နေတဲ့ အလုပ်တွေနဲ့ ပ



www.burmeseclassic.com

www.burmeseclassic.com



သက်ပြီး နားလည်အောင် တတ်ကျွမ်းအောင် အတွေ့အကြုံ ရှိအောင် ဆိုက်ထဲကို လိုက်ခဲ့ပါလား သားရာ"

"ဟင့်အင်း ... မလိုက်ချင်ပါဘူး"

"ဘာဖြစ်လို့"

"တစ်သက်လုံး လုပ်သွားရမဲ့ အလုပ်အတွက် အခုကတည် က စိတ်အပင်ပန်း မခံနိုင်လို့ပါ အဖေ၊ အနည်းဆုံး သာ ဗိုင်နယ်လောက်ရောက်တော့မှပဲ လေ့လာတော့မယ် ဖေကြီး ရာနော်၊ ပြီးတော့ ကျောင်းက အောင်ပြီးရင် အလုပ်ထဲ ဝင်ရတော့မှာ မဟုတ်လား၊ ခုလို လွတ်လွတ်လပ်လပ် နေရမဲ့ ဘဝလေးက ဘာမှမကျန်တော့ဘူးလေ၊ နေရသခိုက် အချိန်ကာလလေးမှာ ကျောင်းက စာအပြင် တခြားဦးနှောက် စားမဲ့ ကိစ္စတွေကို မမြင်ချင် မတွေ့ချင်လို့ပါ"

"မင်းအတွက် ဖေဖေ ပြောနေတာနော်"

"ဟုတ်ပါတယ်၊ သားကလည်း သားအတွက် ပြောတာပါ သားရဲ့အပျော်လေးတွေကို လာပြီးမဖျက်ဆီးပါနဲ့ ဖေကြီး ရာ"





"မင်း တော်တော်လက်ပေါက်ကပ်တဲ့ကောင်ပဲ ငမျိုးရာ"

"ဖေကြီးကလည်း နောက်မှလုပ်ရမဲ့ အလုပ်ကို ခုကတည်း က လောဘတကြီးနှင် မခိုင်းချင်နဲ့လေ"

"ဒီမှာသား၊ လူတစ်ယောက်ရဲ့ တန်ဖိုးဟာ အလုပ်လုပ် ခြင်းပဲ၊ ဖေဖေ သွားရင်းလာရင်းနဲ့ လမ်းဘေးမှာချရောင်း နေတဲ့ ပညာရှိတွေရဲ့ အဆိုအမိန့် စကားတွေကို ရိုက်နှိပ် ဖော်ပြထားတဲ့ စာလေးတစ်ကြောင်းကို သွားပြီးဖတ်လိုက် မိတယ် ...

"အဲဒါကတော့ ဆင်ခြေပေးတဲ့ ပါးစပ် ထမင်းငတ် တတ်တယ်တဲ့၊ အဲ ... နောက်တစ်ခုကတော့ ရောဂါပြင်း လျှင် ဆေးရှိသည်၊ လူပျင်းလျှင် ဆေးမရှိပါတဲ့၊ မင်း ငှက် ပျောသီးကို စားချင်ရင် အရင်ဆုံး အခွံတော့ နွှာရလိမ့် မယ် သား၊ ဖေဖေ ပြောတာ သဘောပေါက်တယ်နော်"

"ပေါက်ပါတယ် ဖေကြီးရဲ့၊ အဲဒါတွေက ကလေးဘဝထဲ က သဘောပေါက်နေတာပါ၊ သားက အချိန်တွေကို သူ့ အကန့်လိုက် အကန့်လိုက် အသုံးချနေတာလေ၊ ဘဝတန်ဖိုး ဆိုတာ အချိန်ကို အကျိုးရှိစွာ အသုံးချခြင်းပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ — တဲ — ဒီသားအဖနှစ်ယောက် စကားအခြေအတင် ပြောနေကြတာ မပြီးတော့ဘူးလား၊ ဒီမှာ ထမင်းပွဲပြင်ပြီး စောင့်နေတာ ကြာလှပြီ"

မိခင်ဖြစ်သူ ဒေါ်ထင်တင်မြိုင် လာခေါ်မှပင် ဦးဇော်ထွန်းဇံနှင့် မျိုးမျိုးဇံတို့ စကားစစ်ထိုးပွဲမှာ ပြီးဆုံး၍ သွားပါသည်။

မျိုးမျိုးဇံ တစ်ယောက် သူ့အဖေနှင့် အမေက အလှူ မင်္ဂလာရှိသည့် အခါမျိုး အသိမိတ်ဆွေများက ထမင်းစားဖိတ်သည့် အခါမျိုးတွင် သူတို့နှင့် လိုက်ခဲ့ပါရန် ဘယ်လောက်ပင် ခေါ်ခေါ် ဘယ်တုန်းကမှ လိုက်မသွားခဲ့ပါ။

"ဖေကြီးရာ၊ ဖေကြီးတို့ မေကြီးတို့ လူကြီးတွေကိစ္စမှာ သားက ကြားထဲကနေ ကန့်လန့် ကန့်လန့်နဲ့ မပါချင်ပါဘူးဗျာ၊ သားသူငယ်ချင်းတွေနဲ့ စားသောက်ဆိုင် သွားတဲ့အခါ လက်ဖက်ရည်ဆိုင် ထိုင်တဲ့အခါ၊ ဂိမ်းသွားဆော့တဲ့ အခါမျိုးတွေမှာ ဖေကြီးတို့ မေကြီးတို့ကို ခေါ်ပြသွားလို့ကော အဆင်ပြေပါ့မလားလို့၊ လူကြီးတွေကြားထဲမှ ငုတ်တုတ်ကလေး လိုက်ထိုင်ပြီး ဟိုလူ့ကိုသွားဖြီးကြီးနဲ့ ပြုံးပြ၊





ဒီလူ့ကိုပြုံးပြ၊ မေးရင်ဖြေလိုက်၊ ပြောရင် ဟုတ်ကဲ့လုပ်လိုက် ခေါင်းညိတ်လိုက်နဲ့ တကယ်ပျင်းစရာကောင်းတယ်၊ ကိုယ့်လိုင်းနဲ့ကိုယ်နေတာပဲ ကောင်းပါတယ် ဖေကြီးရာ၊ လိုင်းပူးတာ မကောင်းပါဘူး"

"မင်းဟာလေ အတော် ဆင်ခြေဆင်လက် များတဲ့ကောင်၊ ချိုပါသားသေလို့ ဝင်စားသလား မသိဘူး၊ စကားစပြီးပြောတတ်တဲ့ အရွယ်ကတည်းက စကားပြောရင် အတွန့်အတက်နဲ့ ပြောရမှ ကျေနပ်တဲ့ကောင်၊ ဖေကြီးတို့ မေကြီးတို့ သွားတဲ့နေရာတွေက ကိုယ့်အလုပ်နဲ့ ပတ်သက်တဲ့ နေရာတွေ၊ လူမှုရေးအရ တာဝန်ရှိလို့ သွားတဲ့နေရာတွေကွ၊ ဖေကြီး မေကြီးရဲ့ မိတ်ဆွေအပေါင်းအသင်းတွေကိုလည်း သား သိသွားမှာ ဖြစ်သလို တစ်နေ့ သားအလုပ်ထဲရောက်တဲ့အခါမှာလည်း သားကို ကူညီပံ့ပိုးပေးနိုင်တဲ့လူတွေကွ ငမျိုးရ ...

"အိုကွာ ... ကုန်ကုန်ပြောမယ်။ အဲဒီနေရာမှာ သမီးရှင်တွေလည်း လာကြတယ်၊ ဖေကြီးက ကိုယ့်မှာ ရည်



www.burmeseclassic.com

www.burmeseclassic.com



အချင်းရှိတဲ့ သားချောတစ်ယောက် ရှိတယ်ဆိုတာကိုလည်း ဒေတ်ဝန်းကျင်ကို ကြေညာထားချင်တယ်၊ တစ်နေ့ကျ မင်းအတွက် အိမ်ထောင်ဖက်ကို ခေါင်းခေါက်ရွေးနိုင်အောင် ရည်ရွယ်ထားတဲ့ သဘောပေါ့ကွာ"

"အဲ ... အဲဒါကြောင့် သား ပြောတာပေါ့၊ ဖေကြီးတို့ ဥစ္စာက ရိုးရိုးသားသားမှ မဟုတ်တာ၊ ရှုပ်ရှုပ်ယှက်ယှက် ကိစ္စတွေက ပါနေပြီ၊ သားက သန့်သန့်လေးနေတာ အားရင် သီချင်းဆိုမယ်၊ ဂစ်တာတီးမယ်၊ ဂိမ်းကစားမယ်၊ သူငယ်ချင်းတွေနဲ့ လည်မယ်၊ ရွေကြည့်မယ်၊ တင်းနစ်ရိုက်မယ်၊ အဲဒီလို ဘာညာ ဘာညာ ကိစ္စတွေကို လုံးဝမစဉ်းစားဘူး သိလား။ သားကိုလာပြီး အရောင်မဆိုးနဲ့နော်"

"ဒါဆို မင်းက တစ်သက်လုံး မိန်းမ မယူဘူးလား"

"သိပ်မှန်တာပေါ့ ဖေကြီးရေ၊ ကိုယ်နဲ့ သွေးမတော် သားမစပ် မိန်းမတစ်ယောက်ကို ပခုံးပေါ်ထမ်းပြီး တစ်သက်လုံး လုပ်ကိုင်ကျွေးမွေးရမဲ့ အလုပ်မျိုးကို ဘယ်တော့မှ မလုပ်ဘူး၊ အဲဒါ လူမိုက်တွေရဲ့အလုပ်"





"ဟော ... ဒါဆို မင်းအမေကို ငါယူတာလည်း လူမိုက်အလုပ်ပေါ့"

"တရားတော်နဲ့ ကြည့်မယ်ဆိုရင် အဲဒီလိုပဲ ပြောရလိမ့်မယ်ထင်တယ် ဖေကြီး"

"အေး ... မင်းအမေ တင်တင်မြိုင်ကို ငါယူလို့ မင်းကို မွေးလာတာ၊ ငါသာမယူခဲ့ရင် မင်းဆိုတဲ့အကောင် ခုလို လူတောင် ဖြစ်လာမှာ မဟုတ်ဘူး"

"အဲဒါပြောတာပေါ့ ဖေကြီးရေ၊ သားလူဖြစ်လာလို့ ခုလို စာမသင်ချင်ဘဲ စာတွေသင်၊ အလုပ်မလုပ်ချင်လည်း အလုပ်တွေ လုပ်ရဦးတော့မှာပေါ့၊ အစကတည်းက ဘာမှဖြစ်မလာရင် ဘာမှ လုပ်စရာမလိုဘူး၊ ဒီပြဿနာတွေနဲ့လည်း ကြုံမှာ မဟုတ်တော့ဘူးလေ"

"ဒါဆို မင်း ဘုန်းကြီးဝတ်မလား"

"ဟင်အင်း"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်အချက်က သား ခေါင်းတုံးနဲ့ မနေတတ်ဘူး၊ နှစ်အချက်က ညစာမစားဘဲ မနေနိုင်ဘူး၊ သုံးအချက်က သင်္ကြန်မှာ မကဲဘဲ မနေနိုင်ဘူးလေ"

"ဟွန်း ... တော်တော်ဟုတ်တဲ့ကောင်"

✣ ✣ ✣





ဒီတစ်ခါတော့ မျိုးမျိုးဇံ တစ်ယောက် ဘယ်လိုမှ ငြင်းမရပါတော့။

"ကဲ ... သား၊ အဝတ်အစားလဲကွာ"

"ဘာလုပ်မလို့လဲ ဖေဖေ"

"မေးခွန်းထုတ်နေမဲ့အစား ဖေဖေခိုင်းတဲ့အတိုင်းသာ လုပ်လိုက်စမ်းပါကွာ"

ရေချိုးအပြီး ကျော်ရှိန်းဝင်းထံ သွားရောက်ခါ ဂိမ်းစားရန် ရည်ရွယ်ထားသော မျိုးမျိုးဇံက ဖွင့်ငြင်းရန် ကြံလိုက်သေးသည်။ သို့ပါသော်လည်း မိဘကို အမြဲတမ်း ဆန့်ကျင်ကာကောစလုပ်နေ၍ မကောင်းတတ်သည်မို့ သူက မျက်နှာစူပုပ်လုပ်ခါ အဝတ်အစားလဲလိုက်ပါသည်။ အကယ်၍ ကျော်ရှိန်း



www.burmeseclassic.com

www.burmeseclassic.com



ဝေးကိုသာ ကြိုတင်ချိန်းဆိုထားမိပါလျှင်တော့ ခုလိုမျိုးကိစ္စကို အခြေအတင်ငြင်းမိမည်သာ ဖြစ်ပါသည်။ ခုတော့ ထူးထူးထွေထွေ ဘာတိစ္စမှလဲ မရှိသည်မို့ စိတ်ကိုလျှော့ခါ သူ့အဖေခိုင်းသည့်အတိုင်း အဝတ်အစား လဲလိုက်ပါသည်။

"ဟော့ကောင် ... လူလို သူလို အဝတ်အစား ပြန်လဲစမ်းကွာ"

ပခုံးပြတ် တီရှပ်အနက်အောက်က ဒူးခေါင်းအောက် ရှော့ပင်ကိုဝတ်ခါ ထွက်လာသော မျိုးမျိုးဖံကို ဖခင်ဖြစ်သူက နှာခေါင်းရှုံ့ခါကြည့်ရင်း ပြောလိုက်ပါသည်။

"ဖေကြီးကလည်း ဒီအဝတ်အစားတွေက အကောင်းစားတွေပဲ ဥစ္စာ"

"ငါသိတာပေါ့ ငမျိုးရာ၊ ဒါပေမဲ့ ခုသွားမှာက ဘုရားကိုးဆူမို့ ဒီအဝတ်အစားနဲ့ မသင့်တော်လို့ပေါ့။

"ဘုရားကိုးဆူ ... ဟုတ်လား၊ ဟာ သားမလိုက်ချင်ဘူး"

"ဘုရားကိုးဆူကို ဘာလို့ မလိုက်ချင်ရတာလဲ"

"ပျင်းစရာကောင်းလို့"





"လိုက်သာလိုက်ခဲ့၊ မင်းမပျင်းစေရဘူး၊ ဟိုကျ ဘုရားကိုးဆူဆရာက မင်းကို ဦးရွှေရိုး ကပြလိမ့်မယ်၊ အဲဒါမှ မကျေနပ်သေးရင် ကင်းမြီးကောက် ထောင်ပြလိမ့်မယ်၊ ဟုတ်ပြီလား"

"အဟင်း ဟင်း ဟင်း ... လိုက်လည်းလိုက်တဲ့ သားအဖ၊ အဖေကြီးကလည်း သားကို ဘာလို့ မဟုတ်တာတွေ ပြောနေရတာလဲ၊ ကဲပါ သားရယ်၊ ဘုရားကိုးဆူ ဆိုပေမဲ့ အပြင်လူ တစ်ယောက်မှ မဖိတ်ပါဘူး၊ ညဘက် ဘုရားကိုးဆူကပ်ပြီး မနက်ကျ ဘုန်းကြီးတွေကို ဆွမ်းကျွေးမှာလေ၊ အိမ်တက်ညှော်ခံပွဲက နောက်တစ်ပတ်မှ လုပ်မှာ၊ ခုဟာက အန္တရာယ်ကင်း ဘေးကင်း ဘုရားကိုးဆူကပ်၊ ဘုရားအနေကဇာတင် ဘုန်ကြီးဆွမ်းကျွေးလုပ်မှာ၊ မေမေတို့ကို ဦးကိုကိုနဲ့ ခင်ခင်ဦး အထူးဖိတ်ပြီး ညှော်ခံတာ"

"ဘယ်က ဦးကိုကိုလဲဟင်"

ဂျူ့အမေတွင် ဦးကိုကို အမည်ဖြင့် မိတ်ဆွေတွေကများသည်မို့ သူကခွဲခြား၍သိရန် မေးလိုက်ခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ့မိတ်ဆွေ နလုံးအထူးကု သမားတော်ကြီးပါ။ ရှ
အူတို့တိုက်ကြီးကို ဖေဖေ ဒီဇိုင်းဆွဲပြီး ဆောက်ပေးခဲ့တာ
လေ။ အဲဒီအတွက် ဦးကိုကိုက ကျေးဇူးတင်လို့ ဖေဖေတို့
မိသားစုကို သီးသန့်ဖိတ်ပြီး ကျွေးမွေးတာ သား၊ အဲဒ
ကြောင့် မင်းမလိုက်လို့ မဖြစ်ဘူး၊ အိုကွာ ... မတတ်သာတဲ့
အဆုံး မင်းကို ကြိုးနဲ့တုပ်ပြီး ခေါ်သွားရလိမ့်မယ်"

"ကဲပါ ဖေကြီးရယ်၊ သား အဝတ်အစား ပြန်လဲပြီးရင်
လိုက်ပါလိမ့်မယ်၊ သွား ... သွား ... ရှပ်အင်္ကျီနဲ့ ပုဆိုးပဲ
ဖြစ်ဖြစ် ရိုးရိုးတန်းတန်း ဘောင်းဘီရှည်ပဲဖြစ်ဖြစ် လဲဝတ်
ခဲ့နော်သား၊ ဒီတစ်ခါတော့ သားမလိုက်လို့ မဖြစ်ဘူး
အမေတို့မှာ သားအရင်းခေါက်ခေါက် တစ်ယောက် ရှိပါ
တယ်ဆိုတာကို လူတွေက မယုံမကြည် ဖြစ်နေပြီလေ
အမေ့ကို အမြဲမလို့တောင် ထင်ချင်ထင်နေကြမှာ သားရဲ့"

မျိုးမိုးခက TRAFFICO တံဆိပ် အပြာနုရောင် လည်ကတုံး
အင်္ကျီနှင့် ပိုးတွဲလုံချည်နက်ပြာရောင်ကို ပြောင်းလဲဝတ်ဆင်ခဲ့ေ
သည်။





"ကြည့်စမ်းပါဦး ကိုဇော်ရယ်၊ ကျွန်မတို့သားက ခုလို
အဝတ်အစားနဲ့ ဘယ်လောက် ကျက်သရေရှိပြီး ဘယ်
လောက် ခန့်ညားလိုက်သလဲလို့နော်၊ ငါ့သားက အရမ်းကို
ကြည့်ကောင်းတာပဲကွယ်"

"ဟုတ်တယ် သားရဲ့၊ အဖေတောင် မင်းကိုကြည့်ပြီး မနာ
လိုတောင် ဖြစ်ချင်လာပြီ။ ဟော့ ... အမေကြီး၊ ကိုဇော်
သားအရွယ်တုန်းက သားလောက် ရုပ်ဖြောင့်ရဲ့လားဟင်၊
မင်း မှတ်မိရင် ပြန်ပြောပြပါဦး"

"အင်း ... အမှန်အတိုင်း ပြောရမယ်ဆိုရင် သားအသက်
အရွယ်တုန်းက ရှင်လည်း တော်တော် ချောခဲ့ပါတယ်၊
ဒါပေမဲ့ ခု သားရဲ့ ရုပ်ရည်ကိုတော့ မမီဘူးလို့ ပြောရမှာ
ပဲ၊ သားက တစ်ကျပ်ဆိုရင် ရှင်က ခုနစ်ဆယ့်ငါးပြား
လောက်တော့ ရှိပါတယ်"

"အေးပါ ... အေးပါ၊ ရပါတယ်၊ ငါ့သားက ငါ့ထက်
ပိုချော ပိုလှတယ် ဆိုတော့လည်း အဖေတစ်ယောက်အနေနဲ့
ကျေနပ်ရတာပေါ့၊ ဟုတ်ဖူးလား၊ အဟတ် ဟတ် ဟား
ဟား"



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့်ပင် သားအမိ သားအဖ သုံးယော
ခင်းလျှားလမ်းထဲက သမားတော်ကြီး ဦးကိုကို၏ အိမ်ကြီး
ရောက်ရှိ၍ သွားခဲ့ကြပါသည်။

တကယ်ပင် သူ့အဖေ၏ ဗိသုကာလက်ရာက
လိုက်ရသူအဖို့ ရင်သပ်ရှုမော အံ့သြစရာ ကောင်းလောက်အော
လုပဆန်းသစ် ထည်ဝါခန့်ညားလှပါသည်။ သူ့အဖေ၏ စွမ်းဆော
မှုများအပေါ် စိတ်ဝင်စားခြင်းမရှိ၊ ဂုဏ်ယူရကောင်းမှန်း အား
ရကောင်းမှန်း မသိဘဲ ဘာသာလဝါ နေခဲ့သော မျိုးမျိုးခံ ထ
ယောက် ဒေါက်တာဦးကိုကို၏ တိုက်ကြီးကိုကြည့်ကာ အဖေ့ပည
စွမ်း အရည်အချင်းအပေါ် ဂုဏ်ယူ၍ သွားခဲ့ရပါသည်။

ခြံထိပ်တံခါးကြီးကို ဖွင့်ထားသည်မို့ ကားကို အ
ရှေ့ပေါ်တီကိုအောက်အထိ တောက်လျှောက် မောင်း၍ဝင်လို
ပါသည်။

ပေါ်တီကိုအောက်သို့ သူတို့ကား ထိုးဆိုက်လိုက်
သူ့အဖေနှင့် အမေက ကားအောက်သို့ အဆင်းတွင် အိမ်ကြီး
ကောင်မလေးတစ်ယောက်က အိမ်ပေါက်ဝသို့ အပြေးကဆေ





ရောက်ရှိလာပြီး အိမ်ထဲသို့လှမ်း၍ အော်ပြောသံကို ကြားလိုက်
ပါသည်။

"ဒယ်ဒီရေ ... ဒီမှာ အန်ကန်ဖော်တို့ လာကြပြီ"

ကားကို ရှေ့သို့တိုး၍ နေရာရွှေ့ပေးထားရန်အတွက်
အပေါ်မှမဆင်းသေးဘဲ သူ့အဖေနှင့်အမေ ဆင်းအပြီးကို စောင့်နေ
သော မျိုးမျိုးခံက ကောင်မလေးကို လှမ်းကြည့်လိုက်ပြီးနောက်
အံ့ဩမှု ပဒပ်မှု ခပ်ငေးငေးကြီးကို စူးစိုက်၍ ကြည့်နေမိပါသည်။

လှလိုက်သည့် မိန်းကလေး။ အသားအရေ မျက်နှာ
ကိုယ်လုံးကိုယ်ပေါက်ကအစ ဘာလှသလဲလို့ မမေးပါနှင့်။ အပြစ်
တစ်ခု ရှာ၍တွေ့လျှင် ငွေတစ်သိန်းပေးမည်ဟု ကြေညာခါ သူမ
၏ အပြစ်အနာအဆာများကို ရှာနိုင်းလျှင်သော်မှ ထိုသူက ပိုက်
ဆံပြန်အမ်းခါ လက်မြှောက်အရှုံးပေးသွားရပါလိမ့်မည်။ အိမ်နောက်
ဘက်ကို ခေါင်းလေးလှည့်၍ အော်ပြောလိုက်ပြီး မျက်နှာလေးကို
အရှေ့ဘက်သို့ ပြန်အလှည့်လိုက်တွင် ဝေ့ဝဲလှုပ်ခါသွားသော
ဆံနွယ်လေးများ၏ လှုပ်ရှားသွားပုံကပင် ကဗျာတစ်ပုဒ် ဖြစ်သွား
ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အသံလေးကိုကော နားထောင်ဦးမလား၊ စီစီလုံလုံ ညြည့ညဆေးနှင့် တီးလုံးမပါသည့် ဂီတသံစဉ်တစ်ခုကို နားထောင် သိုတ်ရသလို ချိုအီ၍ သွားရပါသည်။

"သား ... ဆင်းလေကွာ"

"ဟုတ် ... ဟုတ်ကဲ့ ဖေကြီး"

စောစောတုန်းက ကားကို ရှေ့နားတိုး၍ ရပ်ထား မည်ဆိုသော အစီအစဉ်က ပျက်ပြယ်သွားခါ ယောင်တောင်ပေါင် တောင်နှင့် ကားအောက်သို့ ဆင်းလိုက်ပါသည်။

အိမ်ထဲမှ သူ့အဖေ အမေနှင့် သက်တူရွယ်တူခန့် လူကြီးတစ်ယောက်နှင့် အမျိုးသမီးကြီးတစ်ယောက် ထွက်၍လာ ကြပါသည်။ တော်တော်ကြည့်ကောင်းသည့် စုံတွဲဟု မျိုးမျိုးဇံက ကျိတ်၍ မှတ်ချက်ပြုလိုက်ပါသည်။ အမျိုးသမီးကြီးက သူ့အမေ ၏ခါးကို ဖက်လိုက်သလို အမျိုးသားကြီးကလည်း သူ့အဖေ၏ ပခုံးကို ဖက်လိုက်သည်ကို တွေ့မြင်ရခြင်းအားဖြင့် အလွန်ရင်းနှီး သူများ ဖြစ်လိမ့်မည်ကို သူ သိလိုက်ရပါသည်။





"လာဗျာ ကိုဖော်ကြီး၊ ခင်ဗျားတို့ကို စောစောကတည်းက မျှော်နေတာ၊ ကျွန်တော် ခင်ဗျားနဲ့ အေးအေးဆေးဆေး စကားပြောရအောင်ဆိုပြီး ဆေးခန်းကိုတောင် မနေ့ကတည်း က အချိန်ပြောင်းပြီး ချိန်းထားလိုက်တာ"

"အေးဗျာ၊ ခင်ဗျားကို အားနာပါတယ်၊ ဒီက သားတော် မောင်ပေါ့၊ ဘယ်ကိုသွားသွား ဘယ်ကိုခေါ်ခေါ် ဘယ်တော့ မှ မလိုက်ဘူးလေ၊ ဒီတစ်ခါတော့ မလိုက်လို့ မရဘူးဆို ပြီး အတင်းကို ခေါ်နေရတာနဲ့ နောက်ကျသွားတာ"

မျိုးမျိုးဇံက လူကြီးတွေ ပြောဆိုနေသည်ကို ဂရုမ စား၊ မလှမ်းမကမ်းတွင် ရပ်၍နေပြီး သူ့ကို မသိမသာ ်တ်နေသော ကောင်မလေးကို ပုစွန်မျက်လုံးလို ပြူးထွက် ီး အားမနာ ပါးမနာ စိုက်၍ကြည့်နေပါသည်။ ဒါကိုသတိ ိုက်မိသော ဖခင်ဖြစ်သူ ဦးဖော်ထွန်းဇံ တစ်ယောက်ကောင် ၏ဖခင် ဦးကိုကို့ကို အားနာ၍ သွားပါသည်။

"ဟောက် ... ကြည့်လည်း တော်ရုံတန်ရုံ ကြည့်ပေါ့ ့တော့ ခေါ်တော့တစ်ထောင် အားမာန်ဆောင်ပြီး ပြူးတူး



www.burmeseclassic.com

www.burmeseclassic.com



ဦးထဲနဲ့ ကြည့်နေပုံက ခွေးသေကောင်ကို လင်းတဆွဲတော့မဲ့ အကြောင်းသလား၊ သင်းလုပ်ပုံက အဖေ့သိက္ခာ ဖြောင်းထဲဆွဲချသလို ဖါလား ငချိုးရာ”ဟု ဦးဇော်ထွန်းဖံက ကျိတ်၍ ဒေသထွက်နေပါသည်။

မျိုးမျိုးဖံကလည်း “အဖေရာ၊ အဖေတစ်ယောက်လုံး ဖြစ်နေပြီး ကိုယ့်အရင်းနှီးဆုံး သူငယ်ချင်းမှာ ဒီလောက် လှတပတ ရှိတဲ့ သမီးလေးတစ်ယောက် ရှိနေတာကို ဘာဖြစ်လို့ ခုမှအသိ ပေးရသလဲဗျာ၊ အဖေ ... အဖေ ... တော်တော် တာဝန်မကျေ တဲ့ အဖေပါလားဗျာ၊ ကျွန်တော့်ဘက်ကျတော့ ဝါသနာပါတာ မပါတာဘေးချိတ်၊ အဖေ ဖြစ်စေချင်တဲ့ အင်ဂျင်နီယာလိုင်းကို လိုက်ခဲ့ရတယ်ဗျာ၊ အဖေမကြိုက်တဲ့ ဆေးလိပ်၊ အရက်၊ ကွမ်း ဘာတစ်ခုမှ မထိတွေ့ခဲ့ဘူးဗျာ၊ မိန်းကလေးတွေကြားမှာ ဒီလောက် ဗိုးစွံဖြစ်နေတာတောင် ဘယ်မိန်းကလေးကိုမှ အီစကလီလေး တောင် မလုပ်ခဲ့ဘူးဗျာ၊ ကိုယ့်ဘက်က အဲဒီလောက် သားလိမ္မာ လေး လုပ်ခဲ့တာတောင် အဖေ့ဘက်ကျတော့ ငါ့သားလေးမှာ လှ သားဆန်တဲ့ အသည်းနှလုံးလေးတစ်ခု ပါလာတယ် ဆိုတာကို





ထားရက်တယ်၊ အဖေ မတရားဘူးဗျာ”ဟု မျိုးမျိုးဖံက အဖေ အပေါ် ပြစ်မှား၍ နေပါသည်။

“အင်း ... သားကလည်း ဟုတ်တော့ ဟုတ်တာပဲ၊ ကိုဇော် ကြီးမှာ အိမ်ကသမီးအရွယ် သားတစ်ယောက်ရှိတယ်ဆို တာ ကိုဇော်ကြီးက ပြော,ပြောနေလို့ အန်ကယ်တို့က သိ ထားတာပဲရှိတယ်၊ လူကိုတော့ ခုမှပဲ မြင်ဖူးတယ်၊ ကိုဇော် ကြီး သားက ကိုဇော်ကြီး ငယ်ငယ်ကထက် ချောတာပဲကိုး၊ အေးကွာ ... ဘာပဲဖြစ်ဖြစ် အန်ကယ်တို့ကိုလည်း ကိုယ့်ဆွေး သားရင်းချာလို သဘောထားပြီး ဝင်ထွက်သွားလာပါ။ မင်းအဖေကြီးနဲ့ အန်ကယ်က ငယ်သူငယ်ချင်းတွေ သားရဲ့ ကဲ ... တစ်လက်စတည်း မိတ်ဆက်ပေးရဦးမယ်၊ သမီး ရေ ... ဒီသားက သမီး အန်ကယ်ဇော်နဲ့ အန်တီဒေါ်တင် တင်မြိုင်တို့ရဲ့တစ်ဦးတည်းသောသားပဲ။ သားနာမည်က ...”

“မျိုးမျိုးဖံပါ အန်ကယ်”

“အဲ ... မျိုးမျိုးဖံတဲ့၊ ပိုင်အိုင်တီမှာ တတိယနှစ် တက်နေ တယ်လို့ ကြားတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် အန်ကယ်"

"အောဒီက သမီးက သက်ဦးကိုကိုတဲ့၊ ဆေး(၁)မှာ တတိယနှစ် တက်နေတာပေါ့ကွယ်၊ မှတ်ထားကြနော်၊ မင်းတို့ မောင်နှမတွေ နောက်တွေ့ရင်လည်း ခေါ်ကြ ပြောကြပေါ့"

"ဟုတ်ကဲ့ ခင်ဗျ"

ကောင်မလေးကတော့ ပါးစပ်မှ မဖြေဘဲ ခေါင်းကို သာညိတ်၍ ပြလိုက်ပါသည်။

"ကဲ ... ဧည့်ခန်းထဲကို သွားလိုက်ကြရအောင်"

လူကြီးတွေက ဧည့်ခန်းရှိရာသို့ ဦးတည်၍ အသွားတွင် သူကလည်း လူကြီးတွေနောက်သို့ လိုက်မည်အလုပ် အိမ်ရှေ့တွင် အလိပ်လိုက် ချထားသည့် ကော်ဇောလိပ်ကို ခလုတ်တိုက်လိုက်မိသဖြင့် လူက ဟပ်တိုး ဟပ်ထိုး ဖြစ်သွားပြီး ကော‌ဇောလိပ်၏အေးတွင် ချထားသည့် ထွေးခံကြီးကို ဆက်လက်၍ တိုက်မိလိုက်ပြန်ပါသည်။

ဤတွင် ကြွေရည်သုတ် ထွေးခံလုံးဝိုင်းဝိုင်းကြီးက တွန်းပါကောခင်းထားသည့် ကြမ်းပြင်ပေါ်တွင် ဂလုံ ဂလုံနှင့်





[illegible]ထံပေးခါ လိမ့်၍ထွက်သွားပြီးနောက် ဟိုးခပ်လှမ်းလှမ်းတွင် [illegible]၍နေသော သက်ဦးကိုကို ဆိုသည့် ကောင်မလေး၏ ခြေဖျား [illegible]နှင့် တိုက်မိသွားခါမှပင် ရပ်တန့်၍သွားပါလေတော့သည်။

ရုက်လိုက်သည့်ဖြစ်ခြင်း။ တစ်ကိုယ်လုံး ရှိန်းတိန်း [illegible]တိန်းနှင့် အပူလှိုင်းမိသူလို ဇောချွေးများပြန်ကာ နားထင်နား [illegible]များလည်း ပူလောင်၍ သွားပါသည်။ ရှေ့မှသွားနေသူများ [illegible]သည်း ဂလုံ ဂလွမ် အသံကြီးကြောင့် ခြေလှမ်းများကိုရပ်ခါ [illegible]ဘက်သို့ လှည့်ကြည့်လိုက်ကြပါသည်။

ပြီးတော့မှ အဖြစ်မှန်ကို သိသွားကြပြီး မျက်နှာများ [illegible]ပြုံးစိစိနှင့် ဧည့်ခန်းထဲသို့ ဝင်သွားကြပါသည်။ အမေဖြစ်သူ [illegible]ခင်တင်မြိုင်တော့ မပြောတတ်၊ အဖေဖြစ်သည့် ဦးဇော်ထွန်းဖဲ [illegible] လူရှေ့ သူရှေ့တွင် ဖိုးသင်းမျောက် လုပ်လိုက်သော [illegible]ဖြစ်သူအတွက် အားတုံ့အားနာ ဖြစ်၍သွားရပါသည်။ မိန်း[illegible]တစ်ယောက်၏ရှေ့တွင် ဒီလိုမျိုး ဣန္ဒြေမရှိ သိက္ခာမရှိ [illegible]နှင့် ဖြစ်ရပါမည်လားဟုလည်း သားဖြစ်သူကို နား[illegible]လိုက်ချင်စိတ် ပေါက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တာယက်ရှင်ဖြစ်သည့် မျိုးမျိုးခံ ခမျာ သူတို့နောက် [illegible] ဆက်၍လိုက်သွားရမည်လား၊ ဒါမှမဟုတ် နောက်ကြောင်းပြန်လှည့်၍ ပြေးရမည်လား ဘာလုပ်ရမည်မှန်း မသိတော့ပါ။

"အဟဲ"

သူက ကောင်မလေးကို ကြည့်ခါ ခပ်ကြောင်ကြောင် အမူအရာနှင့် သွားကြီးအဖြီးသားလုပ်ခါ ရယ်ပြလိုက်ပါသည်။ ကောင်မလေးက သူမ၏ နီနီဖူးဖူး နှုတ်ခမ်းလေးအစုံကို လက်နှင့်အုပ်ခါ တခစ်ခစ်နှင့် ရယ်မော၍ နေပါသည်။

"အဟီး ... တော်သေးတယ်နော်၊ အထဲမှာ ကွမ်းတံတွေးတွေ ဘာတွေ ရှိနေရင် ကြမ်းတွေပေကုန်မှာ သိလား"

"ပေကုန်တော့လည်း သုတ်ပစ်ရင် ရပါတယ်ရှင်၊ ကိစ္စမရှိပါဘူး"

သည်လိုနှင့်ပင် ထမင်းစားသောက် ပြီးစီးပြီး ဧည့်ခန်းထဲသို့ပြန်ခါ ဝိုင်းဖွဲ့စကားပြောဖြစ်ကြပြန်သည်။

"ကဲ သား ... ဒီမှာ ထိုင်နေရတာ ပျင်းရင် ပန်းခြံထဲကို လျှောက်ကြည့်ပါလား၊ ဒါပေမဲ့နော်၊ အဲဒီပန်းခြံလေးကို





ကြိုက်လွန်းလို့ ဆိုပြီး အဖေကို မပူဆာဖို့တော့ ကြိုပြောထားမယ်၊ အဖေ့မှာ အဲဒီလောက် အကုန်အကျခံပြီး လုပ်ပေးနိုင်လောက်အောင် ပိုက်ဆံမရှိဘူး"

သူ့အဖေ၏ စကားကြောင့် မျိုးမျိုးခံ နည်းနည်းပါးပါး ရှက်သွားရပါသည်။ တကယ်တော့ ဦးကိုကိုတို့လောက် ချမ်းသာတောင်မှ မနီးရီးစွဲလောက် ရှိသည့်ဟာကို ကိုယ့်ကိုယ်ကိုယ် နှိမ်ချ၍ ပြောလိုက်ပါသည်။ အဖေကတော့ သူငယ်ချင်းမို့ ခုလိုမျိုး အမြှေးခါးမကျန် လျှောက်ပြောနေတာ ကိစ္စမရှိ၊ သားသမီးအတွက်ကတော့ သိက္ခာကျတာပေါ့နော်၊ မတော် သက်ဦးကိုကို ဆိုသည့် ကောင်မလေးက သူ့အပေါ် အထင်သေးသွားလျှင် ဘယ်လိုလုပ်ပါမည်နည်း။

မသကာ ပန်းခြံထဲတွင် လိပ်သည်းကျောက်၊ စကျင်ကျောက်၊ လှိုင်ကော်ကျောက်၊ အင်ကြင်းကျောက်များကို အသုံးပြုခါ ရေတံခွန် လုပ်ထားမည်။ ပြီးတော့ ရေကန်လေး လုပ်ထားမည်။ အဲဒီအပေါ်မှာ ပေါင်းကူးတံတား ခုံးခုံးလေး ဆောက်ထားမည်။ ရေကန်ထဲတွင် ကြာပန်းအသေးစားလေးတွေ စိုက်ထားမည်။

www.burmeseclassic.com



ဒီပဲတော့၊ အမေ့လက်ရာက ဒါပဲပေါ့။ ပြီးတော့ ဟိုနေရာ သည်နေရာတွင် နားခိုစရာ ပေါင်းမိုးလေးတွေနှင့် စက္ကူပန်း ခွာညိုပန်း ခိုင်မွှေးပါပန်းရုံတွေကို စိုက်ထားပြီး အဲဒီအောက်မှာ တာရာဆို ကျောက်ရောင်စုံများဖြင့် ပင်ထိုင်ခုံလေးများ လုပ်ထားမည်။

ဒါလေးများတော့ တကူးတကသွား၍ မကြည့်ပါတော့။ အကယ်၍သာ သက်ဦးကိုကို ဆိုသည့် ကောင်မလေးက သူတို့အနားတွင် ရှိနေပြီး၊ "ကဲ သမီးရေ ... ဟောဒီက မျိုးမျိုးဖဲကို ပန်းခြံထဲ လိုက်ပြလိုက်ပါကွယ်"ဟုသာ ပြောဆိုပါက ခုလို အလုအယက်လေးတွေ ရှိမနေပါနဲ့၊ သူတို့အစား ခွေးချေးပုံ၊ နွားချေးပုံ၊ ကျွဲချေးပုံတွေ၊ မြက်ပင်တွေ၊ ချုံပင်နွယ်ပင်နှင့် အမှိုက်သရိုက်တွေပဲ ရှိစေဦးတော့ သူက ဝမ်းပန်းတသာ လိုက်၍ကြည့်မိမည် ဖြစ်ပါသည်။

ခုတော့ သက်ဦးကိုကိုက ဘယ်ဆီရောက်နေသည် မသိပါ။

မိုးချုပ်၍ အိမ်ကို ပြန်ကြတော့မည် ဆိုခါမှပင် ကောင်မလေးက သူ့မိဘများနှင့်အတူ ဧည့်သည်များကိုထွက်၍





နှုတ်ဆက်လိုက်ပါသည်။ သည်အခါကျပြန်တော့လည်း မျိုးမျိုးဖဲက အလာမှာတုန်းကလိုပင် မိန်းကလေးဘက်က မိဘတွေကိုပင် ဂရုမထားနိုင်ဘဲ သက်ဦးကိုကို့ကို ပြုံးတုံးပြုံးတဲ စူးစူးရဲရဲ ကြည့်နေသည့်အတွက် အဖေဖြစ်သူ ဦးဇော်ထွန်းဖဲ ခမျာ ဦးကိုကိုနှင့် ဒေါ်ခင်ခင်ဦးတို့ကို စကားတွေ လှိုင်းထနေအောင် ပြောဆိုရင်း သားဖြစ်သူ၏လက်ကိုဆွဲကာ ထွက်လာခဲ့ရပါသည်။

"နည်းနည်းပါးပါးတော့ ဣန္ဒြေလေးများ ဆောင်ပါဦးတော့လား မျိုးမျိုးရာ"

လမ်းမှာတုန်းကတော့ ကားမောင်းနေစဉ် တစ်ခုခု ဖြစ်မှာစိုးသည့်အတွက် ဘာမှမပြောဘဲ အိမ်ရောက်သည့်အခါမှာတော့ ဦးဇော်ထွန်းဖဲက သားဖြစ်သူကို ပြောလိုက်ပါသည်။

"ကျွန်တော်က ဘာဖြစ်နေလို့လဲ ဖေကြီးရ"

"ဟ ... မင်းကိုယ်မင်း မသိဘူးလား၊ ဦးကိုကို့ သမီးကို စလည်း မြင်လိုက်ရော မင်း မျက်လုံးတွေက ပုစွန်လုံး မျက်လုံးလို ပြူးပြီထွက်လာပြီး ကောင်မလေးကို ဝင်းဝင်း တောက်နေတဲ့ မျက်လုံးတွေနဲ့ ကြည့်နေတာလေကွာ၊ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ခါနီး ဟိုက ထွက်နှုတ်ဆက်တော့လည်း ဒီအတိုင်းပဲ။ ငါ
မှာ ဦးကိုကိုတို့ ဒေါ်ခင်ခင်ဦးတို့ ရိပ်မိမှာစိုးလို့ စကားရှေ
ဖောင်လှောင်အောင်ပြောရင်း မင်းဘက်ကို အာရုံမရော
အောင် မနည်းကြီးကို လုပ်နေရတယ်"

"ဒီလောက်လည်း မဟုတ်ပါဘူး ဖေကြီးရ"

"ဘာ ဒီလောက် မဟုတ်ရမှာလဲ၊ ချီး ... မိန်းမ မမြင်ဘူး
တဲ့ အရပ်က လာသလား မှတ်ရတယ်၊ လှလို့ကြည့်လည်
ကြည့်ပေါ့ သားရာ၊ ခု မင်းဟာက စပါးကြီးမြွေက ချေ
ပေါက်ကလေးကို မျိုတော့မဲ့အတိုင်းပဲ၊ ဟွန်း ... ပြောတော
ဖြင့် လူမိုက်အလုပ်မျိုးကို ဘယ်တော့မှ မလုပ်ဘူးတ
မင်းကို ကြည့်ရတာ ပခုံးပေါ် တင်ထမ်းမဲ့ရုပ်မျိုး ပေါ
နေတယ်၊ မင်းအစား ငါတောင် ရှက်လာတယ် ငမျိုးရာ"

"ဖေကြီးကလည်းဗျာ၊ သားအဖချင်း စွတ်ပြီးနိပ်ကွပ်
တော့တာပဲ၊ ဖေကြီး ပြောသလောက်ကြီးလည်း မဟုတ်
ဘူး၊ ခုမှတွေ့ဖူးလို့ နည်းနည်းပါးပါး စူးစမ်းလေ့လာကြ
တဲ့ သဘောပါ၊ ဒီထက်မပိုပါဘူး၊ အဲ ... အတွေ့အ





မရှိတဲ့အတွက် ဟန်မဆောင်တတ်တဲ့အတွက် နည်းနည်းပါးပါး အိုဗာဖြစ်တာလေးမျိုးတော့ ရှိကောင်း ရှိမှာပေါ့ ဖေကြီးရာ"

"မင်းဥစ္စာကွ အို ... အိုဗာလွန်းပါတယ်ကွာ"

"ဖေကြီး"

"ဟင်"

"ဟိုလေ ... အဲဒီအိမ်မှာ သား ထွေးခံကြီးကို ခလုတ်တိုက်မိတာ တော်တော်များ ရှက်စရာ ကောင်းသွားလားဟင်"

"အင်း ... အဖေလည်း ဘယ်လိုပြောရမယ်မှန်းတောင် မသိပါဘူး သားရယ်"

"တစ်ခုခုတော့ပြော အဖေရာ၊ တကယ်လို့ ကျွန်တော့်နေရာမှာ အဖေသာဆိုရင် ရှက်မှာလားဟင်"

"ဟာ ... ကျိန်းသေ ရှက်မိမှာပေါ့"

"အဖေ တကယ်ပြောတာလားဟင်"

မျိုးမျိုးဖုံက ဖခင်ဖြစ်သူကို မျက်နှာငယ်လေးနှင့် မေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အတင်း ဟင်း ... အလကား စတာပါ သားရာ၊ ဒီ
အဆီအငေါ် အပေါက်အလမ်း မတည့်တဲ့ ကိစ္စမျိုးတွေ
တာ လူတိုင်းဖြစ်တတ်တာချည်းပါပဲ၊ ဆိုပါစို့ကွာ၊ မိန်း
လေးတစ်ယောက်ရှေ့မှာ ပုဆိုးကျွတ်ကျတာမျိုး၊ အ
မထင် လေလည်သွားမိတာမျိုး၊ ကိုယ့်မှာ ပွေးရှိနေတာ
ကိုယ်ကြွေနေတဲ့ မိန်းကလေးရှေ့ ရောက်ခါမှ ခေါ
တစ်ယောက်ယောက်က ဟော့ကောင် ပွေးထူလို့ အခေါ်
လိုက်ရတာမျိုးတွေပေါ့၊ အဲ ... ခု သားအဖြစ်က
ကောင်မလေးရှေ့မှာ နမော်နမဲ့ဖြစ်ပြီး ကော်ဇောလိပ်
ခလုတ်တိုက်၊ နောက် ထွေးခံကို ဆက်တိုက်မိ၊ ထွေးခံ
ဂလုံ ဂလုံ မြည်ပြီး လိမ့်ထွက်သွား၊ ကောင်မလေး
ထောက်နဲ့ ထိပြီးတော့မှ ထွေးခံကြီးက ရပ်သွား၊ အဲဒီအဖြ
ကို အဖေအပါအဝင် ကောင်မလေး အိမ်သားတွေက
ဆိုတော့ကာ၊ အင်း ... နည်းနည်းပါးပါး အရှက်ကွဲ
တော့ ဖြစ်ချင် ဖြစ်သွားမှာပေါ့ကွယ်"





"အဖေ တကယ်ပြောတာလားဟင်၊ အဖေ မကောင်းဘူး
ဗျာ၊ တကယ်ဆို အဖေတစ်ယောက် အနေနဲ့ ကိုယ့်သား
ကိုယ် အားပေးစကား ပြောပေးသင့်တာပေါ့"

"ဟ ... ငါက ဘယ်လိုအားပေးရမှာလဲ သားရဲ့"

"ပြောစရာစကား အများကြီး ရှိတာပဲ အဖေရ၊ ဥပမာ
အဖေရယ်၊ ဟာ ... ဒါရှက်စရာ မဟုတ်ပါဘူး သားရယ်၊
လူတိုင်း ဖြစ်တတ်ကြတဲ့ ကိစ္စပဲ၊ အဖေဆိုရင် ဒါမျိုးခဏ
ခဏ ဖြစ်ဖူးတာပဲ"

"ဟင့်အင်း ... မဖြစ်ဖူးပါဘူး"

"အင်းလေ ... မဖြစ်ဘူးပေမဲ့ ကိုယ့်သားကို အားပေးတဲ့
အနေနဲ့ မကြာခဏ ဖြစ်ဖူးသည့်အလား လိမ်ညာပြီး ပြော
ပေးရမှာပေါ့၊ ကေ့ ဒီ အဖေက သားစိတ်ချမ်းသာသွားမှာကို
အတော် စိုးရိမ်နေပုံရတယ်"

"ဟော့ကောင် ငမျိုး၊ မင်းစကားက သစ်ငုတ်တိုကို မိုးကြိုး
ပစ်တာနဲ့ ပုတ်သင်က အဆစ်ပါ ဖြစ်နေပါလား၊ မင်း
ဘာသာမင်း မှန်ပြီးဖြစ်တဲ့ကိစ္စ၊ အဖေကို ဘာလို့လာပြီး



www.burmeseclassic.com

www.burmeseclassic.com



အငြိုးစိတ်တင်နေရတာတုန်း၊ အစိက,က အဲဒီအဖြစ်အပျက်
မင်းစိတ်ထဲမှာ မထားရင် ပြီးသွားတာပဲ၊ ဘယ်သူကမှ
မင်းကို တအုံ့တနွေးနွေး အဲဒါကြီးကို စဉ်းစားမနေ
နေစမ်းပါဦး ... မင်း အဲဒီလောက် ဖြစ်နေပုံထောက်
မင်း ဦးကိုကို သမီးကို သဘောကျနေလို့လား"

"ဟုတ်တယ် အဖေ၊ သား ... သူ့ကို မြင်မြင်ချင်း"

"တော် ... တော် ငမျိုး၊ မင်း ခုမှ တစ်ကြိမ်တစ်ခါပဲ
ဖူး တွေ့ဖူးတဲ့ မိန်းကလေးကို ဒီလောက်ကြီး အသည်း
အသန်ကြီး ဖြစ်နေရသတဲ့လား၊ မင်း မရှက်ဘူးလား"

"ဟင့်အင်း ... မရှက်ပါဘူး၊ ဒါ ရှက်စရာမှ မဟုတ်တာ
ရိုးသားပွင့်လင်းတာလေ အဖေရဲ့ ကိုယ်သဘောကျ
ကျတာယ်ပဲပေါ့၊ ဘာလို့ အိအကျိုကျတွေနဲ့ ကွေ့ဝိုက်ပြီး
ရှည်နေရမှာလဲလို့၊ အဖေကော အမေ့ကို မြင်မြင်ချင်း
သဘောကျလို့ အမေ့ဘက်က ဘာမှန်း ညာမှန်းမသိသေး
ဘဲနဲ့ လူကြီးတွေကတစ်ဆင့် အတင်း ကြောင်းလမ်းခဲ့တာ
ဆို"





"ဟော့ကောင် ... မင်းပြောသလောက်တော့ တရမန်းကြမ်း
လုပ်တာ မဟုတ်ဘူး၊ သူနဲ့ ငါ တွေ့ပြီး၊ အဲ ... တစ်ယောက်
နဲ့တစ်ယောက် မျက်လုံးချင်း စကားပြောပြီးကြပြီး ကျိန်း
သေလောက်မှ လူကြီးတွေကို အကူအညီ တောင်းခဲ့တာ
ကွ"

"အဲဒီလို မျက်လုံးချင်း စကားပြောကြတယ်ဆိုတာ အချိန်
ကာလ ဘယ်လောက်ကြာလဲ"

"တစ်နှစ်နဲ့ သုံးလ"

"အဖေ့ဥစ္စာက ဘာမှလဲ ဖွင့်မပြောဘဲနဲ့ လျှောတိုက်ပြန်သံ
ပေး၊ ခြေအေးဝမ်းရောင် ချွေးယောင် ပြန်ပြေးပဲ လုပ်နေပုံ
ရတယ်၊ တော်တော် ညံ့တာပဲကိုး"

"ငါလား ညံ့မှာ၊ ဒီမှာ ငမျိုး၊ မိဘနဲ့ သားသမီးမို့ နည်း
နည်းချိုပြီး ပြောနေတာ၊ တကယ်တော့ သူ့ကို ငါ လူချင်း
ရှုက်နှာချင်းဆိုင်တွေ့ပြီး သူ့မေတ္တာကို တောင်းခံခဲ့တာကွ၊
မင်း ငါ့ကို ပေါ့သေးသေး မမှတ်နဲ့"

"အဲဒီတော့ အမေက ဘာပြန်ပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဘာပြန်ပြောရမှာလဲ၊ အိုကေပဲပေါ့"

"အမေက ဒီလောက်ကြီးတော့ လွယ်မဲ့ပုံ မဟုတ်ပါ
အမေရာ"

"ဒီမှာ ကိုဇော်၊ ကလေးကို ဘာတွေ မဟုတ်ကဟုတ်
လျှောက်ပြောနေတာလဲ"

ဒေါ်တင်တင်မြိုင်က အိမ်ခန်းထဲမှ အဝတ်အစား
ကာ ထွက်လာရင်းမှ ပြောလိုက်ပါသည်။

"ဒီမှာ ... မင်းသားက ကိုယ့်မာနကို ထိုးဆွနေလို့
ဒီကောင်က ကိုယ့်ကို သူ့လို ရှူးကြောင် မူးကြောင်
နေလား မသိဘူး"

"မေမေ"

"ဘာလဲ သား"

"ဖေကြီးက ရည်းစားစကား တစ်ခါပဲ ပြောရုံနဲ့ မေကြီး
လက်ခံလိုက်တာလားဟင်"

"အို ... ဘယ်ကသာ၊ သူက အဲလိုပဲ ပြောလား"

"အင်း ... အဲဒီသဘောမျိုးပဲ မေမေ"





"အလကား သား၊ တစ်နှစ်ပတ်လုံး မေမေတို့ အိမ်ရှေ့ကို
ချောင်းပေါက်အောင်လာ၊ တက္ကသိုလ်မှာ တက်နေတော့
လည်း ကျောင်းခန်းရှေ့မှာ အချိန်ပြည့် ရစ်သီ ရစ်သီ လုပ်
နေလို့ နောက်ဆုံးမှာ မနည်းကြီးကို တောင်းပန်ပြီး အပြန်
ခိုင်းရတာ သားရဲ့ ...

"အဲဒီလိုနဲ့ တစ်နှစ်ကျော်ကျော် ကြာလာတော့
မေမေလည်း သူ့ကို သနားသွားတယ်လေ၊ ဝဝတီက
မင်းကုသကို ဖွဲ့ဆုပေးသလိုမျိုး နောက်ဆုံးတော့ မေမေ
လည်း သူ့ကို ဖွဲ့ဆုပေးတဲ့ အနေနဲ့ လက်ခံလိုက်တာ၊ အဲဒီ
လို လက်ခံလိုက်လို့ ရက်ဖိုင်းပဲ ရှိသေးတယ်၊ ကိုယ်တော်
က မိဘတွေကို ခေါ်လာပြီး နားဖောက်တော့တာပဲ ...

"လူကြီးချင်းတွေကလည်း ရင်းနှီးနေကြတာက တစ်
ကြောင်း၊ သားအဖေကလည်း အိမ်က လက်ခံနိုင်တဲ့
အရည်အချင်းတွေ ရှိနေတာက တစ်ကြောင်း၊ အားလုံး
အဆင်ပြေပြေ ဖြစ်သွားကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ပြော် _ အဖေ ... အဖေ၊ အချင်းချင်းတွေကို မင်္ဂလာ ယှဉ်ကြီး ကြေသေးတယ်၊ အဖေ့တုန်းကလည်း ခု ကျွန်တော့် လိုပဲ မဟုတ်လား၊ ကျွန်တော် ခုလိုဖြစ်နေတာ တကယ် တော့ အဖေ့သွေးပါလို့ပဲ၊ အဲဒါကို အဖေ လက်ခံလား"

"လက်ခံတာပေါ့၊ ဟာ ... ဘာလို့ လက်ခံရမှာလဲ၊ မင်းနဲ့ ငါနဲ့ ပုံစံချင်းက မတူဘူးလေ၊ ငါက နှစ်နဲ့ချီပြီး တွေ့ဆုံ ကြိုးစားခဲ့တာ၊ မင်းက ခုမှ မြင်မြင်ချင်း နန့်နန့်တက် ဖြစ် နေတာ"

"ဒါကတော့ ဖေကြီးရာ ဖေကြီးတို့ မေကြီးတို့ ခေတ်နဲ့ ခု သားတို့ခေတ်က ဆယ်စုနှစ် နှစ်စုလောက် ပြောင်းလာ ခဲ့ပြီဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့၊ ဟုတ်ဖူးလား၊ ဒီမှာ ဖေကြီး၊ သားက ငယ်ငယ်ကတည်းက မလိမ်ညာ တတ်တာ ဖေကြီး အသိနော်၊ အဲဒီလို မလိမ်မညာတတ် အောင် ဖေကြီးနဲ့ မေကြီးတို့ကပဲ သင်ပေးခဲ့တာ မဟုတ် လား၊ ငယ်ငယ်ကတည်းက သားစာမေးပွဲ မဖြေနိုင်ရင် မဖြေနိုင်ဘူးပဲ၊ ကျောင်းမှာ ဆော့လို့ ကမြင်းလို့ ဆိုးလို့





ဆရာတွေက ရိုက်ရင်လည်း အိမ်ကျ ပြန်ပြောတာပဲ၊ ဘာ ပဲလုပ်ခဲ့လုပ်ခဲ့ သားလုပ်တဲ့ အလုပ်နဲ့ ပတ်သက်လို့ မေး လာခဲ့ရင် အမှန်အတိုင်း ပြောတတ်တာ ဖေကြီး အသိပါ ...

"ခုလည်း အန်ကယ်ဦးကိုကိုရဲ့ သမီး သက်ဦးကိုကို ကို သား မြင်မြင်ချင်း သဘောကျသွားတယ်၊ အဲဒီအတွက် ဖေကြီးကို ဖွင့်ပြောတယ်ဗျာ၊ အဲဒါ သားဘာတိက မှားသွား လား"

"မှားတော့ မမှားဘူးပေါ့ကွာ၊ ဒါပေမဲ့ အဲဒီလောက် မြန် ဆန်တာမျိုးကြီးကျတော့ မင်း တဒင်္ဂ စိတ်လှုပ်ရှားတာလား စိတ်ရူးပေါက်တာလားဆိုပြီး အဖေက သံသယဖြစ်မိတာ ပေါ့၊ မင်းဉစ္စာက မိန်းမကို မမြင်ဘူးတဲ့ကောင်လို တစ်ခါ တွေ့ တစ်ခါကြိုက် ဖြစ်နေတာကြီးကတော့ သရုပ်ပျက်လှ ပါတယ်ကွာ၊ ဖြစ်သင့်တာက ဦးကိုကိုရဲ့သမီးလေးကို မြင်ပြီး စွဲစွဲလမ်းလမ်း တမ်းတမ်းတတ တပ်မက်ပိန် တလိမ် လိမ်နဲ့ ရက်ရှည်လများ ဖြစ်နေရမှာ၊ အဲ ... နောက်ပြီး တော့ အဲဒီကောင်မလေးနဲ့ နီးစပ်ဖို့ ကြိုးစား၊ အဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com



ရင်လည်းပြော၊ မပြောရင်လည်း ဖီလင်တွေတက်၊ ဒီလိုနဲ့ စိတ်တွေက ရိုပ်မိ၊ ဖွင့်မေး၊ ဒီတော့မှ ခု မင်းပြောတဲ့ စကားမျိုးတွေကို ဖေဖေတို့ကို ပြောရမှာ သားရဲ့"

"ဪ ... ဘာလို့များ ဒီလောက်ကြီး ဒုက္ခခံချင်ရမှာလဲ ဖေကြီးရဲ့ ချစ်ရင် ချစ်တယ်၊ မချစ်ရင် မချစ်ဘူး ပေါ်ပေါ် ပဲပေါ့"

"အေးပေါ့ကွာ၊ သားဘက်က ကြည့်ရင်လည်း သားမှန်ပါ တယ်။ သားတို့ခေတ်မှာ အချစ်နဲ့ပတ်သက်လို့ နှလုံးသား ခံစားချက်ဆိုတာ ပျောက်သွားပြီ သား၊ အားလုံးဟာ ရှိဘော့စက်ရုပ် ဆန်ကုန်ပြီ၊ အလုပ်သဘောဆန်ကုန်ပြီ အပေးအယူတွေ အရှုံးအမြတ်တွေနဲ့ တွက်ချက်ပြီး ချစ်ကုန် ကြပြီလေ၊ ဘာပဲဖြစ်ဖြစ်ကွာ မင်းဘက်က ဒီလောက်ကြီး ဆန္ဒရှိနေမှတော့ မင်း သက်ဦးကိုကို့ကို ရနိုင်ပါတယ်"

"ဘာပြောတယ် အဖေ၊ ရနိုင်ပါတယ်၊ ဟုတ်လား၊ ရနိုင် တယ်ဆိုတော့ တစ်ဖက်က ကြည့်ရင် မရနိုင်ဘူးဆိုတဲ့ သဘောလည်း ပါနေတယ် မဟုတ်လားဟင်"





"ဒါကတော့ သားရယ်၊ လောကကြီးမှာ ဘယ်အရာကိုမှ ပုံသေကားချ တွက်ထားလို့မှ မရတာ"

"အို ... သက်ဦးကို သားမရရင် အဖေညံ့လို့ပဲ"

"ဘုရားရေ ... ဘယ်လို၊ မင်းကောင်မလေးကို မင်းမရရင် မင်းညံ့လို့ပေါ့ကွ၊ အဖေနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ အဖေရ၊ သိပ်ကို ဆိုင်တာပေါ့၊ အဖေနဲ့ အန်ကယ်ဦးကိုကိုနဲ့ အရမ်းရင်းနှီးတယ်လေ၊ အဲဒီတော့ ကိုယ့်ရဲ့တစ်ဦးတည်းသော သားလေးအတွက် အဖေက မွေးသဖခင် ကျေးဇူးရှင် တစ်ယောက်အနေနဲ့ ဒီလောက် တော့ ဖန်တီးစွမ်းဆောင်ပေးနိုင်ရမှာပေါ့၊ ဒါပဲနော်၊ သက်ဦး နဲ့ သားနဲ့ အဆင်မပြေရင်တော့ အဖေ ညံ့လို့ပဲ"

"ကဲ ... ထားလိုက်ပါတော့ကွာ၊ မင်း ကောင်မလေးမှာ မင်းအရင် ရည်းစားရှိနေရင်ကော"

"ဖွဟဲ့၊ လွဲပါစေ ဖယ်ပါစေ၊ နမိတ်မရှိ နမာမရှိ ကျက် သရေမရှိတဲ့ စကားတွေကို မပြောပါနဲ့ ဖေကြီးရာ၊ သား အဲဒီစကားကို မကြားနိုင်ဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်ပေါ့ သားရာ၊ မင်းအနေနဲ့ အကောင်းဆုံးကိုလည်း မျှော်လင့်ထားသလို အဆိုးဆုံးအတွက်လည်း ပြင်ဆင်ထားဖို့ လိုတာပေါ့၊ တော်ကြာ ကိုယ်ရည်ရွယ်ထားသလို ဖြစ်မလာရင် ဟတ်ကော့ကြီး ဖြစ်သွားမယ်နော်"

"ဟုတ်တော့လည်း ဟုတ်ပါတယ်၊ ဒီလောက်လှတဲ့ သက်ဦးမှာ ဖေကြီးပြောသလို ရည်းစားရှိချင်လည်း ရှိနိုင်မှာပေါ့ ဖေကြီး"

"ပြောတတ်ပါဘူးကွာ"

"သက်ဦးကိုသာ လက်လွှတ်ဆုံးရှုံးရမယ် ဆိုရင်တော့ ကိုယ့်ကိုယ်ကိုယ် သတ်ကိုသေပစ်လိုက်မှာပဲ"

"သေ ... သေ ... မင်းဟာမင်း ဆယ်ခါပြန် သေလိုက်၊ ဘယ့်နှယ်ဗျာ၊ တစ်ခါတည်း မြင်ရုံနဲ့ အရူးအမူးဖြစ်ပြီး မရရင် ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်မယ်ဆိုတဲ့ကောင်ရဲ့ အသုဘကို ရွံလွန်းလို့ လိုက်ပို့မဲ့သူတောင် ရှိမှာမဟုတ်ဘူး"





သူ့အမေပြောသည့်စကားကလည်း မှန်ကန်နေသည်မို့ မျိုးမျိုးဇံ ခများ မျက်နှာငယ်လေးနှင့် ငြိမ်သက်၍ သွားပါသည်။ ဒီလိုဆိုပြန်တော့လည်း ဦးဖော်ထွန်းဇံက သားဖြစ်သူကို သနား၍ သွားပြန်ပါသည်။

"သား"

မျိုးမျိုးဇံက ပြန်၍မထူးဘဲ အဖေကိုသာ ကြည့်၍နေပါသည်။

"မင်း စိတ်ညစ်သွားလား၊ ဘာမှစိတ်မာတ်မကျပါနဲ့ သားရာ၊ ငါ့သားမှာ အရည်အချင်းကောင်းတွေ အများကြီးရှိပါတယ်၊ ရုပ်ရည်ဆိုရင်လည်း ဘာမှ ပြောစရာမရှိဘူး၊ အားကစား ဆိုရင်လည်း တင်းနစ်ပြိုင်ပွဲ လူသစ်တန်းချန်ပီယံ ဆုရခဲ့ဖူးတဲ့သူ၊ ပညာဆိုရင်လည်း အချိန်တန်ရင် သူများ တကာထက် အောက်မကျမဲ့ ဘွဲ့တစ်ခုကို ရတော့မဲ့လူ၊ မိဘဆွေမျိုး အသိုင်းအဝိုင်းရဲ့ အခြေအနေကလည်း ကြွယ်ပိုးကြွယ်ဝ တောင့်တောင့်တင်းတင်း ပြည့်ပြည့်စုံစုံ ရှိတယ် ဆိုတော့ သားအတွက် အရာရာဟာ ပစ်စလက်ခတ်တော့ မဖြစ်နိုင်ကောင်းပါဘူး ကိုမျိုးရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်ပြန်ပြီ အဖေရာ၊ အဲဖေ့စကားတွေကလည်း အနှောင့်အသွားကို မလွတ်ဘူး၊ ပစ်စလက်ခတ် မဖြစ်ဘူးဆိုရင်လည်း မဖြစ်ဘူးပေါ့။ ခုတော့ မဖြစ်နိုင်ကောင်းပါဘူးတဲ့၊ ဒီ မဖြစ်နိုင်ကောင်းပါဘူး ဆိုတဲ့ အသုံးအနှုန်းကြီးသာ မပါခဲ့ရင် ဘယ်လောက် ကောင်းလိုက်မလဲလို့"

"မင်းဟာလေ ... စကားလုံးတွေကို ခွဲခြမ်းစိတ်ဖြာ အထအနကောက်ပြီး ပစိပစပ် ပြောလို့ကို မဆုံးတော့ဘူး။ ဒီမှာ သား၊ မင်း သက်ဦးကိုကို့ကို တကယ်သဘောကျတယ်နော်၊ သေချာတယ်နော်"

"ဆယ်ခါပြန် သေချာတယ် ဖေဖေ"

"အေး ... ဒါဆိုရင် မင်းဆန္ဒတွေလည်း ပြည့်မှာသေချာတယ်"

"တ ... တကယ်လား ဖေဖေ"

"တကယ်ပေါ့ကွာ၊ မင်းကတော့ အဖေပြောတာကို အယုံအကြည် ရှိချင်မှ ရှိမယ်၊ ဒါပေမဲ့ အဖေ့အယူအဆနဲ့ တွေ့ခဲ့ကြုံခဲ့ ကြားခဲ့ဖူးတဲ့ အဖြစ်အပျက် တစ်ခုနဲ့ ဆက်နွှယ်ပြီး





ပြောရမယ်ဆိုရင် မင်းနဲ့ ဟိုသူငယ်မလေးဟာ ဖူးစာဆုံရမယ်လို့ အဖေ ပြောရဲတယ် သား"

"ဟုတ်မှလည်း လုပ်ပါ အဖေရာ၊ အဖေက ဘာဖြစ်လို့ အဲလို အသေအချာကြီး ပြောနိုင်ရတာလဲဟင်"

"ကဲ ... ဒါဆို နားထောင်၊ အဖေ ပြောပြမယ်၊ အဖေ့အဘိုးက ဦးရွှေမောင်၊ အဖေ့အဘွားက ဒေါ်မြခြယ် ဆိုတာ မင်းသိတယ်နော်"

"ဟုတ်ကဲ့"

"အေး ... သူတို့ အပျိုလူပျို ဘဝတုန်းက အဖြစ်အပျက်ပေါ့၊ သူတို့နှစ်ယောက် အိမ်ထောင်ကျသွားတာ ခု မင်းနဲ့ သက်ဦးကိုကိုတို့ ဆုံစည်းခဲ့ပုံမျိုးကြောင့်ပဲ သားရဲ့"

"ဗျာ ... ဘယ်လို ဘယ်လို အဖေ"

"အဟင်း ဟင်း၊ မင်း သက်ဦးကိုကိုတို့ အိမ်မှာ ထွေးခံကြီးကို ခလုတ်တိုက်မိတယ် မဟုတ်လား၊ အဲဒီလိုပဲပေါ့"

"ဟင် ... ဒါဆို အဘိုးကလည်း အဘွားတို့အိမ်မှာ သားလိုပဲ ထွေးခံကြီးကို ခလုတ်တိုက်ခဲ့တာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



“ထွေးခံ မဟုတ်ဘူးကွ၊ လှည်းဘီးကျွတ်တာ”

“ဗျာ”

အဆက်အစပ် မရှိသော သူ့အဖေစကားကြောင့် မျိုးမျိုးခံ အံ့ဩ၍ သွားပါသည်။

“ဒီလိုကွ သားရဲ့ အဲဒီအချိန်တုန်းက တောမှာဆိုတော့ကျွာ တစ်ရွာနဲ့တစ်ရွာ သွားကြလာကြရင် ပိုက်ဆံတတ်နိုင်တဲ့ လူများကတော့ ခြောက်စဆောင်လှည်းယဉ်လေးနဲ့ သွားကြ လာကြတာပေါ့၊ အဲ ... တစ်နေ့တော့ ကိုအဘိုးက တခြား ရွာက အလှူတစ်ခုကို အသွား၊ အဲဒီရွာက အိမ်ကြီးတစ် အိမ်ရှေ့ အရောက်မှာ လှည်းဘီးက ကျွတ်သွားပါလေရော အဘိုးလည်း လှည်းပေါ်ကနေ ကပျာကရာ ခုန်ဆင်းလိုက် ရတာပေါ့ကွာ၊ သူက အံ့အားသင့်ပြီး ကြည့်နေတုန်းမှာ သူ့လှည်းဘီးကြီးက အဘွားတို့နေတဲ့ ခြံတံခါးဝကို ဒုတ် ခနဲ သွားထိပြီး ရပ်သွားတာပေါ့ ...

“အဲဒီမှာ အိမ်ကြီးထဲကလူတွေ ထွက်လာကြပြီး ဝိုင်းပြီး ရှုးစမ်းကြတာပေါ့၊ အဲဒီလူတွေထဲမှာ ငါ့အဘွား





ကလည်း ပါလာတယ် ဆိုပါတော့၊ အဲဒီမှာတင် အဘိုးက အဘွားကို မြင်ပြီး အကြီးအကျယ် ကြွေသွားတော့တာပေါ့ သားရာ”

“အဟင်း ဟင်း ဟင်း”

“အဲဒီအချိန်မှာ အဘိုးကလည်းလူပျို အဘွားကလည်း အဲဒီရွာက ကွမ်းတောင်ကိုင် အပျိုချောပေါ့၊ ဒါကို မြင်တွေ့ ကြတဲ့ လူတွေက အဲဒါ မမြဲခြယ်တို့အိမ်ကို ဖူးတ်သွင်း ရထားဆိုက်တာလို့ ပြောကြတာပေါ့ကွာ၊ အဲ နောက်ပိုင်း ကိစ္စတွေတော့ သိပ်မသိပါဘူး၊ အဘိုးနဲ့ အဘွားက သူတို့ ချင်း မျက်လုံးချင်းဆုံ ရင်ခုန်ကြဟန် တူပါရဲ့၊ လူကြီးတွေ ကို ပြောဆိုကြပြီး လက်ထပ်ခဲ့ကြတယ်လေ”

“အဲဒါနဲ့ သားကိစ္စနဲ့ ဘာဆိုင်လို့လဲ”

“ဟကောင်ရ၊ တုံးလှ အ,လှချည်လား၊ မင်း အခုဖြစ်ခဲ့တဲ့ ကိစ္စကလည်း ငါ့အဘွား အိမ်ရှေ့ကို ငါ့အဘိုးရဲ့လှည်းဘီး အဲ တစ်နည်းပြောရရင် ဖူးတ်သွင်းရထား ဆိုက်သလို မင်း တိုက်မိလိုက်တဲ့ ထွေးခံကလည်း ဟိုကလေးမလေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



ခြေဦးရာသွားဆိုက်လိုက်တာ၊ လှည်းဘီးနဲ့ ထွေးခံ အသွင်သဏ္ဍာန်ခြင်း ကွာခြားပေမဲ့ သဘောကတော့ အတူတူပဲလေကွာ"

"အင်း ... ဟုတ်တော့ ဟုတ်သလိုပဲနော်"

"ဘာ ဟုတ်သလိုလိုရမှာလဲ၊ ဟုတ်ကို ဟုတ်တယ်သား။ အဲဒီတော့ မင်း ဘာမှစိတ်မပူနဲ့၊ မင်းနဲ့ ဦးကိုကို သမီးလေးနဲ့ အဆင်ပြေကို ပြေရစေမယ်ကွာ"

"ဟား ... အဲဒီလို အားပေးတာ မင်္ဂလာရှိတဲ့စကား ပြောပေးတာ ကျေးဇူးပဲ အဖေရာ"

"အရူး"

✤ ✤ ✤



အရင်တုန်းက ဒီလမ်းထဲကို သူ လုံးဝမရောက်ဖူးပါ။ ရောက်စရာ အကြောင်းကလည်း မရှိ၊ သူ့သူငယ်ချင်းပေါင်းအသင်းကလည်း သည်လမ်းထဲမှာ တစ်ယောက်မှမနေ၊ သူ့အဖေက ဒီအိမ်ကြီးကို ဆောက်ပေးနေစဉ် သူ မအားလပ်၍ ဆောက်ထောက်များ၊ လက်သမား၊ ပန်းရံဆရာများထံ သူ့ကို လွှတ်ရာ ကိစ္စတစ်ခုခုကို ခိုင်းလျှင်ပင် သူက မသွားခဲ့။

အင်းလျားလမ်းမကြီးပေါ်ကိုတော့ နိစ္စဓူဝ ဆိုသလို ဖြတ်သန်းဖူးခဲ့ပါသော်လည်း ယခု အင်းလျားလမ်းသွယ်ထဲသို့ သူ ဝင်ထွက်သွားလာခြင်း မပြုခဲ့ဘူးပါ။ ဤအတွင်းလမ်းတွင် ဆောက်လုပ်ထားသော အိမ်များက မြင်တွေ့နေကျ အိမ်မျိုးများ မဟုတ်ဘဲ၊ အထူးသဖြင့် ယိုးဒယားဘက်က အိမ်များလို ဒီဇိုင်းတွေက လှပဆန်းကြယ်၍ နေပါသည်။





www.burmeseclassic.com

www.burmeseclassic.com



ဤအထဲတွင်မှ ယခု နောက်ဆုံး ဆောက်လုပ်ပြီး
းသွားသည့် အိမ်ကြီးက အလှပဆုံး အခန်းနားဆုံး ဖြစ်ပါသည်
မျိုးမျိုးဓံက ဤအိမ်ကြီးကို အထူးတလည် စိတ်ဝင်စား၍ နေ
သည်။ အမှန်အတိုင်း ပြောရပါလျှင် အိမ်ကြီးကို စိတ်ဝင်စားခြင်
တော့ မဟုတ်။ ယင်းအိမ်ကြီးနှင့် သက်ဦးကိုကို ဆိုသည့် ကော
မလေးကိုသာ ဖြစ်ပါသည်။

ခုဆိုပါလျှင် ဤလမ်းထဲသို့ သူ တစ်နေ့နှစ်ခေါ
လောက်တော့ ပုံမှန်ရောက်၍ နေပါသည်။ မနက်ရှစ်နာရီ ကျော
မသွားခင် တစ်ခေါက်၊ ညနေ ကျောင်းကပြန်ချိန် တစ်ခေါက်
သူ့အတွက် အဆင်ပြေသည်က လမ်းသွယ် ဆိုပါသော်လည်
ကားကြီးနှစ်စီး ယှဉ်မောင်း၍ရအောင် ကျယ်ဝန်းပြီး သက်ဦးကို
တို့အိမ်ရှေ့မှာတော့ မြေကွက်လပ်ကျယ်ကြီးရှိပြီး ယင်းကွက်လ
ကြီး၏ အလယ်တွင် ဘယ်ခေတ် ဘယ်ကာလက ပေါက်ရော
နေသည်မသိ၊ သရက်ပင် အကြီးကြီးတစ်ပင်ကလည်း ရှိနေ
သည်။ မြန်မာလူမျိုးတို့ ဓလေ့စရိုက်အရ သရက်ပင်ကြီးအော
တွင် သစ်သားဖြင့် ပြုလုပ်ထားသည့် ရေချမ်းစင်လေးတစ်





နေသလို ရေချမ်းစင်၏ရှေ့တွင် ကျောမှီပါသည့် သစ်သားခုံ
န်းလျားလေးကလည်း ရှိနေသည်မို့ အကြောင်းကြောင်းဖြင့်
ည်နေရာကို ရောက်လာသူများအဖို့ ခေတ္တ အပန်းပြေနားနေဖို့
ထူးပင် အဆင်ပြေလှပါသည်။

သရက်ပင်ကြီးအောက်တွင် သူ့ကားကို ရပ်ထားပြီး
က်ဦးကိုကိုတို့အိမ်သို့ လှမ်းမျှော်ကြည့်ရှုရန်လည်း အကောင်း
း နေရာလေး ဖြစ်နေပါသည်။

သူ မနက်ရှစ်နာရီ ဆယ့်ငါးမိနစ်လောက် ဒီနေရာ
ရောက်၍ ခေတ္တနားနေပြီးပြီ ဆိုပါလျှင် သက်ဦးကိုကို့ကို
ကျောင်းလိုက်ပို့သည့် ကားလေးက ထွက်လာလေ့ရှိပါသည်။ ကံ
ကောင်းထောက်မ၍ တိုက်ဆိုင်ခြင်းမျိုးတော့ မဟုတ်၊ ပထမရက်
တွေက သူ အစောကြီးလာရောက်ပြီး လေ့လာထားသဖြင့် ကောင်မ
လေးအိမ်က ထွက်လာချိန်ကို သိရှိနေခြင်းသာ ဖြစ်ပါသည်။

ပထမဦးဆုံး နေ့မှာပင် သက်ဦးကိုကိုက မျိုးမျိုးဓံကို
မြင်တွေ့သွားပါသည်။ သူမ၏ကားလေးက ခြံထဲက ထွက်အလာ
တွင် ဟိုးအရှေ့ရှိ သရက်ပင်ကြီးအောက်တွင် ရပ်ထားသော နက်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ရွှန်းဒါစီဝစ်ကားလေးတစ်စီး၏ဘေးမှာ ကားကိုမှီ ရင်း သူ့ရှိရာဘက်သို့ စူးစူးရဲရဲ လှမ်းကြည့်နေသော ကောင် တစ်ယောက်ကို မြင်တွေ့သွားပါသည်။

ပထမတော့ ဒီမျက်နှာမျိုးကို မြင်ဖူးပါတယ်။ ဘယ် မှာ မြင်ဖူးတာပါလိမ့်ဟု စဉ်းစားလိုက်မိပါသည်။ ချက်ချင်း သလိုပင် ဩော် ... ဟိုတလောက သူ့အိမ်ကို အလည်ရောက်လာ ပြီး ထွေးခံကြီးကို ခလုတ်တိုက်သွားတဲ့ လူပါလားဟု သိရှိသွား ပြီးနောက် သူ့အကြည့်ကို မသိမသာ လွှဲလိုက်ပါတော့သည်။

"ဟာ ... ဘယ်လိုကြီးပါလိမ့်။ မနေ့တစ်နေ့က သူ့ကို ထမင်းစားဖိတ်လို့ ရောက်ခဲ့ဖူးပြီး၊ လူကြီးတွေက မိတ် ဆက်ပေးလို့ လူချင်းလည်း သိသွားပြီးပြီ၊ ပြီးတော့ အန်ကယ် ဦးကိုကိုကတောင် ပြောခဲ့သေးသည် မဟုတ်ပါလား။ 'မင်းတို့ မောင်နှမတွေ နောက်တွေ့ရင်လည်း ခေါ်ကြ ပြောကြပေါ့'တဲ့။ 'ဒီကောင်မလေး လူကြီးစကားကို နားမထောင်ဖူးနဲ့ တူတယ်'ဟု သူ့ကို မြင်ပါလျက်နှင့် မျက်နှာလွှဲသွားသော သက်ဦးကြောင့် စိတ်ထဲက နင်တင်တင် ဖြစ်၍သွားပါသည်။





ညနေကျတော့ သုံးနာရီလေးဆယ့်ငါးလောက် သူ နေရာကို ပြန်ရောက်၍ လာသည်။ လေးနာရီဆယ့်ငါးမိနစ် လောက်ကျတော့ သက်ဦးကိုကို၏ ကားလေးက ပြန်ရောက်လာ သည်။ သည်အခါကျပြန်တော့ ကောင်မလေးက သူ့ကို အဝေး ကပင် မြင်ထား၍လား" မသိ၊ လုံးဝလှည့်ကြည့်သည်ကို မတွေ့ ရပါလေတော့။

ဒါကလည်း မျိုးမျိုးဇံ၏ ညံ့ချက်ပင်။ ဣန္ဒြေရှင် မိန်းကလေး ဆိုတာမျိုးက သူစိမ်းယောကျ်ားလေး တစ်ယောက်ကို ကော်ဝင်စားလို့ပဲဖြစ်ဖြစ် ရွံရှာမုန်းတီးလို့ပဲဖြစ်ဖြစ် ဘယ်တော့မှ သူသိအောင် မကြည့်ဘူးလေ။

ကာယကံရှင် မသိအောင် ကြည့်ပုံကြည့်နည်းတွေက ဘယ်ဆရာ၊ ဘယ်ကျောင်း၊ ဘယ်တက္ကသိုလ်ကမှ မသင်ရဘဲနှ မိန်းကလေးတွေ အလိုလို တတ်မြောက်ကျွမ်းကျင်သည့် ပညာ ရပ်ခုပဲဆိုတာ မျိုးမျိုးဇံ ဘယ်မှာသိမှာလဲလို့။

ဘာပဲဖြစ်ဖြစ် မျိုးမျိုးဇံကတော့ အင်းလျားလမ်း သွယ်ထဲသို့ မှန်မှန်ကြီးပင် ချီတက်ခါ လူကသိအောင်ရှု၍ နေပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သည်လို နေ့တိုင်း နေ့တိုင်း ကြိမ်ဖန်များစွာ ကြည့်ရှုနေမည် ဆိုပါက သူ့နှလုံးသားက မေတ္တာဓာတ်များက သက်ဦးကိုကို၏ နှလုံးသားဆီသို့ ကူးလူးဆက်နွယ် ရစ်ပတ်ဖွဲ့နှောင်သွားလိမ့်မည်ဟု သူက ယုံကြည်၍ နေပါသည်။

လူကြီးချင်းက သူငယ်ချင်းတွေမို့ ရင်းနှီးခင်မင်ကြပါသော်လည်း သူနှင့် သက်ဦးကိုကိုတို့က ခုမှသိကြတာလေ။ ခုလိုမျိုး လမ်းဘေးကနေ လူပေါ့ လူသွမ်းလေးတွေ လုပ်သလိုမျိုး ကြည့်ကြည့်နေမည့်အစား အိမ်ထဲသို့ ဝင်သွားပြီး တွေ့ဆုံမည်ဆိုပါကလည်း သူ့ကို ဘယ်သူကမှ ခါးခါးသီးသီး မောင်းထုတ်မည် မဟုတ်ပါ။ သို့သော် ဘာကိစ္စကို အကြောင်းပြု၍ အိမ်ထဲသို့ ဝင်ရောက်ရပါမည်နည်း။ မသကာ တစ်ကြိမ်တစ်ခါပေါ့။ သူက ကောင်မလေးကို နေ့တိုင်း မြင်တွေ့နေချင်တာဆိုတော့ ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ ခုလိုနည်းမျိုးပဲ ကောင်းပါသည်။

မျိုးမျိုးဇံက သက်ဦးကိုကို့ကို မြင်တွေ့သည်နှင့် လူချင်းတွေ့လျှင် ပြုံးပြပါဆိုသည့် ဒေးကာနက်ဂျီ၏ အဆိုအမိန့်





ကို နာခံသည့်အနေနှင့် နှုတ်ခမ်းနှစ်ဖက် နားရွက်ဖျားကို တက်၍ ချိတ်မတတ် ပြုံးပြုံးပြနေမိပါသည်။ ဦးဇော်ထွန်းဇံ ဆိုသည့် [illegible]ရှင် မွေးသဖခင်၏ မျက်နှာကို ထောက်ထားကာ သူ့ကို ခပ်စစ်ခါခါ ပြုမူလိမ့်မည် မဟုတ်ဟုလည်း ယုံကြည်ထားပါသည်။

ဒီကနေ့လည်း ထုံးစံအတိုင်းပင် မနက်ရှစ်နာရီ [illegible]ငါး ဆိုသည်နှင့် သက်ဦးကိုကိုတို့ အိမ်ရှေ့က သရက်ပင်ကြီး၏အောက်သို့ သူ ရောက်ရှိ၍ နေပါသည်။ ရှစ်နာရီခွဲမှာတော့ သက်ဦးကိုကို၏ ကားလေးက ထွက်လာပါသည်။ သက်ဦးကိုကို့ကို မြင်လိုက်သည်နှင့် သူက ဝတ္တရားမပျက် ပြုံးပြနှုတ်ဆက်လိုက်ပါသည်။ သက်ဦးကိုကိုကလည်း သူမ၏ကားလေး ခြံဝကထွက်လိုက်သည်နှင့် မျိုးမျိုးဇံရှိရာ သရက်ပင်အောက်သို့ သူမ၏ အကြည့်က ဖျတ်ခနဲ ရောက်ရှိလာပြီးနောက် ချက်ချင်းဆိုသလိုပင် [illegible]သော မျက်နှာကို လွှဲလိုက်ပါသည်။

ဤသို့ ကြည့်လိုက်သည်ကိုလည်း မျိုးမျိုးဇံက မြင်တွေ့လိုက်ပါသည်။ နောက်ပိုင်း မျက်နှာလွှဲသွားတာက ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



...ခါ ကြည့်လိုက်သည်နှင့်ပင် သူ့အတွက် မျှော်လင့်... ...တော့ မတ္တန်ဆုံးသေးဟု သူ နားလည်လိုက်ပါသည်။ အ... ...ထွက်သွားပါသည်။

ညနေပိုင်းကျတော့ သူက သုံးနာရီဆယ့်ငါးမိနစ်... ...လောက်တွင် သက်ဦးကိုကိုတို့ အိမ်ရှေ့သို့ ကြိုတင်ရောက်ရှိနေပါ... သည်။ အိမ်ကိုတစ်ခေါက် အရင်ပြန်ပြီးမှ ထွက်လာလျှင်လည်း ရပါသည်။ သို့သော် ဝီရိယလွန်သည်က အကြောင်းမဟုတ်။ မ... တဆ ဒီကောင်မလေး အိမ်သို့စောစောပြန်လျှင် အခက်ဆိုသည့် သဘောနှင့် ကျောင်းမှနေ၍ တိုက်ရိုက်ပင်ထွက်လာခဲ့ခြင်း ဖြစ်ပါ သည်။

ပညာရေးတက္ကသိုလ်နှင့် ဆေးတက္ကသိုလ်(၁)ပထ... နှစ် သင်တန်းများရှိရာ ယခင် ဘီအိုစီကောလိပ်ဘက်မှ ရောင်း... ပြီး ထွက်လာသော ကုလားဗယာကြော်သုပ်သည်၏ လက်တွန်း လှည်းကလေးက သရက်ပင်ကြီးအောက်သို့ ရောက်နှင့်၍နေပါ သည်။ လက်တွန်းလှည်း၏ သစ်သားကိုယ်ထည်ကို ဆေးအပြာ အဝါ အစိမ်းတို့ဖြင့် ခြယ်သထားပြီး ကိုလူချော ဆိုသည့် နာမည်





...တော့ ဆေးအနီရောင်တွင် အနက်ဖြင့် အနားကွပ်ခါ ရေးသား ...ထားပါသည်။

"အစ်ကို စားမယ် မဟုတ်လား"

"အေး"

သုံးလေးကြိမ် စားဖူးပြီးပြီမို့ ဗယာကြော်ကုလားက ...ကြိုင်းလိုပင် ကော်ပြန့်လိပ်မထည့်၊ အစပ်ကို လျှော့ကာ တစ်ပွဲ ...ပေးလိုက်ပါသည်။

သူ ဗယာကြော်သုပ်ကို စားနေစဉ် သက်ဦးကိုကို ...ခြံထဲမှနေ၍ ယာဉ်မောင်း ဦးလှမောင် ထွက်လာသည်ကိုတွေ့ ...ရပါသည်။ ဦးလှမောင်က ခုတလော သူတို့အိမ်ရှေ့နှင့် ...မကမ်းတွင် ဟွန်ဒါစီဗစ်နက်ပြာရောင် ကားလေးကို ရပ် ...နက်တစ်ကြိမ် ညနေတစ်ကြိမ် သက်ဦးကိုကို ကျောင်းအတက် ... ကျောင်းအဆင်းတွင် တွေ့တွေ့နေရသော ကောင်လေးကို ...ထားမိပြီးလည်း ဖြစ်ပါသည်။

"ဦးလေး"

"ဘာတုံး"



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်လေးက သက်ဦးကိုကို့ကို လာ၍ရစ်နေမှန်း ရိပ်မိထားသည်မို့ သူက သံပြတ်ဖြင့် ထူးလိုက်ပါသည်။

"စားပါဦးလား"

မျိုးမျိုးဇံက သူ စားနေသော ဗယာကြော်ပန်းကန် ကို မြှောက်ပြရင်းက ဘိတ်မန္တကပြုလိုက်ပါသည်။ ဦးလှမောင် က ပထမတော့ ကြောင်တောင်တောင် လုပ်၍နေပါသည်။

"လာပါ ဦးလေးရဲ့၊ စားပါဦး၊ ဟော့ ... အမိတာဘာဂျန် ဒီဦးလေးကြီးအတွက် တစ်ပွဲထည့်ပေးလိုက်ပါ၊ ကော်ပြန့် လိပ်တော့ မထည့်နဲ့နော်၊ ငရုတ်သီးမှုန့်ကိုလည်း တအား ကြီး စွတ်ထည့်မနေနဲ့ဦး၊ ငါ့ကို ထည့်ပေးသလိုပဲပေါ့ကွ"

"အဟင်း ... ခုခေတ် ဗယာကြော်သုပ်ရောင်းတာ ဗယာကြော်တင် မဟုတ်ဘူး၊ စမူဆာရော ကော်ပြန့်လိ ကော ထည့်တာ ဦးလေးရ၊ စမူဆာ ထည့်သုပ်တာ တော်သေးတယ်၊ ကော်ပြန့်လိပ် ထည့်သုပ်တဲ့အခါ ဗယာကြော်ရဲ့ အရသာ ပျက်ကရောပဲ၊ အဲ ... ပြီး သူတို့က တွက်ခြေကိုက်အောင်ဆိုပြီး ကုလားအော်ရွေ





သီးခြောက်တို့ ပိန်ငရုတ်သီသေးသေးလေးတွေကို အခြောက် ထားပြီး အဲဒါတွေကို အမှုန့်လုပ်ထားတော့ တကယ်စပ် ပြီဟော့ဆိုရင် တစ်ကိုယ်လုံး ထူပူပြီး ငယ်ထိပ်ကနေ ခြေ ဖဝါးအထိ ပူစပ်လန်ပျံကုန်တော့တာပဲ"

"ငါ့တူပြောတာ ဟုတ်တယ်ကွ၊ လိပ်ခေါင်းရှိတဲ့လူများ စားလို့ကတော့ တင်ပါးတစ်ခုလုံး အင်တုံထဲမှာ ထည့်ထိုင် ပြီး ရေစိမ်နေရတော့တာပဲ"

"ဟုတ်တာပေါ့ ဦးလေးရ။ ငရုတ်သီးများ ဇွန်းတစ်ဝက် လောက် ပါလာလို့ကတော့ လျှာတွေချွဲကျိုပြီး တရှူးရှူး တရှဲရှဲနဲ့ စကားပြောလို့တောင် မရတော့ဘူး"

"အဲဒါတော့ အစ်ကို အပိုတွေ ပြောနေတာပါ"

"ဘာအပိုတွေလဲ၊ ငါပြောတာ မဟုတ်လို့လား"

"အစ်ကိုကလည်းဗျာ၊ မဟုတ်လို့ပဲ အစ်ကို ခုလောက် စကားတွေ ပြောနေနိုင်တာပေါ့၊ စောစောက အစ်ကို့ပန်း ကန်ထဲမှာ ကျွန်တော် ငရုတ်သီးမှုန့် ဇွန်းတစ်ဝက် ထည့် လိုက်တာပဲ ဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... မင်းထည့်ပေးလိုက်တဲ့ အဲဒီ ရေတံသီးမှုန့်

ငါ ဖွန်းနဲ့ သေသေချာချာခပ်ပြီး သွန်ပစ်လိုက်တာ မင်

မတွေ့လိုက်ဖူးလား အမိတာဘာဂျန်းရ"

"အစ်ကို"

"ဘာလဲ"

"ကျွန်တော့်ကို အမိတာဘာဂျန်း ... အမိတာဘာဂျန်း

မခေါ်ပါနဲ့ အစ်ကို၊ အမိတာဘာဂျန်းက မျက်နှာရှည်ရှည်

အရပ်ကလည်း ရှည်ရှည်ကြီး၊ ပြီးတော့ သူ့ရုပ်က မနူး

ဘူး၊ ခပ်ကြမ်းကြမ်းရုပ်ကြီး၊ ကျွန်တော်ကပုပု မျက်နှာ

ဝိုင်းဝိုင်း၊ မသကာ ဘရက်ပစ် ဒါမှမဟုတ် တွမ်ခရု(စ)

ခေါ်ရင် တော်သေးရဲ့"

"တန်ရာ တန်ရာ ပြောစမ်းပါ ကုလားရာ၊ ဘရက်ပ

တွမ်ခရု(စ်)တို့နဲ့ မင်းရုပ်နဲ့ ဘာဆိုင်လဲ၊ နံ့သာဆီနဲ့ အီး

"ဟာ ... အဲဒီလိုတော့ မနှိပ်ကွပ်ပါနဲ့ အစ်ကိုရယ်၊ တီ

က ဆရာမလေးတွေကဆိုရင် ကျွန်တော့်ကို တိုရီးယား

မင်းသား ဒါရိုက်တာရင်နဲ့ တူတယ်လို့တောင် ပြောတာ





"သေလိုက်ပါလား"

"အစ်ကိုနော် ... အစ်ကိုက ဗမာမျက်စိနဲ့ ကြည့်နေလို့၊ မြေနီကုန်းက ကုလားမလေးတွေကဆို ကျွန်တော့် ဗယာကြော်သုပ်ကိုတောင် ကိုလှချော ဗယာကြော်သုပ်ဆိုပြီး ပြောနေကြလို့ ကြည့်ပါလား ကျွန်တော့် လက်တွန်းလှည်းမှာတောင် ကိုလှချော ဗယာကြော်သုပ် အာလူးမှုရှိလို့ ရေးထားတာ"

အမိတာဘာဂျန်းက ပါးစပ်ကလည်းပြော လက်က သွက်လက်ဖျတ်လတ်စွာ အာလူးပြုတ်ကို ဓားဖြင့်အောက် လှီးလိုက်၊ ပူစီနံနှင့် ကာလီသီးကို ကတ်ကြေးနှင့် ဖြတ် ထား၊ မဆလာ၊ ရေတံသီးမှုန့် စသည်များကို ဖဝ်ခနဲ ဖပ် ဖွန်းနှင့် ခပ်ထည့်လိုက် လုပ်နေသည်မှာ ကြည့်များပင် ကောင်းသေးတော့။

"ဦးလေး"

"ဟေ"

"ကျောင်းသွားမကြိုဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကိုလဲ"

"သက်ဦးကိုလေ"

"ဒီနေ့ ကျောင်းမှာ ဘာကိစ္စရှိလို့လဲ မသိဘူး၊ နောက်ကျ
မယ်၊ လေးနာရီထိုးမှ အိမ်က ထွက်လာပါလို့ မှာထားသ
ကွ"

"ဩော် ... ဩော်"

"ဒါနဲ့ ကျွန်တော့်အဖေကို ဦးလေး သိလားဟင်"

"ဟကောင်ရ ... မင်းကိုတောင်မှ ငါ ဘယ်သူဘယ်ဝါမှန်း
မသိတာ မင်းအဖေဆို ဝေလာဝေးပေါ့ ငါ့လူရာ"

"ဦးလေးကလည်း ကျွန်တော့်အဖေက ဦးလေးတို့ ခုနေ
တိုက်ကြီးကို ဆောက်သွားတဲ့ အင်ဂျင်နီယာ ဦးဇော်ထွန်း
လေဗျာ"

"ဟော ... မင်း ... မင်းက ဆရာဦးဇော်ထွန်းဖုံရဲ့သား
ဟုတ်လား"

"ဟုတ်"

"ဟုတ်မှ ဟုတ်ရဲ့လား ငါ့လူရာ"





"ဟုတ်လွန်းလို့ ဟိုဘက် နှစ်ဘူတာတောင်မှ လွန်သေး
တယ်၊ လွန်ခဲ့တဲ့ နှစ်ပတ်ကျော်လောက်တုန်းက ဘုရားကိုးဆူ
ကျွေးမဲ့ညမှာ အန်ကယ်ဦးကိုကိုတို့ ဖိတ်လို့ အဲဒီအိမ်မှာ
ထမင်းတောင် လာစားရသေးတယ်"

"ဒါနဲ့များ ငါ့လူရာ၊ မင်းက ဦးဇော်ထွန်းဖုံရဲ့သား ဖြစ်ပါ
လျက်နဲ့ ဒီအိမ်ကို ပုန်းရှိုးကွယ်ရှိုး လာပြီးကြည့်နေရသေး
တယ်၊ ဆရာဦးဇော်ထွန်းဖုံ သားဆိုရင် အိမ်ခြံဝကနေ ခါး
ထောက်ပြီး ပြောင်ပြောင်တင်းတင်း ကြည့်လို့ရပါတယ်
ငါ့လူရာ၊ အဲလိုမှ မဟုတ်လည်း အထဲကို တစ်ခါတည်း
ကားမောင်းပြီး ဝင်လာခဲ့ရင်လည်း မင်းကို ကန့်ကွက်မဲ့
လူ မရှိပါဘူး ငါတူရ"

"ဒီအစ်ကိုက ဒီအိမ်က အစ်မလေးကို သဘောကျနေလို့
လား"

"မင်းနဲ့ ဘာဆိုင်လဲ"

မျိုးမျိုးဖုံက အမီတာဘာဂျန်းကို ယောက်လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှတော့ မဆိုင်ပါဘူး၊ ဒါပေမဲ့ ဒီအိမ်က အစ်မလေးက ကျွန်တော့်ဖောက်သည်လေဗျာ၊ ကျွန်တော့်ဆီက အာလူးဖုတ်တို့ ဇယားကြော်သုပ်တို့ကို ကျောင်းပိတ်ရက်တိုင်း ဝယ်စားနေကျဗျ၊ လက်စသတ်တော့ အစ်ကိုက ဒီအိမ်က အစ်မလေးကို လာရိုက်နေတာကိုး၊ အဟင်း ဟင်း ဟင်း ... အေးလေ အညီရှိရာ ယင်အုံတဲ့ သဘောပေါ့"

"ဟော့ကောင် ... ဟော့ကောင် ... မင်း ဘာစကား ပြောလိုက်တာလဲ"

ဒေါသတကြီးနှင့် မေးလိုက်သော မျိုးမျိုး၏ အမူအရာကြောင့် ဇယားကြော်ကုလား နည်းနည်းလန့်သွားပါသည်။

"အဲ ... အဲဒါ ဗမာစကားပုံလေ အစ်ကို"

"ဗမာစကားပုံ ဆိုတာတော့ မင်းပြောမှလား ဇယားကြော်သည်ရ၊ ဒါပေမဲ့ မင်းစကားက အညီရှိရာ ယင်အုံဆိုတော့ ငါ့ကောင်မလေးများလည်း နေရင်းထိုင်ရင်း ငါးစိမ်းသည် ဖြစ်သွားသလို ငါလည်း အညစ်ပတ်ကောင် ဖြစ်သွားတာပေါ့"



"ကျွန်တော်က အဲဒီသဘောနဲ့ပြောတာ မဟုတ်ပါဘူး အစ်ကိုရယ်၊ တစ်နည်းအားဖြင့် ပန်းပွင့်လေးတွေရှိတဲ့ နေရာကို လိပ်ပြာလေးက ပျံဝဲလာတယ်ဆိုတဲ့ သဘောနဲ့ ပြောတာပါ"

"အဟင်း ဟင်း၊ မင်း တတ်လည်း တတ်နိုင်တဲ့ ကုလားပါလားကွ ... ဟေ"

ဦးလှမောင်ကရယ်မောရင်း ဝင်၍ပြောလိုက်ပါသည်။

"ဒီလိုရှိပါတယ် ဦးလေး၊ ကျွန်တော်က ကျောင်းပညာကို ရှစ်တန်းအထိ သင်ဖူးပါတယ်၊ ကျောင်းသားဘဝတုန်းက မြန်မာစာကို အရမ်းဝါသနာပါခဲ့ပါတယ်၊ စာမေးပွဲဖြေရင်လည်း မြန်မာစာအမှတ် အများဆုံးရပါတယ်၊ အဲဒီတုန်းက ကျက်မှတ်ခဲ့တဲ့ ကဗျာတွေဆိုရင် အခုထိ ရနေပါသေးတယ်၊ ဦးလေး မယုံရင် ကျွန်တော် ရွတ်ပြ ..."

"ကဲ ... ကဲ ... မင်း ရွတ်ပြချင်ရင် နောက်မှရွတ်ပြ၊ ခုအချိန်မရှိတော့ဘူး၊ သွားတော့ကွာ၊ ငါတို့နှစ်ယောက်ကလွဲရင် ဒီနေရာမှာ နောက်ထပ် ဘယ်သူမှ ဝယ်စားတော့မှာ မဟုတ်ဘူး၊ ဒီမှာ ငါတို့ တိုင်ပင်စရာ ရှိသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အစ်ကို၊ အစ်ကိုတို့ ထပ်ပြီး စားနိုင်သေးတယ် ရင် ကျွန်တော် နှစ်ပွဲထပ်ပြင်ပြီး ကျွေးမယ်၊ အဲဒီ အတွက် ပိုက်ဆံလုံးဝပေးစရာ မလိုပါဘူး၊ ဒါပေမဲ့ တော့ ရှိတယ်၊ ခု အစ်ကိုတို့နှစ်ယောက် တိုင်ပင်မယ် စကားကို ကျွန်တော့်ကိုလည်း နားထောင်ခွင့်ပြုလေ"

"အာ ... ဟော့ကောင်၊ အမိတာဘာဂျန်း၊ မင်း တော် လည်း စပ်စပ်စုစု နိုင်ပါလား၊ မင်းနဲ့ ဘာဆိုင်လို့ ထောင်ရမှာလဲ"

"ကျွန်တော်လည်း သိချင်တာပေါ့ အစ်ကိုရဲ့ အက လိုအပ်တာရှိခဲ့ရင်လည်း ကူညီမယ်၊ အကြံဉာဏ်ပေး ရှိရင်လည်း ပေးနိုင်တာပေါ့၊ ကျွန်တော့်ကို လျှော့မတွ နဲ့အစ်ကို၊ အဲဒီလိုကိစ္စမျိုးတွေနဲ့ ပတ်သက်လို့ ကျွန် မှာ အတွေ့အကြုံ အများကြီးရှိတယ်"

"သွားသေလိုက်ပါလား ကုလားရာ၊ ဒီမှာ အချိန်မရှိ ကြားထဲမှာ မင်း သွားမလား မသွားဘူးလား၊ မသွား နောက်နေ့တွေကျ ဒီမှာလာရောင်းလို့ မရတော့ဘူး





အမိတာဘာဂျန်းက ဘာမှဆက်၍ အတွန့်မတက် ဘဲ သူ့လက်တွန်းလှည်းကို မတွန်းချင် တွန်းချင်နှင့် တွန်း ထွက်သွားပါသည်။

"ကဲ ... ငါတူ၊ ပြောစရာရှိရင် မြန်မြန်ပြောကွာ၊ တော်ကြာ နေရင် သက်ဦးကို သွားကြိုရတော့မှာ"

"ကျွန်တော် သက်ဦးနဲ့ ခင်မင်ရင်းနှီးချင်တယ်ဗျာ"

"ငါတူရယ်၊ သက်ဦးနဲ့ ခင်ချင်တာများ ပြဿနာလုပ်လို့၊ ဒီပြင်လူအတွက်သာ ခက်ချင်ခက်မယ်၊ မင်းက ဆရာဦးဖော် ထွန်းဖုံရဲ့ သားပဲဥစ္စာ၊ လူကြီးချင်းလည်း ဒီလောက်ရင်းနှီး နေတာ ဘာပြဿနာရှိမှာလိုက်လို့၊ တစ်နေ့ မင်းအဖေလာ တဲ့အခါ လိုက်လာပြီး သက်ဦးနဲ့ မိတ်ဆက်ပေးခိုင်းပေါ့"

"ဟိုနေ့က မိတ်ဆက်ပေးပြီးပြီဗျ"

"ဟ ... ဒါဆိုလည်း ပြီးပြီပေါ့၊ ဘာလိုသေးလို့လဲ၊ ခုလို ဟိုချောင်း ဒီချောင်း လုပ်စရာတောင် မလိုတော့ဘူး၊ ပေါ် ပေါ်ကြီးပဲ ဝင်လာတော့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သေးဘူး ဦးလေးရ၊ ကျွန်တော်က သူ့ကို သဘော ကျလို့လာတာမျိုးလေ၊ ရိုးရိုးသားသား သူငယ်ချင်းသဘော မှ မဟုတ်တာ၊ အဲဒီတော့ ကိုယ့်လိပ်ပြာ ကိုယ်မလုံဘူး ပေါ့၊ ပြီးတော့ အန်ကယ်ဦးကိုကိုတို့ကိုလည်း အားနာ သေးတယ်၊ အဲ ... နောက်တစ်ခုကတော့ အဲဒီနေ့က လူကြီးတွေက ကျွန်တော်နဲ့ သက်ဦးကို သေသေချာချာ မိတ်ဆက်ပေးခဲ့ပါလျက် ခု သက်ဦးက ကျွန်တော့်ကိုတွေ့ ရင် တစ်ခါမှ မမြင်ဘူးတဲ့ ပုံစံမျိုးလုပ်ပြီး မျက်နှာကိုလွှဲ လွှဲသွားနေတယ်လေ"

"အဟင်း ဟင်း ... မင်း အဖြစ်ကလည်း ထိပေါက်ပြီး လက်မှတ်ပျောက်နေတဲ့ လူလိုပါပဲလား၊ ဘာပဲဖြစ်ဖြစ် သက်ဦးက အင်မတန် လိမ္မာယဉ်ကျေးတဲ့ မိန်းကလေးပါ၊ သူ့သိက္ခာကို ဘယ်တော့မှ အပွန်းပဲ့ခံမဲ့သူ မဟုတ်ဘူးလေး အဲဒါကြောင့် အကယ်၍များ သူက မင်းကို ဣန္ဒြေမျက် လောက်အောင် ပြန်ပြီးကြည့်မှာ မဟုတ်ဘူးလေ၊ အေး ... သေချာတာ တစ်ခုကတော့ မိန်းကလေးမှာ ခုအချိန်အထိ





ရည်းစားသနာ မရှိသေးဘူး ဆိုတာပဲ ငါ့တူ၊ မင်း ကံ ကောင်းနိုင်ပါတယ်"

လာပြန်ပြီ ဒီစကား၊ အဖေ ပြောတုန်းကလည်း ဒီ "နိုင်" "နိုင်"ဆိုတာကြီး ထည့်ထည့်ပြောနေတာကို သူမုန်းနေ ခု ဒီဦးလေးကြီး ကျပြန်တော့လည်း ဒီနိုင်ကြီးက ပါလာပြန် ကောင်း ပြောနေတဲ့ နေရာမှာ ဒီ "နိုင်"ကြီးဆိုတာကြီး အမြဲလုတ်တိုက်နေတာကို သူ မြင်ပြင်းကတ်လှပါသည်။

"ကဲပါ ငါ့တူရာ၊ မင်း အဆင်ပြေမှာပါ၊ ဦးလေးလည်း အကူအညီ ပေးပါ့မယ်၊ ခုတော့ ဦးလေး သွားလိုက်ဦးမယ် နော်၊ သြော် ... မင်းလည်း ပြန်ချင်ပြန်တော့လေ၊ ဒီနေ့က သက်ဦး အိမ်ပြန်နောက်ကျမဲ့နေ့ကွ"

"ဟုတ်ကဲ့"

ဦးလှမောင် တစ်ယောက် သက်ဦးကိုကို့ကို ကျောင်း ပြီး ပြန်အလာတွင် မျိုးမျိုးဖဲကို သရက်ပင်အောက်မှာပင် လိုက်ရသည့်အတွက် ဖိတ်ထဲက ကျိတ်ပြီး ဖွဲ့ဆုပေးလိုက်ပါ အဲ ... သက်ဦးကိုကိုကလည်း မျိုးမျိုးဖဲ ရှိရာသို့ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



လျှော့ညှိပါဘဲနှင့် ဖျတ်ခနဲ မျက်လုံးလေးတွေ ဖွေစောင်းကြည့် သွားသည်ကိုလည်း နောက်ကြည့်မှန်ထဲမှနေ၍ မြင်တွေ့လိုက်ရ ပါသည်။

✤ ✤ ✤





ဒီနေ့တော့ ဗယာကြော်သုပ်လှည်းလေးက သရက် ပင်အောက်သို့ သူ့အရင် ကြို၍ရောက်နှင့်နေပါသည်။

"ဘယ်လိုလဲ အစ်ကို၊ ထုံးစံအတိုင်း ပြင်လိုက်ရမလား"

"မင်းအသုပ်တွေက သန့်မှသန့်ရဲ့လား"

"အစ်ကိုရယ် ... ဘယ်လိုများ ပြောလိုက်တာလဲ၊ ကျွန်တော် တို့ လူမျိုးက အသားမည်းပေမဲ့ အသန့်အပြန့် အလွန် ကြိုက်တတ်တဲ့ လူမျိုးပါ အစ်ကိုရယ်၊ အစ်ကိုတို့အိမ်တွေ က ဟင်းအိုး ထမင်းအိုးတွေကမှ မှိုင်းတွေ ကြပ်ခိုးတွေ မီးခိုးတွေနဲ့ မည်းချင်မည်းနေဦးမယ်၊ ကျွန်တော်တို့ ချက် ပြုတ်တဲ့ အိုးတွေဆိုရင် အမြဲဂရုတစိုက် တိုက်ချွတ်ထားလို့ ပြောင်လက်ပြီး မှန်ကြည့်လို့တောင် ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အီးပြောင်တာ မပြောင်တာနဲ့ သန့်တာ မသန့်တာ မဆိုင်ဘူးကွ၊ အစားအစာကို ရေစင်စင်မဆေး လက်မဆေး လက်ညစ်ပေတူးကြီးနဲ့ ကိုင်ရင်လည်း မသန့်မပြန့်ဖြစ်တတ်တာပဲ"

"ဒါတော့ စိတ်ချပါ အစ်ကို၊ ကျွန်တော်တို့ အစားအသောက်ကို ကိုင်တွယ်ရင် လက်ကို ဆပ်ပြာနဲ့ စင်စင်ဆေးပါတယ်၊ မလျှုတတ်ရင် ဈေးရောင်းဆိုတဲ့ စကား ရှိတယ်မို့လား အစ်ကိုရဲ့၊ စားသုံးသူတွေ သန့်သန့်ပြန့်ပြန့် ကောင်းကောင်း မွန်မွန် ဈေးသက်သက်သာသာနဲ့ စားသောက်နိုင်ပါစေဆိုတဲ့ စေတနာနဲ့ ဒီအလုပ်ကို လုပ်နေတာပါ အစ်ကို၊ ကျွန်တော့်ဆိုင်က ပစ္စည်းတွေက သန့်သမှ သန့်သန့် သန့်သန့်နဲ့တောင် မြည်နေသေးတယ်၊ ခုတောင် ကျွန်တော် စဉ်းစားနေတာ၊ ကိုလှချော ဆိုတဲ့ နာမည်ရဲ့အပေါ်မှာ သန့်သန့်လေး ဆိုတဲ့ စာလုံး ထပ်ဖြည့်ရရင် ကောင်းမလား လို့လေ၊ သန့်သန့်လေး ကိုလှချောပေါ့၊ ဟဲ ဟဲ"





"လုပ်မနေနဲ့၊ ဟိုနေ့က မင်းဗယာကြော်သုပ်ကို စားမိလို့လား မသိဘူး၊ ညကျတော့ ဗိုက်ထဲက ရစ်ရစ်ပြီးနာလာပြီး အိမ်သာ သုံးကြိမ် ဝင်လိုက်ရတယ်"

"ကျွန်တော့် ဗယာကြော်သုပ်တော့ မဖြစ်နိုင်ဘူး အစ်ကို၊ တခြား အစားအစာ တစ်ခုခုကြောင့်ပဲ ဖြစ်လိမ့်မယ်၊ အစ်ကို ဘာတွေကို ဘယ်မှာစားခဲ့မိသေးလဲ ဆိုတာကို သေသေချာချာ ပြန်ပြီးစဉ်းစားပါဦး အစ်ကိုရယ်"

"ကဲပါကွာ၊ စကားရှည်မနေပါနဲ့တော့၊ ငါ့အတွက် ခါတိုင်းလိုပဲ တစ်ပွဲထည့်လိုက်ပါ"

"ဟိုအိမ်က ဦးလေးကြီးကော ထွက်မလာသေးဘူးလားဟင်"

"အဲဒါ မင်းအပူ မဟုတ်ပါဘူးကွာ၊ သူ မလာတော့လည်း ငါ့အတွက် တစ်ပွဲဖိုး ပိုသက်သာသွားတာပေါ့"

"အဲဒီစကားကို ဦးလေးကြီး လာတဲ့အခါ ကျွန်တော်ပြန်ပြောလိုက်လို့ ရမလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒီကောင်၊ တကယ့်ခလုတ်ပဲ၊ ဘာလို့ပြောရမှာလဲ၊ မပြောနဲ့နော်၊ ငါက မင်းကို အပျော်အပြက် စတာကွ"

"အမှန်တော့ အစ်ကိုရယ်၊ လောကကြီးမှာ တစ်ခုခုကို လိုချင်ရင် တစ်ခုကို ပေးရတယ်ဆိုတဲ့စကား ရှိသားပဲ၊ ဘယ်ဥစ္စာကိုမှ အလကားမရဘူး အစ်ကိုရဲ့၊ အစ်ကို့အနေနဲ့ အဲဒီအိမ်က ကောင်မလေးရဲ့ အချစ်ကို ရဖို့အတွက် အဲဒီအိမ်က အလုပ်သမားဖြစ်တဲ့ ကားဆရာကြီးကို ချဉ်းကပ်ရမယ်လေ၊ အဲ ... ချဉ်းကပ်တဲ့ နေရာမှာ လက်ချည်းသက်သက်တော့ မရဘူး အစ်ကိုရဲ့၊ အစားအသောက်လေး လက်ဆောင်ပစ္စည်းလေးတွေ ပေးရမယ်၊ နည်းနည်းတော့ အကုန်အကျ ခံရမယ်လေ၊ ဒါမှသာ အစ်ကို့အပေါ် စေတနာရှိမှာပေါ့ ဟုတ်ဖူးလား"

"အေးပါကွာ၊ ငါသိပါတယ်"

"သိရုံနဲ့တင် မပြီးသေးဘူး အစ်ကိုရဲ့၊ လက်တွေ့လည်း အကောင်အထည် ဖော်ရလိမ့်မယ်. ဘချို့များဆိုရင် မိန်းကလေး တစ်ယောက်ရဲ့ အချစ်ကိုရဖို့အတွက် သိန်းသောင်း





ချီပြီး ကုန်ကျခံခဲ့ရတယ်၊ အစ်ကိုကမှ ဗယာကြော်သုပ် တစ်ပွဲ နှစ်ရာ နှစ်ရာ့ငါးဆယ်လောက်နဲ့ အလွန်ဆုံးမှ တစ်လမှ ဆယ်ပွဲကျွေးရင် နှစ်ထောင် နှစ်ထောင့်ငါးရာလောက်ပဲ ကျမှာပါ၊ အစ်ကို့အတွက် အများကြီး တွက်ချေကိုက်ပါတယ် ...

"ဟော ... ပြောရင်းဆိုရင်း ဟိုအဘိုးကြီးတောင် အိမ်ထဲက ထွက်လာပြီ"

"ဟေ့ကောင် ... အသက်ငါးဆယ်လောက် အရွယ်ကို ဘာလို့ အဘိုးကြီးလို့ ခေါ်ရတာလဲ၊ ဒါ ဦးလေးသားချင်း အရွယ်ကွ၊ ပြီးတော့ သူက သူ့ကို အဘိုးကြီးလို့ ပြောရင် တအားစိတ်ဆိုးတာပဲ၊ မင်းသာ သူ့ကို အဲလိုခေါ်မှန်းသိရင် မင်းဗယာကြော်သုပ်ကို ဘယ်တော့မှ စားမှာမဟုတ်တော့ဘူး၊ သူတို့အိမ်က လူတွေကိုလည်း ပေးပြီးစားခိုင်းမှာ မဟုတ်တော့ဘူး၊ အိုကွာ ... ကုန်ကုန်ပြောမယ်၊ မင်းနောက်ကို ဒီလမ်းထဲကိုတောင် လာရောင်းရမှာ မဟုတ်တော့ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ငါပြောလိုက်ရမလား"

"ဟာ ... မလုပ်ပါနဲ့ အစ်ကိုရယ်၊ ကျွန်တော် ယောင်ပြီး ထွက်သွားတာပါ၊ ဟိုလေ စောစောက ကျွန်တော် ဘာမှ မပြောခဲ့ဘူးလို့ပဲ မှတ်လိုက်ပါ"

"အေး ... ကောင်းပြီ၊ ဒါဆိုရင် မင်းလည်း စောစောက ငါပြောတာကို ယောင်လို့မှ ပြန်မပြောနဲ့ ကြားလား"

"စိတ်ချပါ အစ်ကိုရဲ့"

"ဦးလေး စားပါဦးလား၊ ကျွန်တော်တော့ ဗိုက်ဆာတာနဲ့ ရောက်ရောက်ချင်း စားလိုက်ပြီ"

"နေပါစေတော့ကွာ၊ ဒီနေ့ မစားတော့ပါဘူး၊ အလုပ်တွေ များနေတာနဲ့ နှစ်နာရီလောက်ကမှ နေ့လယ်စာစားပြီးတော့ ဗိုက်ထဲမှာ မဆာတော့ဘူးလေ"

"ကဲ ... ဗယာကြော်ရေ၊ မင်း ကြားတယ်မို့လား၊ ရော့ ငါ့ အတွက် ကျသင့်ငွေ၊ မင်း သွားနိုင်ပြီ"

"အစ်ကိုတို့ ဘာပြောကြမလို့လဲ"

"ဘာပြောပြော မင်းအပူလား"





"မဟုတ်ဘူးလေ၊ ကျွန်တော်လည်း နည်းနည်းပါးပါး နားထောင်ချင်တာပေါ့"

"မထောင်ရဘူးကွာ၊ မင်းနဲ့ ဘာဆိုင်လို့လဲ၊ တခြားမှာ သွားရောင်းတော့"

"အစ်ကိုကလည်းဗျာ၊ ဘော်ဒါစိတ် မရှိဘူး၊ ဘာပဲဖြစ်ဖြစ် ဆိုးတိုင်ပင် ကောင်းတိုင်ပင်ပေါ့"

"မင်းကွာ၊ သူများကိစ္စကို ကြားကနေ မနေနိုင် မထိုင်နိုင်"

"ဒီလိုရှိပါတယ်အစ်ကို၊ တခြားလူတွေကိစ္စကို ကျွန်တော် စိတ်မဝင်စားပါဘူး၊ ခုဟာကတော့ အစ်ကိုကလည်း လူချော၊ အစ်မလေးကလည်း ဥမ္မာဒန္တီလို အရမ်းလှနေတော့"

"ဟော့ကောင် ... မင်းက ဥမ္မာဒန္တီကို မြင်ဖူးလို့လား"

"မြင်တော့ ဘယ်မြင်ဘူးမှာလဲ အစ်ကိုရဲ့၊ အဲ ... ဒါပေမဲ့ ကျွန်တော်တို့ ငယ်ငယ်က စမ်းချောင်းက တန်ဆောင်တိုင် မီးထွန်းပွဲမှာ တေးသရုပ်ဖော် ကကြတော့ အဲဒီ ဥမ္မာဒန္တီက အရမ်းလှလို့ မြင်ရတဲ့ ပုဏ္ဏားတွေ ပက်လက်တွေလန် အကြောတွေဆွဲ၊ ပါးစပ်ထဲက အမြှုပ်တွေထွက်၊ မျောက်



www.burmeseclassic.com

www.burmeseclassic.com



လျှက်တွေလဲ ဖြစ်ကုန်ကြသလို သိဝိမင်းကြီးလည်း ဆင်
ပေါ်က ပြုတ်ကျပြီး ရှုးကြောင် မူးကြောင် ဖြစ်သွားတာ
မြင်ရတယ်လေ၊ အဲဒါကြောင့် ပြောတာပါ"

"ကဲ ... ထားပါတော့၊ မွင်းစကားကို ဆက်ပါဦး"

"အဲဒီလိုပေါ့ အစ်ကိုရယ်၊ အစ်ကိုတို့နှစ်ယောက်က အရွယ်
ခြင်းမျှ၊ အလှခြင်း နတ်ဖက်လေတော့ အစ်ကိုနဲ့ အစ်
လေးကို ကျွန်တော်က ရစေချင်တယ်လေ၊ အစ်ကိုတို့နှစ်
ယောက် အဆင်ပြေသွားတာကို ကြားထဲကနေ မုဒိတာ
ပွားချင်တဲ့ သဘောပေါ့ အစ်ကိုရယ်"

အမိတာဘာဂျန်း၏ စကားကြောင့် ဦးလှမောင်တ
တဟားဟားနှင့် အော်၍ရယ်လိုက်ပါသည်။

"ကဲပါ ငါ့တူရယ်၊ သူ့ဘာသာသူ နားထောင်ချင်လည်း
နားထောင်ပါစေ၊ သူ့ကြောင့်တော့ မင်းမှာ ဘာအနှောင့်
အယှက်မှ မဖြစ်ပါဘူးကွာ"

"ဦးလေး ... သက်ဦးကို ဘယ်အချိန် သွားကြိုမှာလဲဟင်"

"ကြိုပြီးသွားပြီကွ"





"ဗျာ"

"ဟုတ်တယ်၊ ဒီနေ့ သက်ဦးက နေ့တစ်ဝက်ပြီးရင် ပြန်
မယ်ဆိုလို့ သူ့အမေက ဗိုလ်ချုပ်ဈေးကနေ ဈေးဝယ်ပြီး
အပြန်မှာ သက်ဦးကို ကြိုလာခဲ့ပြီ။ အဲဒါ မင်းစောင့်နေမှာ
စိုးလို့ ငါ တမင်ထွက်ပြောတာ"

"ကျွတ် ... သွားပါပြီဗျာ"

မျိုးမျိုးဇဲက သူ့နဖူးကိုသူ လက်ဖဝါးနှင့် ရိုက်ခါ
စိတ်ပျက်လက်ပျက် ပြောလိုက်သည်။

"အစ်ကိုကလည်းဗျာ ချက်ချင်းကြီးပဲ အားလျှော့လိုက်ပြီ
လား၊ ဒါ တစ်ရက်တည်းကိစ္စမှ မဟုတ်တာ၊ နောက်နေ့
တွေလည်း ရှိသေးတာပဲ"

"ဟုတ်သားပဲ၊ ဗယာကြော်ပြောတာ အမှန်ပဲ၊ ဒီနေ့ မတွေ့
ရလည်း နောက်နေ့ပေါ့ကွ"

"ဦးလေး"

"ဘာလဲ ... ပြောလေ"

"ကျွန်တော် ဦးလေးကို အကူအညီတစ်ခု တောင်းချင်တယ်
ရမလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး တတ်နိုင်တဲ့ အကူအညီဆိုရင်တော့ ပေးဖို့ ဝန် မလေးပါဘူးကွာ၊ ဒါပေမဲ့ ဦးလေးက သူများတွေလိုတော့ လည်လည်ပတ်ပတ် မရှိတာတော့ အမှန်ပဲ"

"ရပါတယ်၊ ကျွန်တော် သဘောပေါက်ပါတယ်၊ ကျွန်တော် က ဦးလေးကို မြင်မြင်ချင်း ဦးလေးသားချင်းလို ခင်မင် လေးစားခဲ့တာဗျ"

"အေးပါကွ၊ ဒါတွေ ပြောနေစရာ မလိုပါဘူး၊ ဦးလေး သဘောပေါက်ပါတယ်"

"ဟိုလေ ... သက်ဦးက ကျွန်တော့်အပေါ် စိတ်ဝင်စားမှု ရှိမှုရှိပါ့မလားဟင်၊ ဦးလေး ဘယ်လိုထင်လဲ"

"ငါ့အထင်တော့ မင်း အဆင်ပြေမှာပါ၊ သက်ဦးကို ငါ အကဲခတ်ရသလောက်ကတော့ မင်းကို စိတ်ဝင်စားနေတဲ့ ပုံပဲ"

"ဗျာ ... ဗျာ ... ဦးလေး ဘယ်လိုပြောလိုက်တယ်"

"သက်ဦးက မင်းကို စိတ်ဝင်စားနေပုံ ရတယ်ကွ"

"ဝမ်းသာလိုက်တာ ဦးလေးရာ၊ သူ ကျွန်တော့်ကို စိတ် ဝင်စားမှန်း ဦးလေး ဘယ်လိုသိလဲဟင်"





"ဒါကတော့ ငါ့တူရာ၊ ဦးလေးလည်း ငယ်ရာက ကြီးလာတဲ့ကောင်ပဲဥစ္စာ၊ ဒီလောက်တော့ အကဲခတ်တတ်ပါသေးတယ်၊ ငါ သူ့ကို ကျောင်းလိုက်ပို့လို့ ခြံဝကို ရောက်တာနဲ့ သူက မင်းရှိတဲ့နေရာကို ဖျတ်ခနဲ တစ်ချက်လှမ်းကြည့်ပြီးပြီ၊ အဲဒါကို ငါက နောက်ကြည့်မှန်ထဲကနေ အကဲခတ်နေလို့ မြင်တာကွ၊ အဲဒီလိုပဲ အိမ်အပြန် ဒီလမ်းထဲကို ချိုးဝင်လိုက်ပြီ ဆိုရင်လည်း မင်းရှိတတ်တဲ့ ဟောဒီနေရာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်ပြန်တာပဲ၊ ပြီးတော့မှသာ မသိသလိုလို ဘာလိုလိုနဲ့ မျက်နှာကို လွှဲလိုက်တာကွ"

"ဟုတ်တယ်၊ ဦးလေး ပြောတာ အမှန်တွေပဲ၊ ကျွန်တော်လည်း ကျွန်တော့်စိတ်ထဲမှာ အဲဒီလိုပဲ ခံစားသိရှိလိုက်ရတယ်လေ၊ အင်း ... ဦးလေး ခုပြောလိုက်တဲ့ စကားတွေဟာ ကျွန်တော့် အတွက်တော့ တကယ့်အားဆေးတွေပဲ ဦးလေးရာ"

"ဒါဆို ပွဲသိမ်းပြီပေါ့ အစ်ကိုရဲ့"

"ဘာပွဲသိမ်းတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကလည်းဗျာ၊ ဒီလောက်ကလေးမှ သဘော
ဘူးလား၊ ချစ်ခြင်းအစ မျက်စိကတဲ့၊ အစ်ကိုတို့နှစ်
ရဲ့ အကြည့်တွေမှာ အချစ်တွေ ပါသွားပြီလေ။
ရှေ့လျှောက်ပြီး အဆင်ပြေဖို့ပဲ ရှိတော့တာပေါ့"

ဒီတစ်ခါတော့ မျိုးမျိုးဇံက အမိတာဘာ
ဘာမှ ပြန်မပြောတော့ပါ။

"ဒါပေမဲ့ ဦးလေးရာ၊ သက်ဦးက ကျွန်တော့်ကို ကြည့်
ကျွန်တော်ကလည်း သက်ဦးကို ကြည့်တယ်၊
အကြည့်ချင်း ဆုံသွားကြတဲ့ စက္ကန့်လောက် တဒင်္ဂ
လေးအတွက် ကျွန်တော့်ရင်ထဲမှာ တလိပ်လိပ်တက်
ဝမ်းသာခဲ့ရသလို ဖျတ်ခနဲ သူက မျက်နှာလွှဲသွားတဲ့
ကျ ပြန်တော့ အရမ်းကို ဝမ်းနည်းသွားရတယ်ဗျာ။
ဘာလို့ ကျွန်တော့်ကို ကြည့်ပြီးမှ မျက်နှာလွှဲပစ်
တာလဲ ဆိုတာကို မေးပေးပါလား ဦးလေးရာ"

"အဟုတ် ဟား ဟား ... ရှုးလည်း ရှုးတဲ့ကောင်ပါ
ဒီမှာ ငါ့တူ၊ မင်း ရည်းစားထားဖူးလား"





"ဟင့်အင်း ... တစ်ခါမှ မထားဖူးဘူး"

"အေး ... အဲဒါကြောင့် ဖြစ်လိမ့်မယ်၊ ဒီတော့ ဦးလေး
ခင်းကို နည်းနည်း သတိပေးချင်တယ်ကွာ၊ အချစ်ရေးကိစ္စ
နဲ့ ဝတ်သက်ရင် မင်း သိပ်ပြီးလည်း ပူပင်သောက မကြီး
နဲ့၊ သိပ်ပြီးလည်း မရှုးနဲ့"

"ဟာ ... ဦးလေးကလည်း မပူနဲ့ဆိုတာကတော့ ထားပါ
တော့၊ မရှုးနဲ့ ဆိုတာက ဘာကြီးလဲ၊ ဦးလေးက ကျွန်တော့်
ကို အရှုးလို့ ဆိုလိုတာလား"

"ဆိုလိုတာ မဟုတ်ဘူးဟ၊ တကယ်ကို ထင်နေတာ၊
ထားပါတော့ကွာ၊ မင်းက လှုငယ်လှုရွယ်မို့ ပွင့်ပွင့်လင်း
လင်း မင်းရဲ့အချစ်တွေကို ဖော်ထုတ်လိုက်တယ်၊ ပြီးတော့
အရှုးတွေ လုပ်သလို တမျှော်မျှော် တအော်အော်နဲ့ လုပ်
နေတယ် ဆိုပါတော့ကွာ။ အဲလိုဆိုရင် ကောင်မလေးက
မင်းကို ဘယ်မှာလာပြီး အထင်ကြီးတော့မှာလဲ၊ မိန်းက
လေးတစ်ယောက်က ယောက်ျားလေးတစ်ယောက်ကို ချစ်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ တစ်ခုခုကို အထင်ကြီးလို့ကွ၊ ဦးလေး

တာကို မင်း သဘောပေါက်တယ်နော်"

ဦးလှမောင် ပြောတာ နည်းနည်းတော့ ဟုတ်

တုတ် ရှိပါသည်။ သူ သက်ဦးကို တစ်ခါမြင် တစ်ခါကြိုက်

ခါ ခုလို နေ့စဉ်နေ့တိုင်း အိမ်ရှေ့မှနေ၍ တမျှော်မျှော် လုပ်

ဟိုတယ်ကြီးတစ်ခုက အပေါက်စောင့်က ဟိုတယ်သို့ လာ

ပြန်သမျှ လူများကို သွားဖြီးကြီးနှင့် ရယ်ပြုံးပြသလို သက်ဦး

ကို တွေ့တိုင်း ရယ်ပြ ပြုံးပြ လုပ်နေပုံတွေက တကယ့်

အပြင် အရူးမဟုတ်တောင် နည်းနည်း ပေါက်တောက်တော

ကေါက်အနေအထားလောက်တော့ ရှိနေပါသည်။

"ဦးလေး"

"ဟေ"

"ခုနတုန်းက ဦးလေးကပြောတော့ ဦးလေးဟာ လည်

ပတ်ပတ် မရှိပါဘူးဆို၊ ခုတော့ ဒီကိစ္စမျိုးတွေမှာ အ

ကျွမ်းပုံရတယ်၊ ဦးလေးစကားနဲ့တော့ တခြားစီပဲ၊ ကျွန်





ကို အကြံကောင်း ဉာဏ်ကောင်းလေးများ ပေးပါလား

ဦးလေးရာ၊ သက်ဦးနဲ့ ကျွန်တော်သာ အဆင်ပြေသွားရင်

ဦးလေးကို ကျေးဇူးရှင်တစ်ယောက်အနေနဲ့ အပီကန်တော့

ပါ့မယ်"

"မလိုပါဘူးကွာ၊ ဦးလေးမှာလည်း နှလုံးသား ရှိပါတယ်၊

အဲဒါကြောင့် မင်းကို သက်သက် ကူညီတဲ့သဘောပါ။

မင်း ဦးလေးပေးတဲ့ အကြံကို လက်ခံနိုင်မှာလား"

"ဟာ ... သိပ်လက်ခံတာပေါ့"

"ဒါဆိုရင် ခုလာမဲ့ တနင်္ဂနွေမနက် ရှစ်နာရီလောက် မင်း

အားလား"

"အားတယ် ဦးလေး"

"ကောင်းပြီ၊ ဒီတနင်္ဂနွေနေ့မှာ ဦးလေးလည်း အားတယ်၊

အိမ်မှာ ဘာအထူးကိစ္စမှ မရှိဘူး၊ အဲဒီတော့ မင်း ဒီနေရာ

ကို မနက်ရှစ်နာရီတိတိမှာ အရောက်လာခဲ့၊ ငါ မင်းကို

တစ်နေရာကို ခေါ်သွားမယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"*ဟုတ်ကဲ့*"

"မင်း ငါ့ကို ယုံတယ်မို့လား"

"ယုံပါတယ် ဦးလေးရ"

"အေး ... ဒါဆိုရင် မင်း ပြန်တော့၊ တနင်္ဂနွေမနက် ရှစ်နာရီတိတိနော်"

"ဟုတ်ကဲ့ စိတ်ချပါ ဦးလေးရယ်"

✣ ⟶ ✣





တနင်္ဂနွေ မနက် ရှစ်နာရီ မထိုးခင် ဆယ့်ငါးမိနစ်ို့မှတော့ မျိုးမျိုးဖုံတစ်ယောက် အင်းလျားလမ်းသွယ်ထဲကာင်ပင်ကြီးအောက်သို့ ရောက်ရှိ၍လာပါသည်။ ခဏအကြာတွင်မောင်က ခြံထဲမှ ထွက်၍လာသည်ကို တွေ့လိုက်ရပါသည်။

"ကဲ ... ငါတို့ ကျိုက္ကဆံဘုရားဘက်ကို မောင်းကွာ"

"ဦးလေးကလည်း ယတြာတွေ ဘာတွေ ချေချင်ရင်လည်း နီးနီးနားနား ရွှေတိဂုံဘုရားကိုပဲ သွားလိုက်ရောပေါ့"

"အဲဒီကိစ္စမျိုး မဟုတ်ပါဘူးကွာ၊ မောင်းမှာသာမောင်းစမ်းပါ"

သည်လိုနှင့်ပင် ဦးလှမောင်နှင့် မျိုးမျိုးဖုံတို့နှစ်ယောက်န်းကျွန်းရှိ ကျိုက္ကဆံဘုရားသို့ ရောက်ရှိ၍သွားပါသည်။



www.burmeseclassic.com

"ကျွန်တော် ရန်ကုန်မှာ နေလာတာ ဒီအသက်အရွယ်ရှိနေပြီ ဒီဘုရားကို တခါမှ မရောက်ဖူးဘူး ဦးလေးရ ဘုရားကြီးက တကယ်သပ္ပာယ်တယ်နော်၊ ပြီးတော့ မျက်စိအေးနားအေး တကယ့်ကို အေးချက်၊ တိတ်ဆိတ်နေတာပဲ"

"အဲဒါကြောင့် ဆရာရော ဆရာကတော်ရော ဒီဘုရားကို တနင်္လာနေ့တိုင်း အစောကြီး အရောက်လာပြီး ပန်းရေချမ်း ဆီမီး သစ်သီးဆွမ်း စတာတွေကို ကပ်လှူပူဇော်လေ့ရှိတယ်လေ၊ သူတို့က တနင်္လာသားသမီးတွေဆိုတော့ တနင်္လာနေ့ တနင်္လာထောင့်မှာ ကောင်းမှုကုသိုလ်တွေ အမြဲလာလုပ်လေ့ရှိတယ်ကွ"

"အဲဒီအခါအတိုင်း သက်ဦးက လိုက်လိုက်လာတတ်တယ် သူ့အဖေနဲ့အမေ ပုတီးစိပ် တရားထိုင်လုပ်နေတဲ့အချိန်ဆိုရင် သူ့မွေးနေ့ဖြစ်တဲ့ သောကြာထောင့်မှာ သွားပြီး သူက ကြိုက်တိုင်ဘုရားကို ရေသပ္ပာယ်တတ်တယ်လေ"

"အဲဒီတော့ မင်းအတွက် ငါ အစီအစဉ်တစ်ခုကို စဉ်းစားထားတယ်"





"ဘယ်လို အစီအစဉ်လဲဟင် ဦးလေး"

ဦးလှမောင်က သူ့အစီအစဉ်ကို မျိုးမျိုးဖွဲ့အား ပြောပြလိုက်ပါသည်။

"ဖြစ်ပါ့မလားဟ ဦးလေးရာ၊ သူ့မိဘတွေလည်း ပါနေတာ ကျွန်တော် မလုပ်ရဲဘူး"

"ဒီအပတ်မှာ သူ့အဖေနဲ့အမေ ပါမှာမဟုတ်ဘူး ငါ့တူရဲ့၊ ဆရာနဲ့ ဆရာကတော်က မန္တလေးကို ခဏသွားကြမှာ၊ အဲဒါ အိမ်မှာ ကျန်ခဲ့တဲ့ သက်ဦးက မိသားစုအတွက် ဝတ္တရားမပျက် ဘုရားကို လာပြီး အလှူဒါန ပြုရမယ်လေ၊ ဒါကလည်း ဆရာကတော်ကိုယ်တိုင် စီစဉ်ပေးခဲ့တာ၊ အဲ ... ဒီကိုလာရင် ဦးလေးရဲ့ မယောသီနဲ့ အတူတူလာမှာ"

"ကျွန်တော် ကြောက်တယ် ဦးလေးရာ"

"ဒီမှာ ငါ့တူ၊ ကြောက်ရင်လွဲ ရဲ့မင်းဖြစ်တဲ့၊ ဒီလောက်တော့ စွန့်စားရမှာပေါ့ကွ၊ ပြီးတော့ ကြီးကြီးကျယ်ကျယ် ရုပ်ပျက်ဆင်းပျက် ကိစ္စလည်း မဟုတ်ဘူး၊ အေး ... ဒီလောက် သတ္တိနည်းရင်တော့ မင်းဘာသာမင်း အိမ်ကို

www.burmeseclassic.com



မြဲ အိတ်ခန်းထဲဝင်၊ စောင်ခြုံပြီး အိပ်နေပေတော့၊ ကဲ .. ဘယ်လိုလဲ၊ နေလည်းပူလာပြီ၊ မင်း အဲဒီ အစီအစဉ်ကို လက်မခံဘူးဆိုရင် ပြန်ကြရအောင်"

"လက် ... လက်ခံပါတယ် ဦးလေးရယ်"

"ကောင်းပြီ၊ မင်း လက်ခံတယ်ဆိုရင် ငါ လှထုံကို သွားခေါ်မယ်၊ မင်းဒီက ခဏစောင့်"

"ဘယ်က လှထုံလဲ"

"တော်ကြာနေ တွေ့ရမှာပေါ့ကွာ"

ဦးလှမောင်တစ်ယောက် သူ့အနားမှ ထွက်သွားပြီး ခဏအကြာတွင် ဆယ့်သုံးလေးနှစ်အရွယ်ခန့်ရှိ ကောင်လေးတစ်ယောက်နှင့်အတူ ပြန်လည်ရောက်ရှိလာပါသည်။ ကောင်လေး၏ ရုပ်ရည်လေးက သန့်သန့်ပြန့်ပြန့် ရှိပါသော်လည်း အဝတ်အစားကတော့ အတော်လေးကို ဟောင်းနွမ်း၍နေပါသည်။

"သူက မောင်လှထုံတဲ့ မင်းမြင့်ဖူးအောင် ငါ ပြထားတာ၊ ဒီအစီအစဉ်ဖြစ်အောင် မောင်လှထုံက လုပ်ပေးလိမ့်မယ်၊ မောင်လှထုံကို ဦးလေး အကုန်ပြောပြထားပြီးပြီ"





လှထုံဆိုသော ကောင်လေးက ကျိုက္ကဆံဘုရားအနီးတွင် နေထိုင်ပြီး သူ့အမေက ဘုရားတွင် ပန်းရောင်းသည်။ အဖေ မရှိ။ သူက ဘုရားပေါ်တွင် ဝေယျာဝစ္စအလုပ်များကို လုပ်ပေးရသည်။

သက်ဦးကိုကို ဘုရားကို ရေသပ္ပာယ်သည့်အခါ အနားမှ ရေပုံးနှစ်လုံးဖြင့် အဆင်ပြေပြေ ရေသပ္ပာယ်နိုင်အောင် ကူညီပေးရသည်။ ဤအတွက် သူတို့မိသားစု ဘုရားသို့ လာရောက်သည့်နေ့တိုင်း နေ့တိုင်း ငွေသုံးရာရသည်။

"ဦးလေး ကျွန်တော် သူ့ကို မုန့်ဖိုး ဘယ်လောက်ပေးရရင် ကောင်းမလဲဟင်"

"ဒါတော့ မင်း စေတနာပေါ့ ငါ့တူရာ"

မျိုးမျိုးဇံက လှထုံကို ငွေနှစ်ထောင်ပေးလိုက်ပါသည်။ ဘာမှ မပင်ပန်းသည့် အလုပ်ကလေးတစ်ခုအတွက် ငွေနှစ်ထောင်ကြီးများတောင် ပေးသည်ကို သူက မယူရဲဘဲ မငြင်းမရဲ ဖြစ်နေပါသည်။

"ယူလိုက်လေကွာ၊ ဒီအစ်ကိုက စေတနာနဲ့ ပေးတာပါကွ"



www.burmeseclassic.com

www.burmeseclassic.com



ဦးလှမောင် ပြောတော့မှပင် လှထုံက မျိုးမျိုးခံ လှမ်း၍ပေးသော ငွေနှစ်ထောင်ကို ယူလိုက်ပါသည်။

ဦးလှမောင်က အာမဝန္တခံ၍သာ လိုက်၍ လုပ်ရမည်။ စိတ်ထဲကတော့ အတော်လေးကို တုန်လှုပ်နေပါသည်။

ဘာပဲဖြစ်ဖြစ် နောက်တစ်နေ့မနက် ခြောက်နာရီမှာတော့ ကျိုက္ကဆံဘုရားသို့သွားရန် အဆင်သင့် ဖြစ်နေပါပြီ။ ဦးလှမောင်က ခုနစ်နာရီတိတိ အရောက်လာရန်မှာထားသော်လည်း သူက ဝိရိယကြီးစွာဖြင့် ခြောက်နာရီခွဲသည်နှင့် ကျိုက္ကဆံဘုရားသို့ ရောက်ရှိ၍သွားပါသည်။ ကားကိုပင် သူ စီးနေကျ ဟွန်ဒါစီဗစ် ဆိုပါလျှင် သက်ဦးကိုကိုက ရိပ်မိသိရှိသွားနိုင်သည်မို့ အဖေ လှိုင် ငန်းခွင်တွင် အကြမ်းသုံးသည့် ဟိုင်းလပ်ကားကို ယူလာခဲ့ပါသည်။

အိမ်က ထွက်ခါနီးတုန်းက မိခင်ဖြစ်သူက တစ်ခါမှ မနိုးစဘူး အစောကြီး အိပ်ရာမှ ထခါ သူ့ကိုယ်သူ အပြတ်ရှင်း နေသော သားဖြစ်သူကို ကြည့်ခါ အံ့သြနေပါသည်။

"စောစောစီးစီး ဒါက ဘယ်ကိုတုံး သားရဲ့"





"ကျိုက် ... ကျိုက်ထီးရိုး"

"ဘာရယ် ... ကျိုက်ထီးရိုး ဟုတ်လား၊ မေမေတို့ကိုလည်း ဘာမှ ကြိုပြောမထားပါလား သားရဲ့"

"အဟီး ... မှားသွားလို့၊ ဟိုလေ သားသူငယ်ချင်းတွေနဲ့ ကျိုက္ကဆံဘုရားမှာ အချိန်ချိန်းပုတီးစိပ်မလို့ပါ မေမေ"

"အမယ်လေးတော် ငါ့သားလေးက ဘုရားမှန်း တရားမှန်း သိပြီး လိမ္မာနေလိုက်တာ၊ ဟွန်း ... မင်းအမေကတော့ ဒုတိယအရွယ်ကို ရောက်နေပြီ။ ခုထိ မိုက်လုံးကြီး တုန်းပဲ။ အခါကြီးရက်ကြီးမှာ ဥပုသ်စောင့်ဖို့ပြောလည်း မရ။ အနည်းဆုံး သက်သတ်လွတ်လေးစားပါလားဆိုတာတောင် အသား ငါးမပါရင် ထမင်းစားလို့မရဘူးတဲ့လေ။ ငါ့သားလေးက အတိဓာဝ သား၊ အဖေထက် မြတ်တဲ့သားလေး ... သာဓု ... သာဓု ... သာဓု"

သူ့အမေ စကားမဆုံးခင်မှာပင် မျိုးမျိုးခံက သုတ်ခြေတင်ခါ ထွက်လာခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com



"ဟာ … အစ်ကိုက အစောကြီးပါလား"

"ဝီရိယအကျိုး စောစောနိုး သူခိုးပြေးလိမ့်မည်တဲ့ကွ၊ ဝီရိ
ရှိတော့ ပိုကောင်းတာပေါ့ကွာ၊ ဒါနဲ့ ငါက ဘယ်နေရာ
နေရမှာလဲ လှထုံ"

"လာ အစ်ကို၊ ကျွန်တော် ပြမယ်"

လှထုံက ဇရပ်တစ်ဆောင်နားသို့ မျိုးမျိုးဖုံကို ခေ
သွားပါသည်။

"အစ်ကို ဒီနေရာမှာပဲနေ၊ ဒီနေရာက အစ်မတို့သား
ဘုရားပေါ်တက်လာတာကို လှမ်းကြည့်လို့ရတယ်၊ အဲ
ဦးလေးကြီးနဲ့ ဒေါ်ဒေါ်ကြီးက အဲဟို တနင်္လာထောင့်
ဆွမ်းကပ် ပန်းကပ် မီးပူဇော် ပုတီးစိပ် လုပ်တယ်၊ အ
ကတော့ ဟိုဘက်အကွေ့လေးက သောကြာဂြိုဟ်တိုင်
ဘုရားရေသပ္ပာယ်တယ်၊ ရေခွက်ပေါင်းကတော့ အများ
ပဲ၊ သူ့အဖေရဲ့ အသက်၊ သူ့အမေရဲ့အသက်၊ သူ့ရဲ့အသ
အားလုံး အရေအတွက် စုစုပေါင်းနဲ့ အညီ ရေခွက်လေ



ဘုရားကို ရေသပ္ပာယ်လေ၊ ကျွန်တော် လိုက်ပြီး ရေထား
တာကတော့ အားလုံး ၁၀၈ ခွက်ပဲ အစ်ကိုရဲ့"

"နေပါဦးကွ၊ သူ ဘုရားမှာ ရေသပ္ပာယ်တော့ မင်းက
ဘာလုပ်ပေးရတာလဲ"

"ကျွန်တော်ကလား … အဲ … ကျွန်တော်က အစ်မ ရေ
သပ္ပာယ်နေတဲ့အချိန်မှာ အနားကနေ ရေပုံးကို ပိုက်ပြီး
ရပ်ပေးရတယ်၊ သူ ရေသပ္ပာယ်ဖို့အတွက် ပလတ်စတစ်
ရေပုံးနှစ်ပုံးနဲ့ ဖလားသေးသေးလေးတစ်လုံးကိုလည်း အသင့်
ဝယ်ပေးထားတယ်လေ"

"အေး … ဟုတ်ပြီ၊ ဒီလောက်ဆို ငါ သဘောပေါက်ပြီ"

"ကဲ … အစ်ကို မကြာခင် သူတို့ လာတော့မယ်၊ အစ်ကို
ဟိုနေရာကနေပဲ စောင့်နေ၊ ပြီးတော့မှ အခြေအနေ ကြည့်
ပြီး ထွက်လာခဲ့ပေါ့"

ခုအချိန်မှာတော့ လှထုံဆိုသည့် ချာတိတ်က သူ့ဆရာ
ဖြစ်၍နေပါသည်။ သိပ်ပြီး မကြာလိုက်ပါ ဖြူဖြူဖွေးဖွေး စာပန်း

www.burmeseclassic.com

www.burmeseclassic.com



ချူးထိုးထားသည့် တဘက်လေးကို ပခုံးပေါ်တွင်တင်ကာ ဆင်မြယဉ်သာ၏ ခြေလှမ်းဖြင့် လျှောက်လှမ်းလာသော သက်ဦးကိုကို့ကိုမြင်တွေ့လိုက်ရသည့်အတွက် သူက ဓရပ်တိုင်ကို ကွယ်ကာ အသာခိုး၍ ကြည့်လိုက်ပါသည်။

"လှလိုက်တာ သက်ဦးရယ်၊ လှလိုက်တာကွယ်"ဟု စိတ်ထဲက အကြိမ်တစ်သိန်းလောက် ရွတ်ဆိုနေမိပါသည်။

သက်ဦးကိုကို၏ လှုပ်ရှားမှုများကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိသည့်အချိန်မှာပင် သူ့ရင်မှာလည်း တဒိန်းဒိန်း တဒုန်းဒုန်းနှင့် တရုတ်အသုဘတွင် တီးမှုတ်သည့် ဗုံခရာဝိုင်းကို ထည့်ထားသလို မြည်ဟီးပေါက်ကွဲ၍နေပါသည်။

သက်ဦးကိုကိုက ပထမဦးစွာ တန်လာဆောင့်တွင် ပန်းဆီမီးနှင့် သစ်သီးဆွမ်းများကို ကပ်လှူပူဇော်၍နေပါသည်။ ဒါက သူ့အပေနှင့်အမေအတွက် ဖြစ်ပါလိမ့်မည်။ သူမနှင့်အတူ ပါလာသည့် ဦးလှမောင်၏ ဇနီး ဒေါ်ကြာညွန့်က ပလတ်စတစ်အခင်းလေးကို ဘုရားရင်ပြင်ပေါ်တွင် ခင်းပေးလိုက်ပြီးနောက် ဒေါ်ကြာညွန့်နှင့် သက်ဦးကိုကိုတို့နှစ်ယောက် ဘုရားကို ဝတ်ပြုရှိခိုးနေကြပါသည်။

ကျုံ့ကျုံ့လေးထိုင်နေသည့်အတွက် ကိုယ်လုံးနှင့် အင်္ကျီတိုင်းတည်း ထိကပ်နေသော အဝတ်အစားများကြောင့် သက်ဦးကိုကို၏ ကြော့ရှင်းလှပသော ခန္ဓာကိုယ်ကောက်ကြောင်းလေးမှာ အထင်းသား ပေါ်လွင်၍နေပါသည်။

ခုနေ ကင်မရာသာပါလာခဲ့ပါလျှင် တကယ့်ကို အနုပညာလက်ရာမြောက်သည့် ပုံကောင်းတစ်ပုံကို ရိုက်ယူနိုင်ပါလိမ့်မည်။ ကိုယ်က ချစ်နေမိ၍လားမသိ ဘုရားရှေ့တွင် ကျုံ့ကျုံ့လေးထိုင်နေလိုက်ပုံ၊ အစွန်းအစ မညီသော ထဘီလေးကို သပ်သပ်ရပ်ရပ် ဖြစ်စေရန် ဆွဲညှိပြင်ဆင်ပုံ၊ ဘုရားကို လက်အုပ်ချီပုံ၊ နှုတ်ခမ်းလေး တလှုပ်လှုပ်နှင့် ဘုရားစာများကို ရွတ်ဆိုရင်း ဆုတောင်းနေပုံ၊ ကန်တော့ဝတ်ပြုနေပုံများကို ဗီဒီယိုကင်မရာဖြင့် အစီအစဉ်ကျ ရိုက်ယူကာ အနေးပြ ပြကာ နေ့တိုင်းထိုင်၍ ကြည့်နေလိုက်ချင်သည်။

www.burmeseclassic.com



ခဏကြာတော့ သက်ဦးကိုကိုက ပုတီးစိပ်နေသော ဒေါ်ကြည်သွန့်ကို ထားခဲ့ကာ သောကြာထောင့်ဘက်သို့ လျှောက်လာခဲ့ပါသည်။ ဘုရားပေါ်သို့ သူမ ရောက်ကတည်းက မလှမ်းမကမ်းတွင် အသင့်စောင့်နေသော လှထုံက ရေအိုးစင်နှင့် ရောပိုင်ထားရှိသော နေရာမှ ပလတ်စတစ်ပုံးနှစ်ပုံးကို အပြေးကလေး သွားရောက်ဆွဲယူလာခဲ့ပါသည်။

သက်ဦးကိုကိုက ဘုရားကို ရေသပ္ပာယ်စဉ် တခြား ဘယ်နေရာကိုမှ မကြည့်ဘဲ သူ့အာရုံက သူ ရေသပ္ပာယ်နေသော ဆင်းတုတော်တွင်သာ ထားရှိပြီး ပါးစပ်မှလည်း ဘုရားစာများကို ရွတ်ဖတ်နေတတ်ပါသည်။ လှထုံကလည်း သက်ဦးကိုကို ရေခပ်ရ အဆင်ပြေနိုင်သည့် အနေအထားဖြင့် ရေပုံးကို ပိုက်ပေးထားသည်မို့ သက်ဦးကိုကိုက လှထုံ လက်ထဲမှ ရေပုံးကို လုံးဝ မကြည့်ဘဲ ရေကို တရစပ် ခပ်၍ ဘုရားကို ပူဇော်လျက်ရှိပါသည်။ ဖခင်ဖြစ်သူအတွက် အသက်အလိုက် အရင်ဆုံး ရေ လေးဆယ့်ငါးခွက် လောင်းလိုက်ပါသည်။ သူ့အဖေက လေးဆယ့်လေးနှစ်မို့ တစ်ခွက်ပိုကာ လေးဆယ့်ငါးခွက် လောင်းဖြစ်ပါသည်။





ထို့အတူပင် သူ့အမေက အသက် လေးဆယ့်သုံးနှစ်မို့ တစ်ခွက် တိုးဆောင်းကာ လေးဆယ့်လေး ခွက် လောင်းသည်။ [illegible] သို့က ဆယ့်ရှစ်နှစ်မို့ အပိုတစ်ခွက်ပေါင်းကာ ဆယ့်ကိုးခွက် [illegible]ပါသည်။ အားလုံးပေါင်း တစ်ရာ့ရှစ်ခွက်ပေါ့။

သက်ဦးကိုကိုက အဖေအတွက် ရေသပ္ပာယ်ပေးပြီးလျှင် ဆုတစ်ခါတောင်းသည်။ အမေ့အတွက် ရေသပ္ပာယ်ပြီးလျှင် တစ်ခါ။ သူ့အတွက်ပြီးလျှင် တစ်ခါ စုစုပေါင်း သုံးကြိမ်သုံးခါ ဘုရားရှိခိုး ဆုတောင်းတတ်ပါသည်။

သက်ဦးကိုကိုတစ်ယောက် သူ့အဖေ ဦးကိုကိုအတွက် ရေသပ္ပာယ်ပေးအပြီး မျက်စိမှိတ်ကာ မတ်တတ်ရပ်လျက်သား ဘုရားကို အာရုံပြုနေချိန်မှာတော့ ကြိုတင်စီစဉ်ထားသည့်အတိုင်း လှထုံနှင့် မျိုးမျိုးဇော်တို့ လူချင်းလဲ လိုက်ပါတော့သည်။

ရေက ခွက်ငါးဆယ်ကျော်လျှင် ပထမပုံးထဲရှိ ရေက ကုန်လုကုန်ခင် ဖြစ်သွားပြီမို့ ဒုတိယပုံးကို အချိန်မီ ကောက်၍ ယူလိုက်ရပါသည်။ ဒီသဘောကို လှထုံက သတိမထားမိခဲ့သဖြင့် မျိုးမျိုးဇော်ကို အမှုမဲ့အမှတ်မဲ့ဖြင့် ဘာမှ မပြောခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သက်ဦးကိုကိုက ပလတ်စတစ်ပုံး၏ အောက်ခြေနှင့် ရေခွက်နှုတ်ခမ်းတို့ ထိမိသံကြောင့် ရေပုံးရှိရာသို့ လှည့်ကြည့်လိုက်ပါသည်။

"ဟင် ... ရှင် ... ရှင် ... ဒါက ဘာလုပ်နေတာတုံး၊ ဟို ... ဟို ... ဟိုကောင်လေးကော ... အို ... ဘာတွေမှန်းထဲ မသိဘူး၊ သွားမယ်"

သက်ဦးကိုကိုက လက်ထဲမှ ရေခွက်ကို ပလတ်စတစ်ပုံးထဲသို့ ဂလုံခနဲ ပစ်ချကာ ထွက်ပြေးသွားပါလေတော့၏။

"သက်ဦး ... သက်ဦး ... မပြေးနဲ့ ... မပြေးနဲ့၊ ချော်လဲလိမ့်မယ်"

သက်ဦးကိုကိုက ဦးလှမောင်နှင့် ဒေါ်ကြာညွန့်တို့ ရပ်နေသော နေရာသို့ အပြေးအလွှား ရောက်ရှိ၍သွားပါသည်။ အခြေအနေက ကမောက်ကမ တစ်ခုခု ဖြစ်လာပြီကို ကြည့်လိုက်ရုံနှင့် သိနေသော ဦးလှမောင်က ဘာမှ မသိသလိုမျိုး ပုံဖမ်းလိုက်ပါသည်။





"သမီး ... သမီး ... ဘာဖြစ်လာလို့လဲဟင်"

သက်ဦးကိုကိုက ဖိုလိုက်နေသော သူမ၏ ရင်လေးကို လက်ဝါးလေးနှင့် အသာဖိရင်း အသက်ကို ပြင်းစွာ ရှူနေရပါသည်။ ပြီးတော့မှ ...

"ဟို ... ဟိုလေ ... သမီး ရေသွားယူတိုင်း အနားက ရေပုံးကိုင်ပေးနေတဲ့ လုထုံက မရှိတော့ဘဲ ... အဲ ... အဲဒီနေရာမှာ သူ ... သူ ရောက်နေတယ် ဦးလေးရဲ့"

"သူဆိုတာက ..."

"ဘယ်သူ ရှိရဦးမှာလဲ ဦးလေးရဲ့၊ ဒယ်ဒီမိတ်ဆွေ အန်ကယ် ဦးဇော်ထွန်းဇံရဲ့သား ကိုမျိုးမျိုးဇံပေါ့"

"တောက် ... ဒီကောင် လုထုံ၊ ဘာတွေ လျှောက်လုပ်နေတာလဲ မသိဘူး၊ ဦးလေး ဒီကောင့်လေးနဲ့ တွေ့ပြီး ဆုံးမလိုက်မယ်"

"နေပါစေတော့ ဦးလေးရယ်၊ နောက်ဆို ဒီနေရာကို မလာတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ် ... ဦးလေးကို ခဏလေး အချိန်ပေးပါ၊ သမီး
ဒီကနေပဲ စောင့်နေ၊ ဦးလေး ခုပဲ ပြန်လာခဲ့မယ်၊ ဟဲ့ ...
မကြာ ... သမီးအနားမှာပဲ နေနော်"

"ကလေးအနားမှာ မနေလို့ ကျွန်မက ဘယ်သွားပြီး
ဘာလုပ်ရမှာလဲ"

"အေးပါကွာ ... အေးပါ ... အေးပါ"

ဦးလှမောင်က လှထုံကို သင်စရာရှိတာသင်ကြား
ပေးပြီး မျက်နှာက မှင်သေသေနှင့် လှထုံ၏ အင်္ကျီကုပ်ပိုးစ
ဆွဲကာ သက်ဦးကိုကို၏ အနားသို့ ခေါ်လာခဲ့ပါသည်။

"ကဲ ... လှထုံ မင်း ဒီက သမီးလေးကို အမှန်အတိုင်း
ပြောနော်၊ ဒီကိစ္စ သူ့အဖေ သိသွားရင် မင်းလည်း
မလွယ်ဘူးပဲ"

"ဒီ ... ဒီလိုပါ အစ်မရယ်၊ ကျွန်တော် အစ်မကို ရှေ့
ကိုင်ပြီး စောင့်ပေးနေတယ် မဟုတ်လား၊ အစ်မ ပထ
အကြိမ် ဘုရားကို ရေသပ္ပာယ်ပေးပြီးလို့ ဘုရားကို ရှိုး





ဆုတောင်းနေတဲ့အချိန်မှာ ဟိုး မလှမ်းမကမ်း ဆင်ဖြူတော်
ရုပ်ကြီးနားမှာ ထွန်းထားတဲ့ တံခွန်ကုက္ကားကို မီးစွဲလောင်တာ
မြင်လို့ ကျွန်တော်က ရေပုံးချထားခဲ့ပြီး အဲဒီနေရာကို
မီးသွားငြိမ်းပါတယ်၊ အဲဒီအချိန်လေး အတွင်းမှာပဲ ဘယ်
ကလူတစ်ယောက်လဲ မသိဘူး ရောက်လာပြီး ရေပုံးကို
လှမ်းယူပြီး ပိုက်ထားတာကို တွေ့လိုက်ရတော့ ကျွန်တော့်
စိတ်ထဲမှာ ဒါ အစ်မတို့အိမ်သားထဲက တစ်ယောက်ယောက်
ပဲလား၊ ဒါမှမဟုတ် ကုသိုလ်လိုချင်လို့ ဝင်ပြီး ကူညီပေး
တဲ့လူသားလို့ ထင်သွားတာပေါ့၊ အဲဒီလူကလည်း တော်တော်
ချောတာပဲနော်၊ ကျွန်တော်က ရုပ်ရှင်မင်းသားလားလို့
တောင် ထင်သွားတာ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ဘက်က
ချို့ယွင်းချက် လစ်ဟင်းချက်ကြောင့် ခုလို ဖြစ်သွားရတဲ့
အတွက် အစ်မကိုရော ဦးလေးကိုရော တောင်းပန်ပါ
တယ်"

"ကဲ ... သမီး ဘယ်လိုသဘောရလဲ"



www.burmeseclassic.com

www.burmeseclassic.com



ပြီးသွားမှတော့ ဘာတတ်နိုင်မှာလဲ ဦးလေးရဲ့၊ ခုဟာက ရှော့တ်ရက်ကြီး ဖြစ်သွားတာမို့ သမီး အံ့သြသွားတာပါ။ သူကလည်း အသံမပေး ဘာမပေးနဲ့ အနားကို ရောက်လာတာကို၊ အထူးသဖြင့် အန်ကယ်ဖော်ရဲ့သား မျိုးမျိုးဇံ ဖြစ်နေတဲ့အတွက် သမီးစိတ်ထဲမှာ ပိုပြီး အံ့သြသွားတာ ဦးလေးရဲ့"

"အင်း ... ဦးလေး အထင်တော့ ဒီကောင်လေး သမီးကို စိတ်ဝင်စားပြီး သမီး သွားလာလှုပ်ရှားတာတွေမှန်သမျှ နောက်ကနေ လိုက်ချောင်းနေပုံရတယ်၊ အဲဒါကြောင့်သာ ခုလို လှထုံက မီးသွားငြိမ်းနေတဲ့ အခိုက်အတန့်လေးကို အခွင့်ကောင်းယူပြီး သမီးကို ချဉ်းကပ်တာနေမှာပေါ့၊ ဟွန်း ... ရုပ်ကလေးသနားကမားနဲ့ တော်တော်ဗရုတ်ကျတဲ့ ရှေပ်ကလေး ..."

"ကဲ ... သမီး ဒါဆို ဦးလေးတို့ ပြန်ကြရအောင်နော်၊ ဟော့ကောင် လှထုံ၊ မင်းလည်း သွားတော့၊ အေး ..."





နောက်တစ်ခါ ဒီလိုမျိုးဖြစ်လို့ကတော့ မင်းလည်း နာပြီ သာမှတ်"

ဦးလှမောင်က လှထုံကို သက်ဦးကိုကို မမြင်အောင် မျက်စိတစ်ဖက် မှိတ်၍ ပြလိုက်ပြီး ခပ်တည်တည်နှင့် မောင်းထုတ်လိုက်ပါသည်။

"ဟုတ်ကဲ့ ... နောက် မဖြစ်စေရပါဘူး"

လှထုံက ပြောပြောဆိုဆိုနှင့် သူတို့အနားမှ ထွက်သွားပါသည်။ ဘာမှ မပင်ပန်းလိုက်ရပါဘဲနှင့် ငွေနှစ်ထောင်ရခဲ့သည်မို့ နောက်တစ်ခါ ဒီလိုမျိုး လာ၍ ခိုင်းပါစေဟုပင် သွားရင်းလာရင်း ဆုတောင်းလိုက်ပါသည်။

✤ ⟿ ✤



www.burmeseclassic.com

www.burmeseclassic.com

"မောင်မျိုး မနေ့က ဦးလေး အစီအစဉ် ဘယ်လိုလဲ"

နောက်တစ်နေ့ မျိုးမျိုးဖုန်၏ သရက်ပင်ကြီးအော

တွင် တွေ့ဆုံသည့်အခါ ဦးလှမောင်က မေးလိုက်ပါသည်။

"ဘယ်လိုလဲတော့ မသိဘူး၊ ကျွန်တော်တော့ ဖျားတို

ရောပဲ ဦးလေးရယ်၊ အဲဒီမတိုင်ခင်ညက တစ်ည

အိပ်မပျော်ခဲ့တာတွေ ဘုရားပေါ်မှာ ကျွန်တော့်ကိုလ

တွေ့လိုက်ရော ထိတ်လန့်တကြား ဖြစ်သွားတဲ့ သူ့အ

အရာတွေ၊ ပြီးတော့ ကမူးရှူးထိုးနဲ့ ထွက်ပြေးသွာ

သူ့ဟန်ပန်တွေကို ပြန်တွေးမိတိုင်း ကျွန်တော်လ

ဘာလုပ်ရမှန်းမသိအောင် တုန်လှုပ်ချောက်ချားသွားမိတ

ဦးလေးရာ၊ ဒါနဲ့ပဲ လူက ဖိန်းတိန်းတိန်း ရှိန်းတိန်းတ





ဖြစ်ပြီး ညက အပူ ၁၀၂ အထိတောင် ရှိသွားတယ် ဦးလေးရ"

"အဟတ် ဟတ် ဟား ... မင်းက ဇနီးလသွေးပါပုံရတယ်၊ ဏကယ့်သတ္တိခဲ့ပါလား"

"အဲဒါ သတ္တိနဲ့ မဆိုင်ဘူး ဦးလေးရ၊ အဲချစ်နဲ့ပဲ ဆိုင်တယ်၊ မနေ့က လုပ်ရပ်အတွက် သူ ကျွန်တော့်အပေါ် စိတ်ကွက်ခဲ့ရင်၊ ရွံ့မုန်းသွားခဲ့ရင် အဲဒါ ဦးလေး အပြစ်ပဲနော်"

"အေးပါကွာ၊ မင်းကို ရွံ့မုန်းသွားဖို့နေနေသာသာ ခု မင်းအခြေအနေတွေက အရမ်းကိုကောင်းနေတာ မောင်မျိုးရ"

"ဗျာ ... ဦးလေး ဘယ်လို ပြောလိုက်တယ်"

"ဒီလို ငါ့တူရ၊ အဲဒီနေ့က အိမ်ကို ပြန်ရောက်တော့ သက်ဦးက အဲဒီနေရာကို သူ ဘယ်လိုလုပ်ပြီး ရောက်နေတာပဲ မသိဘူးနော်တဲ့၊ ဦးလေးက သမီးကို ဒီသူငယ် မေတ္တာရှိနေလို့ အမြဲတမ်း နောက်ယောင်ခံလိုက်နေတဲ့အတွက် ဒီနေရာကို ရောက်လာတာဖြစ်မှာပေါ့လို့ ပြောလိုက်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းလိုက်တဲ့ စကား၊ မိလိုက်တဲ့ အသုံးအနှုန်း စကားလုံးကလည်း ကျစ်လစ်ပြီး လိုရင်းကို ကွက်တိ သွားတာပဲလား ဦးလေးရာ၊ ကျေးဇူးကမ္ဘာပဲဗျာ"

"သူက ဘာဆက်ပြောလဲဆိုရင် လူထုံ နေရာမှာ လူတ ယောက် ရုတ်တရက် ရောက်နေတာကို တွေ့လိုက်ရတော့ ပထမ အရမ်းကို လန့်သွားတယ်၊ ချက်ချင်းပဲ သူ ဖြစ်နေ တာကို တွေ့လိုက်ပြန်တော့ မကြောက်တော့ဘဲ အရမ်း အံ့ဩသွားတယ်၊ ဒါပေမဲ့ ခုလိုမျိုး မထင်မှတ်ဘဲ သူ့ကို တွေ့လိုက်ရတာမို့ ရှက်လည်းရှက်၊ စိုးလည်းစိုးရိမ်၊ ဖူ လည်း ထူထူပူပူကြီးဖြစ်ပြီး ထွက်ပြေးခဲ့မိတယ်၊ ခု ပြန်တွေး ကြည့်လိုက်တော့ သူက ကိုယ့်အပေါ် ဘာမှ ရိုင်းရိုင်းစိုင်းစိုင်း ပြုမူခဲ့တာမှ မဟုတ်ဘဲ၊ သက်ဦးအနေနဲ့ ဒီလောက်ကြီး ထွေ့ပျက်စရာ မလိုပါဘူးနော်၊ သူက သက်ဦးကို ဘယ် လိုများထင်သွားမလဲ မသိဘူး၊ အားနာလိုက်တာတဲ့"

"ဦးလေးက အားနာစရာ မဟုတ်ပါဘူး သမီးရယ် သမီးနေရာမှာရှိတဲ့ ဘယ်သူမဆို ခုလိုပဲ ဖြစ်မှာပဲ မနှစ်သိမ့်ဘူးလားဟင်"





"မင်းပဲ လာပြောလိုက်တော့လေကွာ"

"ဦးလေးကလည်း ... ဟဲ ဟဲ"

"အဲ ... မင်းက သက်ဦး မပြေးနဲ့ မပြေးနဲ့ ချော့လဲမယ် လို့ အရေးထဲ အကြောင်းထဲမှာ သူ့အတွက် စိုးရိမ်တကြီးနဲ့ သတိပေးတာကိုလည်း သူ ကျေးဇူးတင်ပါသတဲ့လေ"

"ဒါဆိုရင် သူ ကျွန်တော့်ကို စိတ်ဆိုးမနေဘူးပေါ့နော်"

"စိတ်သာဆိုးရင် ခုလိုမျိုး စကားတွေ ပြောနေပါ့မလား ငါ့ တူရာ၊ ပြီးတော့ မင်းက သူ ကျောင်းသွားကျောင်း ပြန် ဒီနေရာကနေ ဆင့်ဟိုဒင်း ခွေးမျှော်လာလုပ်နေတာ တွေကလည်း မင်းအတွက် အမှတ်ပေးစရာတွေ ဖြစ်နေ တယ်လေ"

"ဒါနဲ့ နေစမ်းပါဦးကွ၊ သူတို့အိမ်မှာ ဘုရားကိုးဆူကျွေး မဲ့ညက မင်း အိမ်ကိုလာရင်း ထွေးစံကြီးကို လေတတ်တိုက် မိသေးတယ်ဆို"

"ဦးလေး ဘယ်လိုလုပ်ပြီး သိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သက်ဦးက ပြောတာလေကွာ၊ ငါ ပြောရဲတယ်၊ မင်း လုပ်သမျှ အရာအားလုံးဟာ သူ့အတွက် အမှတ်ရစရာ ချည်းပဲ ဖြစ်နေပြီကွ"

"အဲဒီတော့ ဘာဖြစ်နိုင်လဲဟင် ဦးလေး"

"မင်းကွာ ... ခေတ်လူငယ် ပညာတတ်တစ်ယောက်ဖြစ် ဒီလောက်တောင်မှ အတွေးအခေါ် ညံ့ရလား၊ မိန်းက တစ်ယောက်က ကိုယ့်ကို ခဏခဏ အမှတ်ရနေပြီဆို မင်းကို ချစ်ဖို့ ငါးဆယ် ရာခိုင်နှုန်း ကိုက်နေပြီပေါ့"

"ဦးလေးရာ ဦးလေးရဲ့ စကားတွေက ကျက်သရေမင် ရှိလိုက်တာ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော် အားတက်သွာ ကျွန်တော် ဆက်ကြိုးစားမယ်ဗျာ"



ကျောင်းပိတ်ရက်မို့ သက်ဦးကိုကို့ကို တွေ့နိုင်စရာ အကြောင်း မရှိသည့်အတွက် အင်းလျားမြိုင်ထဲမှာ နေသည့် ဆယ်ချင်း ကျော်ရှိန်းဝင်းထံ ထွက်လာခဲ့ပါသည်။

အင်းလျားမြိုင်လမ်းထဲသို့ ချိုးကွေ့လိုက်သည်နှင့် ရှေ့မှာ သွားနေသော သက်ဦးကိုကိုတို့အိမ်က ကားကို ၍ မြင်တွေ့လိုက်ရပါသည်။ ကားနှစ်စင်းက အတန်ငယ် လှမ်းနေပါသော်လည်း ကြားခံကား မရှိသည့်အတွက် ကားထဲ သက်ဦးကိုကို ပါသွားသည်ကို မြင်တွေ့နေပါသည်။ ခိုးစီးက ယခု အကွာအဝေးအတိုင်း သူ့ကားကို မှန်မှန်ပင် ၊နှင့်၍ လိုက်လာခဲ့ပါသည်။





www.burmeseclassic.com

www.burmeseclassic.com



ကျော်ရှိန်းဝင်းတို့အိမ်ကို ကျော်လွန်လာသည် သက်ဦးကိုကို၏ ကားက မရပ်သေးသည့်အတွက် သူ ဆက်လက်၍ လိုက်လာခဲ့ပါသည်။ သိပ်ပြီး မသွားလိုက် ကျော်ရှိန်းဝင်းတို့အိမ်နှင့် ခြာတ်တိုင်နှစ်တိုင်ကျော်ကျော် ခြံတစ်ခြံသို့အရောက်တွင် သက်ဦးကိုကို၏ ကားလေးက ထဲသို့ ချိုးဝင်လိုက်ပါသည်။

"ဟင် ... ဒါ မမကြိုင်လှိုင်တို့ခြံပဲ၊ သက်ဦးက မ နဲ့ ဘယ်လိုများ ပတ်သက်နေပါလိမ့်"

မျိုးမျိုးခံက သူ့ကားကို ဘက်ဆုတ်လိုက်ပြီး ကျော်ရှိန်းဝင်းတို့ ခြံထဲသို့ ဝင်လိုက်လာသည်။ ပြီးတော့ ဝင်းကို ခေါ်ကာ ခြံပြင်သို့ လမ်းလျှောက်ပြီး ပြန်ထွက်လာ

"ဟော့ကောင် ... မင်းဥစ္စာက ပြုံးတုံးပြုံတုံး ... နဲ့ ဘာဖြစ်လာတာလဲ"

"ပြီးတော့မှ ပြောမယ်ကွာ၊ သူ ပြန်ထွက်သွား မြန်မြန်ကွာ"

"သူဆိုတာ ဘယ်သူလဲ"





"ဟိုရောက်ရင် မင်းကို ပြောမယ်၊ ခဏစောင့်"

ကြိုင်လှိုင်သင်းတို့ အိမ်ရှေ့သို့ အရောက်တွင် သက်ဦးကိုကို၏ ကားလေးက ပေါ်တီကိုအောက်တွင် ရပ်ထားသည်ကို တွေ့မှ စိတ်ချ၍သွားပါသည်။

"ငါ့ကောင်မလေး အဲဒီအိမ်ထဲဝင်သွားလို့ ကျော်ရှိန်းဝင်းရ"

"ဘာရယ် ... မင်း ကောင်မလေး ဟုတ်လား"

"အေး ... ငါ ကြွေနေတဲ့ ကောင်မလေးကို ပြောတာ"

"မင်းက ငါမသိအောင် ကျိတ်ကြံနေတယ်ပေါ့လေ"

"မဟုတ်ပါဘူး ကျော်ရှိန်းရာ၊ သူနဲ့ ငါနဲ့ တွေ့တာ သိပ်ပြီးမကြာသေးဘူးလေ၊ အခြေအနေကလည်း ဘာမှ မထူးခြားသေးလို့ မင်းကို မပြောတာပါ၊ သူ့ဘက်က ဘာမှ မဟုတ်ဘဲ ငါက ပတ်ချန်းကျင်ကို လျှောက်ပြော လိုက်ရင် ငါ ငပေါကြီး ဖြစ်သွားမှာပေါ့"

"ဒါဆို အခု သူ့ဘက်က ဟုတ်နေပြီပေါ့"

"အဲလိုလည်း ပြောလို့မရသေးဘူးကွ၊ ဒါပေမဲ့ တိုးတက်မှု တော့ နည်းနည်းရှိလာတယ်ဆိုပါတော့၊ ခု မင်းဆီကို လာတာလည်း အဲဒီကိစ္စကို တိုင်ပင်မလို့လာတာ၊ ဒီလိုလာ



www.burmeseclassic.com

www.burmeseclassic.com



ရင်း သူတို့ကားလေးက မမကြိုင်လှိုင်သင်းတို့ ခြံဝင်း
ဝင်သွားတာ တွေ့လိုက်တာလေ၊ သူတို့ချင်း ဘယ်လိုများ
ပတ်သက်နေလဲ မသိဘူးနော်”

ကျော်ရှိန်းဝင်းက ပခုံးကို တွန့်ပြလိုက်ပါသည်။

“မင်း မမကြိုင်လှိုင်သင်းကို သိတယ် မဟုတ်လား”

“ခပ်တောင့်တောင့် ခပ်ဖြောင့်ဖြောင့် အစ်မကြီးကို ပြောတာ မဟုတ်လား၊ မြင်တော့ မြင်ဖူးနေတာပဲ၊ လူချင်းကတော့ မသိဘူး၊ မင်းလည်း သိသားပဲ၊ ဒီရပ်ကွက်က လူတွေက အနံကြီးကျွင်းကျယ်တွေများတယ်လေ၊ ဒီလိုလေးငါးဆယ် အိမ်ကျော်မပြောနဲ့ ခြံချင်းကပ်ပြီးနေတာတောင် တစ်အိမ်နဲ့ တစ်အိမ် အခေါ်အပြောရှိကြတာ မဟုတ်ဘူး၊ စတေကြီး တွေနဲ့ နေကြတာမို့လား”

“ငါ မမကြိုင်လှိုင်သင်းကို နှုတ်ဆက်သလိုလို ဘာလိုလို နဲ့ အိမ်ထဲကို ဝင်သွားရရင် ကောင်းမလား မသိဘူး”

“မင်း ဝင်ချင်ဝင်သွားလေ၊ ငါတော့ မလိုက်ချင်ဘူး”

“အေးပါကွာ၊ ဒါဆိုရင်လည်း အပြင်ကပဲ စောင့်ကြည့်ကြ တာပေါ့”





ပြောပြောဆိုဆို မျိုးမျိုးခံက ကြိုင်လှိုင်သင်းတို့အိမ်နှင့် ...မှာချင်းဆိုင် အိမ်တစ်အိမ်၏ ခြံအပြင်ဘက်ရှိ မြောင်းကူး ...ခုံလေးတွင် ဝင်၍ ထိုင်လိုက်ပါသည်။

ထိုအချိန်မှာပင် ယင်းခြံထဲမှနေ၍ အသက်သုံးဆယ့် ...နှစ်ရှိ လူတစ်ယောက် ထွက်၍ လာသည်ကို တွေ့လိုက်ရပါ သည်။

ထိုလူက မျိုးမျိုးခံနှင့် ကျော်ရှိန်းဝင်းတို့နှစ်ယောက်ကို ...ဘက်ကာ ဘုကြည့်ကြည့်နေလိုက်သည်။

“ဟာ ... အန်ကယ်ကျော်၊ နေကောင်းတယ်နော်၊ မတွေ့ ရတာတောင် အတော်ကြာသွားပြီ”

ပထမတော့ အန်ကယ်ကျော်ဆိုသည့် လူကြီးက မျိုးခံကို အံ့အားသင့်သလို ကြည့်နေပါသည်။ ပြီးတော့မှ ...သွားပြီး သူ့မျက်နှာထားကို ချက်ချင်း ပြင်လိုက်ပါသည်။

“အေး ... အေး ... နေကောင်းပါတယ်ကွာ၊ ငါ ဘယ်သူ တွေလဲလို့ လက်စသတ်တော့ မင်းတို့နှစ်ယောက်ကို၊ အေး ...



www.burmeseclassic.com

www.burmeseclassic.com



မောင်မျိုးနဲ့ အန်ကယ်နဲ့ မတွေ့ကြတာ အတော်ကြာသွား လို့လားမသိဘူး မင်းက တကယ့်လူပျိုကြီးဖားဖားဖြစ်နေ တာကိုးကွ၊ ရုတ်တရက်ဆိုတော့ မှတ်တောင်မမှတ်မိဘူး၊ မင်းတို့ ဒီမှာ ဘာလုပ်နေကြတာလဲ၊ အထဲကို ဝင်ထိုင်ကြလေ ကွာ"

"မဝင်တော့ပါဘူး အန်ကယ်ကျော်၊ ကျွန်တော် မမကြိုင်လှိုင် တို့ဆီကို အလည်သွားမလို့ ထွက်လာတာ၊ ကိုယ့်ရှေ့က ညိုသည်ကားတစ်စင်းက အရင်ဝင်သွားတာနဲ့ သူ ထွက် အလာကို ဒီကပဲ စောင့်ကြည့်နေတာပါ"

"ဟုတ်လား ... ဘယ်သူများလဲ မသိဘူးနော်၊ မင်း မြင်လိုက် သေးလား၊ ကားထဲမှာပါသွားတာ ယောကျ်ားလား မိန်းမ လား"

"အင်း ... အဲဒါတော့ သေသေချာချာ မတွေ့လိုက်ဘူး၊ ကားက မှန်ကာလာဆိုတော့ ပြတ်ပြတ်သားသား မတွေ့ ရဘူး အန်ကယ်ကျော်ရ"





ဒါကတော့ မျိုးမျိုးက ကျော်ကိုကောင်းခေါ် ကျော်မိုး ...င်းကို တမင်မရိုတရိ ဖြစ်အောင် ကလိလိုက်ခြင်း ဖြစ်ပါသည်။ ...ကိုကောင်းက ကြိုင်လှိုင်သင်းကို အကြီးအကျယ် ကြွေနေသူ ...ပါသည်။

"အန်ကယ်တို့ နှစ်ယောက်က ခုထိ မအိုကေသေးဘူး လား"

"အိုကေမှတော့ ငါတို့မွေးတဲ့ကလေး အကြီးကောင်က မင်းလောက်နီးပါး ရှိပြီပေါ့ မောင်မျိုးရာ ... အဟတ် ဟတ် ... ဟား ဟား"

"အဲဒါကတော့ အန်ကယ်ကျော် ညံ့တာပေါ့၊ အန်ကယ်တို့ နှစ်ယောက်က အိမ်ချင်းကလည်း မျက်နှာချင်းဆိုင်၊ အသက် အရွယ်ချင်းကလည်း မတိမ်းမယိမ်း၊ စည်းစိမ်ချမ်းသာချင်း ကလည်း ဘာမှ မကွာ၊ ဒီလောက် အဆင်ပြေနေတဲ့ ဘဝနှစ်ခုကို တစ်ခုတည်းဖြစ်အောင် စွမ်းဆောင်နိုင်ရမှာ ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေကွာ၊ အဲဒါ မင်းတို့ကောင်တွေကိုလည်း အားမ[illegible]ရလို့ပေါ့၊ မင်းဆိုရင် ဆေးရုံမှာ တက်ပြီး သားရေကွင်းပစ်ပြီး ဖြတ်လိုက်တဲ့ လိပ်ခေါင်းလို တစ်ချီတည်း[illegible] ပေါ်မလာတာ နှစ်လုံးပေါက်ပဲ မဟုတ်လား"

"ကျွန်တော့်မှာလည်း ကျွန်တော့် အလုပ်တွေနဲ့ ချာလည်[illegible] ယမ်းနေလို့ပါ အန်ကယ်ဂျော်ရာ"

သူတို့နှင့် စကားပြောနေပါသော်လည်း ဂျော်ဂျီကောင်းတစ်ယောက် ဂနာမငြိမ်ဘဲ အရှေ့ခြံထဲသို့သာ ကွက်ကြည့်ကွက်ကြည့် လုပ်နေသည်ကို တွေ့နေရပါသည်။ သူ့စိတ်ထဲတွင် ကြိုင်လှိုင်သင်းတို့ အိမ်သို့ သူစိမ်းယောကျ်ားတစ်ယောက်များ ဝင်ရောက်သွားသည်လားဟု စိုးရိမ်မကင်း ဖြစ်နေပုံရသည်။

ခဏအကြာမှာတော့ ကြိုင်လှိုင်သင်းတို့ ခြံထဲမှနေ၍ LANDCRUISER ရွှေအိုရောင်ကားကြီးတစ်စီးက ထွက်လာပါသည်။

ကျော်ရှိန်းဝင်းရော မျိုးမျိုးခံရော ဂျော်ဂျီကောင်းရော သုံးဦးသား ယင်းကားကြီးကို ပြူးတူးပြဲတဲနှင့် ဝိုင်း၍ ကြည့်လိုက်ကြပါသည်။



ဂျော်ဂျီကောင်းကတော့ သူ ထင်သလို မဟုတ်ဘဲ ကားနောက်ခန်းထဲတွင် ခပ်ငယ်ငယ် ကောင်မလေးတစ်ယောက် လိုက်ပါသွားသည်ကို တွေ့လိုက်ရသည့်အတွက် ရင်ထဲက အလုံးကြီး ကျသွားကာ ကျေနပ်သွားပါသည်။ မျိုးမျိုးခံကတော့ လူတစ်ပတ်လည်သွားသည်အထိ LANDCRUISERR ကားကြီး၏ နောက်သို့ သူ့အကြည့်များက လိုက်ပါ၍သွားပါသည်။

"ဟော့ကောင် မောင်မျိုး၊ မင်းဥစ္စာကလည်း ဣန္ဒြေမဲ့လှချည်လား၊ ဘာလဲ အဲဒီအထဲမှာ ပါသွားတဲ့ ကောင်မလေးက ... မင်း ..."

"ကဲ ... အန်ကယ်ဂျော် ကျွန်တော်တို့ ပြန်လိုက်ဦးမယ်"

မျိုးမျိုးခံက ဂျော်ဂျီကောင်း၏ စကားကို ဖြတ်၍ ပြောလိုက်ပါသည်။

"နေဦးလေကွာ၊ ချက်ချင်းကြီး ပြန်ကြတော့မလို့လား၊ မင်းပဲ စောစောက ကြိုင်လှိုင်သင်းတို့အိမ်ကို သွားမလို့ဆို၊ ငါပါ လိုက်ခဲ့မယ်လေကွာ"

www.burmeseclassic.com

www.burmeseclassic.com



"အမ်းအစ္စ်ချ် ပြောင်းလိုက်ပြီ အန်ကယ်ကျော်ရာ၊ နောက်ထော့မှ သွားတော့မယ်၊ ကဲ ... ကျော်ရှိန်းဝင်း ပြန်ကြမယ်"

"သေချင်းဆိုးလေးတွေ အတော် ရှုံ့ချည်နှပ်ချည် ဗလောင်းစလဲနိုင်တယ်၊ အခုနတော့ ကြိုင်လှိုင်သင်းတို့အိမ် သွားမယ် ဆိုလို့ ငါ့မှာဖြင့် သူတို့နဲ့ကပ်ပြီး လိုက်သွားရတော့မယ် ထင်ပြီး ပျော်နေတာ၊ ဟွန်း ... ခုတော့ ..."

ကျော်ဂျီကောင်းက မျိုးမျိုးခံတို့ကို စိတ်ထဲမှ ကျိတ်၍ ကျိန်ဆဲနေလိုက်ပါသည်။ မျိုးမျိုးခံကတော့ စောစောတုန်းက ကြိုင်လှိုင်သင်းတို့အိမ်ထဲမှ ထွက်လာသော ကားကြီးထဲမှနေ၍ သူ့ကို အငေးသားလေး လှည့်ကြည့်သွားသော သက်ဦးကိုကိုကို တွေ့လိုက်ရသည့်အတွက် အကျေနပ်ကြီး ကျေနပ်သွားခဲ့သည်။

"ဦးလေး"

"ဟေ"

"သူက ဒီကို ဘယ်လိုရောက်နေတာလဲ မသိဘူးနော်"

"အင်း ... ဦးလေးလည်း အဲဒါကို စဉ်းစားမရဖြစ်နေတာ သမီးရဲ့၊ စောစောက ဂျိမ်း(စ်)ဘွန်းကားထဲကလို ဦးလေးတို့



ကားမှာ လျှပ်စစ်သံလိုက်ပစ္စည်းတစ်ခုကို ကပ်ထားပြီး ရေဒါနဲ့ ဘယ်သွားတယ် ဘယ်လာတယ် ဆိုတာကို လိုက်ဖမ်းနေသလား မသိဘူးနော်၊ အိမ်ရောက်မှ ကားကို သေသေချာချာ လိုက်ရှာရဦးမယ်"

"အဟင်း ဟင်း ... ဦးလေးကလည်း ပြောရော့မယ်၊ သူ့ကို သမီး အံ့သြနေတာက ကျိုက္ကဆံဘုရားကို သွားတုန်းကရယ်၊ ခု အင်းလျားမြိုင်ကိုသွားတာရယ်၊ အဲဒီနှစ်နေရာကို သမီးတို့ သွားတာ သူ ဘယ်လိုလုပ်ပြီး သိနေတာလဲ ဆိုတာကိုပဲ ဦးလေးရဲ့၊ ကြုံကြိုက်လို့ဆိုရင်လည်း အဲဒီ ကြုံကြိုက်မှုဟာ အတော်လေးကို ထူးဆန်းတာပဲနော်"

"ဘာလဲ သမီး၊ မကျေနပ်ဘူးလား၊ မကျေနပ်ရင် ဒီတစ်ခါ သူနဲ့ တွေ့ရင် ဦးလေး ပြောပစ်လိုက်မယ်သိလား"

"ဟာ ... မဟုတ်တာပဲ ဦးလေးရယ်၊ သူက ကိုယ့်ခြံ ကိုယ့်ပိုင်နက်ထဲကို လာတာမှ မဟုတ်တာ၊ သူနေတဲ့ နေရာတွေက အများပိုင်နေရာတွေလေ၊ ဦးလေး သွားပြီး ပြောရင် ဦးလေးပဲ ရှုံးသွားမှာပေါ့၊ ပြီးတော့ ကိုမျိုးမျိုးခံ

www.burmeseclassic.com

www.burmeseclassic.com



ထာ အနှံကယ်တော်ရဲ့သား ဖြစ်နေတယ်ဆိုတာကိုလည်း သတိထားဦးလေ၊ ခု သက်ဦး ပြောတာက သူ့ကို အပြစ်တင်နေတာမဟုတ်ပါဘူး၊ သူ့လှုပ်ရှားမှုတွေအတွက် အံ့ဩထူးဆန်းနေလို့ပါ"

"အေးပါကွယ်၊ သမီးအတွက် အနှောင့်အယှက် မဖြစ်ဘူး ဆိုရင်တော့ ဦးလေး သူ့ကို ဘာမှ မပြောတော့ပါဘူး"

✤ ⟷ ✤



နောက်တစ်နေ့ နေ့လယ်နှစ်နာရီခွဲလောက်တွင် မျိုးမျိုးဖဲတစ်ယောက် အင်းလျားလမ်းသွယ်ထဲသို့ ရောက်ရှိသွားပြန်ပါသည်။ ဒီကနေ့ ကျောင်းပိတ်ရက်မို့ သက်ဦးကိုကို အိမ်မှာပင် ရှိနေလိမ့်မည်ဟု မှန်းဆကာ မတော်တဆ တွေ့ရနိုး မြင်ရနိုး မျှော်လင့်ချက်ဖြင့် ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

သူ ရောက်သွားပြီး အတန်ကြာမှာတော့ ဦးလှမောင်ကြီး အိမ်ထဲမှ ထွက်လာသည်ကို မြင်တွေ့လိုက်ရသည်။

"ဘယ်လိုလဲ မောင်မျိုး၊ မင်းက တော်တော်အားနေတဲ့ ကောင်ပါလား၊ ဒီနေ့ ကျောင်းပိတ်ရက်မို့ မင်းတော့ဖြင့် လာမှာမဟုတ်ဘူးလို့ ဦးလေး ထင်နေတာ၊ ခုတောင် လမ်းထိပ်ကို ထွက်လာရင်း မင်းကို မြင်လိုက်ရလို့ မင်းမှ ဟုတ်မှဟုတ်ရဲ့လားလို့တောင် ထင်သွားတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဦးလေးရာ၊ ကျွန်တော်လည်း မလာ
အောင်တော့ ကြိုးစားတာပါပဲ၊ ဒါပေမဲ့ အချိန်တန်
လည်း နေလို့ထိုင်လို့ မရအောင်ဖြစ်ပြီး ရောက်လာခဲ့
တာပဲလေ"

"စမူဆာ ဗယာကြော်သုပ် အဲလူးပူရီ"

သူတို့စကားပြောနေတုန်းမှာပင် ဗယာကြော်
သည်က လက်တွန်းလှည်းကို တခုန်းဒုန်း တွန်းရင်း ရောက်ရှိ
ပါသည်။

"ဘယ်လိုလဲ ဦးလေး၊ စားလိုက်ကြရအောင်လား"

"အေးကွာ၊ စားကြတာပေါ့၊ အင်း ... မင်းလုပ်တာ
နေလယ် နေ့ခင်း ဒီဗယာကြော်သုပ် ထွက်စားတဲ့အကျင့်
က ပါနေပြီကွ ... ဟဲ ဟဲ"

"ကဲ ... အမိတာဘကျွန်း ထုံးစံအတိုင်း နှစ်ပွဲထည့်
"အစ်ကို ... ဒီနေ့ အစ်ကိုတို့ စားတာကို ကျွန်တော်
ပြုပါရစေ၊ ပိုက်ဆံမပေးပါနဲ့"





"နေပါစေ အမိတာဘကျွန်းရာ၊ မင်း စေတနာကိုတော့
လေးစားပါတယ်၊ ဒါပေမဲ့ မင်းရဲ့ စီးပွားရေးကို မထိခိုက်
စေချင်ဘူး"

"အမယ်လေး အစ်ကိုရယ်၊ အစ်ကို စားလိုက်လို့ ကုန်သွား
တဲ့ တစ်ပွဲနှစ်ပွဲအတွက်နဲ့တော့ ကျွန်တော် မွဲမသွားပါဘူး၊
အဲ ... တစ်ခုတော့ ရှိပါတယ်"

"ဘာများတုံး"

"ဟိုလေ ... အစ်ကိုတို့ ဟိုတစ်နေ့က တိုင်ပင်တဲ့ကိစ္စ
အဆင်ပြေသွားမသွား သိချင်လို့ပါ"

"ဘာရယ်"

"ဒီလိုလေ အစ်ကို၊ ဟိုတစ်နေ့က ဦးလေးကြီးက တနင်္ဂနွေ
မင်း ဒီနေရာကို မနက် ရှစ်နာရီတိတိမှာ အရောက်လာခဲ့၊
မင်းကို တစ်နေရာရာကို ခေါ်သွားမယ်ဆိုတာလေ"

"အဲဒါ ဘာဖြစ်လဲ"

"အဲဒါ အစ်ကိုကို ဘယ်ခေါ်သွားလဲ၊ အစ်ကိုတို့ ဘာတွေ
တိုင်ပင်ပြီး ဘာတွေ လုပ်ခဲ့ကြ၊ ဘာတွေ ဖြစ်ခဲ့ကြလဲဆိုတာ
ကျွန်တော် အရမ်းသိချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဟတ် ဟား ဟား ... မင်းကွာ၊ လက်စသတ်တော့ အဟောကြော်သုပ်နှစ်ပွဲ ကျွေးပြီး သတင်းမေးတာကိုး၊ မင်းမိုးသူများကိစ္စကို စပ်စပ်ဖာဖာ သိချင်တယ်လို့ကွာ"

"အဲဒါ ဝါသနာမို့ပါ ဦးလေးရာ၊ ကျွန်တော် သေမတတ်ကို သိချင်နေလို့ပါ၊ ဟိုနေ့တွေကလည်း ဒီဘက်ကို မရောက်လာနိုင်ခဲ့တာ၊ အဲဒီကြားထဲမှာ ကျွန်တော် နေလို့ တိုင်လို့ကို မရတော့ဘူးဗျ"

အမိတာဘာဂျန်း၏ စကားကြောင့် ဦးလှမောင်ကော မျိုးမျိုးခံပါ တဟားဟားနှင့် ရယ်မောလိုက်ကြပါသည်။

"မင်းက ဘာလို့ ဒီဘက်ကို မရောက်နိုင်တာလဲ"

"တိတိစီက စာမေးပွဲရှိနေတော့ အဲဒီမှာထင် ရောင်းလို့ကုန်ကုန်သွားလို့ ဦးလေးရဲ့၊ ကဲပါ ဦးလေးရာ၊ တစ်ယောက်ကို တစ်ပွဲမဟုတ်ဘူး၊ နှစ်ပွဲ သုံးပွဲ ကြိုက်သလောက်စားပါပေမဲ့ ဒီတုန်းက ဘာတွေ ဖြစ်ခဲ့တယ်၊ ဘာတွေ လုပ်ခဲ့တယ်ဆိုတာကိုတော့ ကျွန်တော့်ကို ဘော်ဘော်တစ်ယောက်လို သဘောထားပြီး ပြောပြပါလားဟင်"





"ဟော့ကောင် ... မင်းက ဘာကောင်မို့လို့ ပြီးခဲ့တဲ့ကိစ္စတွေကို အစီရင်ခံနေရမှာလဲ၊ ခု တို့ပြောမဲ့ကိစ္စကို မင်းဟာမင်း နားထောင်ချင်ထောင်၊ မထောင်ချင်နေ၊ အရင်ကဟာတွေကိုတော့ လေကုန်ခံပြီး ပြန်ပြောမနေနိုင်ဘူး"

"ကျွန်တော်က စေတနာနဲ့ပါ အစ်ကိုရယ်၊ ကူညီစရာရှိရင်လည်း ကူညီရအောင် မေးတာပါ၊ ဥပမာ အစ်ကိုနဲ့ အစ်မလေးနဲ့ အဆင်ပြေဖို့အတွက် ဗေဒင်မေးချင်လား၊ ယတြာချေချင်လား၊ ဓာတ်ဆင်ဓာတ်ရိုက် လုပ်ချင်လား၊ ကျွန်တော်နဲ့ သိတဲ့ ဆရာကြီးတစ်ယောက်ရှိတယ်၊ အဲဒီဘက်မှာ အရမ်းနာမည်ကြီးတယ်၊ အရမ်းလည်း စွမ်းတယ် အစ်ကိုရဲ့"

"သူ စွမ်း မစွမ်း မင်းက ဘယ်လိုလုပ်သိတာလဲ"

"အဟဲ ... ကျွန်တော် ကိုယ်တိုင် သူ့ဆီ အကူအညီတောင်းဖူးလို့ပါ"

"ဟေ ... ဟုတ်လား၊ ပြောပါဦး၊ မင်းက ဘာတွေ အကူအညီတောင်းလို့ ဘာတွေ ဖြစ်နဲ့ အောင်မြင်ခဲ့တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောရမယ်ဆိုရင် ဖာတ်လမ်းက ရှည်မယ် အစ်ကို ဒါပေမဲ့ ကျွန်တော် အတိုချုံးပြီး ပြောပြပါမယ်၊ ဒီလိုပါ ကျွန်တော်က မုန့်လုပ်ဆောင်းကုန်းထဲက ကုလားမလေး တစ်ယောက်ကို သဘောကျနေခဲ့တယ် အစ်ကို၊ သူ့နာမည် က အမာဂျန်ဘီဘီတဲ့၊ နာမည်လေးက မလှဘူးလား အစ်ကို ... အဟီး"

"ဟေ့ကောင် ... အရေးထဲမှာ ဘူးထမနေနဲ့၊ မင်း စကား ကို ဆက်ပြီး ပြောမှာသာပြော"

"သူက အရမ်းလှတယ် အစ်ကို၊ ပြောရရင် ကျွန်တော် ငယ်ငယ်က သိပ်သဘောကျခဲ့တဲ့ အိန္ဒိယရုပ်ရှင်မင်းသမီး ဘာဂျန်တီမာလာနဲ့ သိပ်တူတာပဲ၊ သူ့ကို စိတ်ဝင်စားခဲ့ တာလည်း သူ့နာမည်ထဲမှာ အဲဒီ ဂျန်ဆိုတာလေး ပါလာလို့ ပဲ အစ်ကို၊ ကျွန်တော်က သူ့ဆီကို စာရေးရင် ဂျန်ဂျန်လို့ ရေးတယ် အစ်ကိုရဲ့၊ မိုက်တယ်နော်"

"ဒါပေမဲ့ လောကကြီးက မတရားဘူး အစ်ကို၊ လူတွေဟာ အချစ်ကို သစ္စာတွေမေတ္တာတွေနဲ့ မတိုင်းတာဘူး၊ ငွေနဲ့ပဲ





တိုင်းတာကြတယ် အစ်ကိုရဲ့၊ ဂျန်ဂျန်တို့က ပိုက်ဆံရှိတယ်၊ သူ့အဖေက အဲဒီမုန့်လုပ်ဆောင်းကုန်းမှာ ဒန်အိုးပေါက် ကြေးအိုးပေါက်၊ ပုလင်း၊ နို့ဆီဘူးခွံ၊ သတင်းစာစက္ကူ၊ သံတိုသံစကအစ အကုန်ဝယ်တဲ့ ဒိုင်ကြီးလေ၊ ကျွန်တော်တို့ က ဆင်းရဲတယ်၊ ကျွန်တော့်အဖေက ထီးပြင်တယ်၊ ဖိနပ်ချုပ်တယ်၊ တကယ်ဆိုရင် ဆရာရယ် ရိုးသားစွာနဲ့ ကိုယ့်ထမင်းကိုယ် ရှာစားနေကြတဲ့လူတွေပါ၊ အလုပ်မှန် သမျှ ဂုဏ်ရှိစွမို့ သူတို့သမီးနဲ့ ကျွန်တော့်ကို ဘာများ သဘောမတူနိုင်စရာရှိလဲ၊ ပြီးတော့ ကျွန်တော်က ရှစ်တန်း အထိ စာဖတ်ခဲ့တဲ့ကောင်၊ သူတို့သမီးက စတုတ္ထတန်းအထိ ပဲ ပညာသင်ဖူးခဲ့တာပါ ...

ထားလိုက်ပါတော့လေ၊ အရင်က ဂျန်ဂျန့်ကို အပြင် လေးဘာလေး ပေးထွက်တယ်၊ အဲ ... ကျွန်တော်က လိုက်နေမှန်းသိတော့ လုံးဝကို အပြင်ပေးမထွက်တော့ဘူး၊ သူ့မျက်နှာလေးကို တွေ့ချင်လွန်းလို့ အိမ်ရှေ့ကို ဖြတ် လျှောက်တော့လည်း သူ့အစ်ကိုတွေနဲ့ သူ့အဖေတည့်

www.burmeseclassic.com



တွေက ထွက်ရိုက်မယ်လုပ်လို့ ကျွန်တော့်မှာ အိမ်ရှေ့လေးကတောင် ဖြတ်မကျော်ရဲတော့ဘူး၊ သူ့ကို သိပ်သတိရပြီး သိပ်လွမ်းလာရင် သူတို့လမ်းထိပ်က လက်ဖက်ရည်ဆိုင်လေးမှာ သွားထိုင်ပြီး သူတို့အိမ်ကို မျှော်မျှော်ကြည့်ရတာ အလုပ်တစ်ခုပါပဲ အစ်ကို ...

ဒီကြားထဲမှာ အဲဒီ လက်ဖက်ရည်ဆိုင်က ကက်ဆက်ကနေ ဂျေညီညီရဲ့ အလွမ်းကဗီးဆိုတဲ့သီချင်းကိုများ ဖွင့်လိုက်ရင် ကျွန်တော် အဲဒီဆိုင်ထဲမှာပဲ လူတွေကို မရှက်နိုင်ဘဲ ချုံးပွဲချ ငိုခဲ့ရပါတယ် အစ်ကို"

တကဲ့ယ်ကို အရှုလိုက်သည်းလိုက် ပြောဆိုနေသော အမိတာဘချန်းကို ကြည့်ကာ မျိုးမျိုးဖိုခမျာ ရယ်ရအခက် ငိုရအခက် ဖြစ်နေပါသည်။

"အစ်ကိုကော အဲဒီသီချင်းကို ကြိုက်လားဟင်"

"ဟာ သိပ်ကြိုက်တာပေါ့ကွာ"

"ဟုတ်တယ် အစ်ကို၊ အနုပညာလက်နက်ဟာ အရမ်းအစွမ်းထက်တယ်၊ ကျွန်တော် မစားနိုင်ဘူး၊ အစ်ကို၊ နောက်ပြီး



တစ်ခါတစ်ခါ ရေဒီယိုကလာတဲ့ သီချင်းတစ်ပုဒ်ကို ကြားရရင်လည်း စောစောတုန်းကလိုပဲ ကျွန်တော် မျက်ရည်ကျရတယ် အစ်ကို"

"မင်းက တော်တော်မျက်ရည်လွယ်တဲ့ကောင်ပဲကိုး၊ ဘုန်းကြီးပျံတွေ ဘာတွေမှာ လိုက်ပြီး ယောင်ကျူးဖို့ကောင်းတယ်"

"ဒီလိုတော့ မပြောပါနဲ့ ဦးလေးရယ်၊ အချစ်နဲ့ တွေ့ရင် ဘယ်သူမှ မခံနိုင်ပါဘူး၊ လောကကြီးမှာ အချစ်ဆိုတာ အစွမ်းအထက်ဆုံးအရာ၊ အင်အားကြီးမားဆုံးအရာတစ်ခုပါ"

"ဒါနဲ့ မင်း စောစောကပြောတဲ့ သီချင်းက ဘာသီချင်းများတုံး"

"ပြည်လှဖေဆိုထားတဲ့ ပပဝင်းဝင်းသီချင်းလေ အစ်ကို၊ အဲဒီသီချင်းထဲမှာ ...

"ဘယ်သောအခါများ တူနှစ်ကိုယ်နီးရပါမယ် မောင်ကြွယ် နတ်ပန်းထက်ပင်ခူးရခက်သေးတယ် ဆိုတာရယ်၊ တူမောင်မယ်နီးဖို့ရယ် ခင်နှမရယ် ခက်သေးတယ် မိဘ

www.burmeseclassic.com

www.burmeseclassic.com



ဓောင်ဘွား အစ်ကိုတွေကြားမယ် ယက္ခဂုမ္ဘာန် ဝိုင်းရံပတ်လို့ ရယ် စောင့်ကြပ်တဲ့ နတ်ပန်းအာသာဝတီနွယ် ဆိုတဲ့ အပုဒ်ရယ်ဟာ ကျွန်တော့်ရင်ကို အရမ်းထိခိုက်စေတယ် အစ်ကို"

"ကဲပါကွာ ... ခုန မင်း ပြောတဲ့ ဆရာကြီးအကြောင်းတွေ ဆက်ပါဦး"

"တစ်နေ့တော့ ကျွန်တော်တို့ ရပ်ကွက်ထဲက ယောကျ်ားအ မယားငယ်ယူသွားတဲ့ မိန်းမကြီးတစ်ယောက်က အဲ ဆရာကြီးနဲ့ တွေ့ပြီး သူ့ရဲ့ ယတြာအစွမ်းကြောင့် သူ့ ယောကျ်ား အိမ်ကို ပြန်ရောက်လာတဲ့အကြောင်း ပြောသံ ဆိုသံ ကြားရတော့ ကျွန်တော်လည်း အဲဒီမိန်းမကြီးဆီက လိပ်စာတောင်းပြီး ဆရာကြီးဆီကို သွားတာပေါ့၊ အဲ မိန်းမကြီး အပြောအရ ဆရာကြီးက ပီယဆေးမှာလည်း အစွမ်းထွက်တယ်လို့လည်း သိထားတော့ ကျွန်တော်လည်း ရှိသမျှပိုက်ဆံလေးယူပြီး ဆရာကြီးဆီ ရောက်သွားတာ ပေါ့ ...





"တိုတိုပြောရရင် ဆရာကြီးက ကျွန်တော့်ကို ကျွန်တော့်ကောင်မလေး နာမည်ကိုမေးပြီး မှိုင်းကိုင်စက္ကူပေါ်မှာ ခဲတံနဲ့ လေးထောင့်ကွက်လေးတွေရေး၊ အဲဒီအထဲမှာ ၁,၂,၃,၄, စတဲ့ ဂဏန်းတွေ ရေးထည့်ပြီး အဲဒါကို အိမ်ရောက်ရင် ပြာချ၊ ပြီးရင် ရေနဲ့ဖျော်သောက်၊ သောက်ပြီးတာနဲ့ ကောင်မလေး အိမ်ရှေ့ကို အရောက်သွားပြီး သူ့အိမ်ရှေ့တည့်တည့်မှာ မြေကြီးကို ဖနောင့်နဲ့ ခုနစ်ချက်ပေါက်ရမယ်လို့ ပြောတယ် ...

"အဲ ... ဖနောင့်နဲ့ ပေါက်တဲ့အခါလည်း ပါးစပ်ကနေ ဂျွန်ဂျွန် တစ်ယောက် ငါ့ဆီရောက် နောက်ဆရာပျောက် ပေါက်ဆရာရောက်လို့လည်း အော်ရမယ်တဲ့လေ"

ဒီတစ်ခါတော့ မျိုးမျိုးဖဲ မနေနိုင်တော့ပါ။ ပါးစပ်ဟ သီးအောင်ပင် ရယ်မိပါတော့သည်။

"ဒါနဲ့ပဲ အဆင်ပြေသွားရောလား"

"ပထမတစ်ခါမှာ မပြေဘူး အစ်ကို၊ မပြေတဲ့အပြင် ကျွန်တော်တောင် အချုပ်ခန်းထဲကို ရောက်သွားသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ဘာဖြစ်လို့"

"ဒီလို အစ်ကိုရဲ့၊ အဲဒီဆရာကြီး ဂဏန်းကွက်တွေ
ပေးလိုက်တဲ့ မှိုင်းကိုင်စာရွက်ကလေးကို ကျွန်တော်
တစ်လမ်းလုံး ဖြန့်ဖြန့်ပြီး ကြည့်သွားတာကိုး"

"အင်းကွက်တွေ ဖြစ်မှာပေါ့ကွာ"

ဦးလှမောင်က ဝင်ပြောလိုက်ပါသည်။

"အား ... ဟုတ်တယ်၊ ဟုတ်တယ်၊ ဆရာကြီးက အဲ
ကျွန်တော်တို့ရဲ့ နေ့နံတွေကိုသွင်းပြီး စီရင်ထားတဲ့အင်း
ကွက်တဲ့၊ ဒီလိုနဲ့ ကျွန်းတောလမ်းထိပ်လည်း ရောက်
ရဲက တွေ့သွားပြီး အဲဒီစာရွက်က ဘာလဲလို့ မေးတယ်
ကျွန်တော်က မသိဘူး၊ ဒါ ဂဏန်းကွက်တွေ ရေး
တာလို့ ပြန်ဖြေလိုက်တော့ ဆရာရယ် ဘာပြောကောင်း
စခန်းထဲ ခေါ်သွားပြီး ချုပ်ထားတော့တာပေါ့။ နောက်
သိရတာက အဲဒါတွေက နှစ်လုံး သုံးလုံး လောင်းက
လုပ်တဲ့ ဘောက်ချာလို့ ထင်သွားတာကိုး ...





"နောက်တစ်နေ့မနက်ကျတော့မှ အဲဒီက ဆရာကြီး တစ်ယောက်ကို အကျိုးအကြောင်း မနည်းရှင်းပြပြီး မယုံရင် ကျွန်တော့်ကို ဓာတ်ရိုက်ဓာတ်ဆင် လုပ်ပေးလိုက်တဲ့ ဆရာကြီးကို သွားမေးပါလို့ ပြောတော့မှ သူလည်း အဲဒီဆရာကြီးကို သိပုံရတယ်၊ ကျွန်တော့်ကို လွှတ်ပေးလိုက်တယ်၊ အ် ... ကျွန်တော့် အင်းချထားတဲ့ စာရွက်ကလေးကတော့ ပြန်မရတော့ဘူး ...

"ဒါနဲ့ နောက်တစ်ကြိမ် ဆရာကြီးဆီ ပြန်ရောက်ပြီး အကျိုးအကြောင်း ပြောပြတော့ ဆရာကြီးက ကျွန်တော့်ကို သနားပြီး ဒီတစ်ခါကျ တစ်ဝက်ခပဲယူပြီး ပြန်လုပ်ပေးရှာတယ်၊ အင်းကိုပြာချ ရေဖျော်သောက်ပြီးရင်လည်း အပေါ့မသွားရဘူးတဲ့၊ အဲဒီမှာ အာနိသင်တွေ ပါသွားမှာစိုးလို့တဲ့၊ ကိစ္စပြီးမှသွားတဲ့၊ သူ့အင်းက တန်ခိုးကြီး အစွမ်းထက်တော့ အဖျက်အဆီး အနှောင့်အယှက်ပွေနဲ့ ခုလိုပဲ တွေ့ရလိမ့်မယ်တဲ့၊ ဘာပဲဖြစ်ဖြစ် နောက်ဆုံးမှာ အောင်မြင်ရမယ်တဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါတော့ ကျွန်တော်လည်း အဲဒီစာရွက်က လေးကို သေသေချာချာ ခါးကြားမှာလိပ်ပြီး အိမ်ကိုယူခဲ့တာပေါ့၊ နောက်တစ်နေ့ ဆရာကြီး အခါပေးတဲ့ မနက် ခုနစ်နာရီတိတိမှာ ကျွန်တော်လည်း အင်းကို ပြာချပြီးတော့ ရေဖျော်သောက်ပြီး ဆရာကြီး မှာတဲ့အတိုင်း ကံ့ကော်ညွန့် ခုနစ်ညွန့်ကို လက်ကကိုင်ပြီး သူ့အိမ်ရှေ့ကို သွားတာပေါ့။ သူတို့အိမ်ကတော့ စောသေးလို့ အလုပ်သမားတွေ မရောက်သေးဘူးလေ၊ ကျွန်တော်လည်း ဆရာကြီး မှာတဲ့အတိုင်း ဖိနပ်ချွတ်တဲ့ပြီး မြေကြီးကို အားရပါးရ ဖနောင့်နဲ့ပေါက်တော့တာပဲ၊ ပါးစပ်ကလည်း ဂျန်ဂျန်တစ်ယောက် ငါးဆီရောက် နောက်ဆရာပျောက် ပေါက်ဆရာရောက်လို့အော်တစ်ခါအော်ပြီးရင် လက်ထဲမှာ ကိုင်ထားတဲ့ ကံ့ကော်ညွန့် တစ်ညွန့်ကိုယူ သူတို့အိမ်ဘက်ကို ပစ်ပေါက်ရတယ် …

"အဲဒီအချိန်မှာ ဈေးသွားဈေးလာနဲ့ လမ်းသွားလမ်းလာတွေက ကျွန်တော့်ကို အရူးထင်ပြီး ကြည့်ကြည့်သွားကြတာပေါ့ …





"ဘာပြောကောင်းမလဲ၊ ခြောက်ချက်လည်း ပေါက်ပြီးရော မြေကြီးထဲမှာ မြုပ်နေတဲ့ ပုလင်းကွဲကြီး ပေါ်လာပြီး ကျွန်တော့် ဖနောင့်ကို ဟက်တက်ခွဲပစ်လိုက်ပါလေရော ဆရာ"

"အဟတ် … ဟတ် … ဟား ဟား"

ဦးလှမောင်ရော မျိုးမျိုးဖဲပါ အမိတာဘာဂျန်း၏ စကားကြောင့် အားပါးတရ ရယ်မောလိုက်မိကြပြန်သည်။

"သွေးတွေဆိုတာ မြင်မကောင်းဘူး အစ်ကို၊ ကျွန်တော်လည်း သူတို့အိမ်ရှေ့မှာ ခွေခနဲလဲသွားပြီး အဘား အဘားနဲ့ အော်နေရတာပေါ့ …

"အဲဒါကို တွေ့သွားတဲ့ သူတို့အိမ်ရှေ့အိမ်က ကုလားတစ်ယောက် ထွက်လာပြီး ကျွန်တော့်ကို ကောင်လေးမင်း ရဲစခန်းကိုသွားပြီးတိုင်၊ ဒါ လမ်းသွားလမ်းလာတွေ ဒုက္ခရောက်အောင် တမင်လုပ်ထားတာ၊ သူတို့အိမ်ကဝယ်တဲ့ ပုလင်းတွေ ကွဲတာကို စနစ်တကျ မပစ်ဘဲ လမ်းပေါ်မှာပစ်လို့ မင်း ခုလိုဖြစ်ရတာ၊ ငြိမ်ခံမနေနဲ့၊ ခုသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကွက်လူကြီးတွေကိုတိုင်၊ ရဲစခန်းကိုတိုင်၊ ဘာညာနဲ့ လာပြောတာပေါ့၊ နောက်မှ သိရတာက အဲဒီလူနဲ့ ကျွန်တော့် ကောင်မလေးရဲ့အဖေက စီးပွားပြိုင်ဘက်တွေမို့ မတည့်ကြ လို့ ခုလို ကျွန်တော့်ကို အတို့အထောင် လုပ်ပေးတာတဲ့

"ကျွန်တော်ကလည်း ဟာ ... မတိုင်ပါဘူး၊ ဒါ ကျွန်တော့်ဘာသာ ကျွန်တော် နမော်နမဲ့နိုင်လို့ ဖြစ်ရတာ ဒီအိမ်က မာမူကြီးတို့နဲ့ မဆိုင်ပါဘူးလို့ ပြန်ပြောလိုက်တယ် လေ၊ အဲဒါကို အိမ်ထဲက အသာကြည့်နေတဲ့ ကောင်မလေး ရဲ့အဖေက ကြားသွားပြီး ကျွန်တော့်ကို အိမ်ထဲခေါ်သွား တယ်၊ ပြီးတော့ အနာကို ပတ်တီးစည်းပေးပြီး ဆေးခန်း ကို ခေါ်သွားပေးတယ်၊ အဲဒီမှာ မေးခိုင်ကာကွယ်ဆေးထိုး ပြီး ခြောက်ချက် ချုပ်လိုက်ရတယ်"

"မင်းကတော့ တကယ့်ကောင်ပါလားကွာ"

"ဘာပဲဖြစ်ဖြစ် အဲဒီအချိန်ကစပြီး သူတို့အိမ်နဲ့ ကျွန်တော် နဲ့ အဆင်ပြေသွားသလို ဂျက်ဂျက်နဲ့ ကျွန်တော်လည်း သင့် ရည်းစား ဖြစ်သွားတယ် အစ်ကို"





"အင်း ... ဟုတ်တော့လည်း ဟုတ်နေပါလား"

"အစ်ကိုရယ် ဟုတ်တော့လည်း မဟုတ်ပါဘူး၊ ဟုတ်ကို ဟုတ်သွားတာပါ၊ ဟုတ်လွန်းလို့ ဟုတ်ဟုတ် ဟုတ်ဟုတ် နဲ့တောင် မြည်နေသေးတယ် ..."

"ကဲ ... ကျွန်တော့် ဆရာကြီးရဲ့ ယတြာက ဘယ် လောက် မှန်သလဲဆိုရင် သွေးထွက်အောင်ကို မှန်တာ အစ်ကို၊ ဒါတောင် သူခိုင်းသလို ခုနစ်ချက် မပေါက်လိုက် ရဘူး၊ ခြောက်ချက်ပဲ ပေါက်ရသေးတယ်၊ အားလုံး အိုကေ သွားတယ်လေ၊ ခုနစ်ချက်များသာ အပြီးပေါက်နိုင်ရင် ဘာတွေများ ဖြစ်ကုန်မလဲ မသိဘူး"။

"ဘာဖြစ်ရမှာလဲကွ၊ မင်း ခြေကြီးကို ဖနောင့်နဲ့ ခြောက်ချက် ပေါက်လို့ မင်းဖနောင့်ကို ခြောက်ချက် ချုပ်လိုက်တယ်မို့ လား၊ အဲ ... ခုနစ်ချက်ပေါက်ရင် ခုနစ်ချက် ချုပ်ရမှာပေါ့၊ ဟုတ်ဘူးလား၊ ဟား ဟား"

ဦးလှမောင်နှင့် မျိုးမျိုးဖုတို့ နစ်ယောက်က အမိတာ ကျွန်း၏ စကားကို စိတ်ဝင်တစား နားထောင်ရင်း လက်ထဲက အာကြော်သုပ်ကိုပင် စားရန် မေ့လျော့နေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အသုတ်တွေ ပွကုန်တော့မယ်၊ စားလေ အစ်ကို"

ထိုအခိုက်မှာပင် အိမ်ကြီးထဲမှ ဦးလှမောင်၏မိန်း
မ ဒေါ်ကြာညွန့်နှင့် သက်ဦးကိုကိုတို့နှစ်ယောက် ထွက်လာကြ
သည်။

ဦးလှမောင်နှင့် မျိုးမျိုးဖံကတော့ ကျောပေးနေသ
အတွက် မမြင်မိပါ။

"ဒေါ်ကြာ ... ဒေါ်ကြာ ... ဟိုမှာ ထိုင်နေတာ ဦးေ
မဟုတ်လား"

"ဟုတ်ပါတော်၊ သူ့ဘေးက ဘယ်ကကောင်လေးလဲ ေ
ဘူး၊ ဒါကြောင့် ဒေါ်ကြာ ပြောတယ် မဟုတ်လား၊ ည
ဦးလေးက သူငယ်ပြန်နေပါတယ်လို့၊ သူက ဘယ်တော့
ရွယ်တူတန်းတူတွေနဲ့ မပေါင်းဘူး။ ကိုယ့်သားအရွ
မြေးအရွယ်တွေနဲ့မှ ပေါင်းတာ သမီးရဲ့ ...

"ဟွန်း ... သေနာကြီး၊ သူက နေ့တိုင်း နေ့တိုင်
ဒီအချိန်ကျ ပျောက်ပျောက်သွားတာ ဒီမှာထွက်ပြီး ဗယ
ကြော်သုပ် ဝယ်စားနေတာကိုး၊ ငါ့မှာတော့ ငါ့ယောကျ်ား





နေ့လယ်နေ့ခင်းများ ဆာပြုနေမလားဆိုပြီး အိမ်မှာလက်
ဖက်လေးသုပ် ထမင်းကြမ်းလေးနဲ့ ထည့်ပေးမယ်လုပ်တော့
ငါ ဗိုက်တင့်နေလို့ မင်းပဲ စားလိုက်ပါ မကြာရယ်၊ ဘာ
ရယ် လုပ်နေတာ့ လက်စသတ်တော့ ဒါကြောင့်ကိုး ...

"ဒါကတော့ ခြော် ... သူ့ခမျာ ပင်ပင်ပန်းပန်း
အမှုစ်လုပ်ရရှာတယ်၊ စားစရာရှိရင် သူပဲ စားပါစေပေါ့
လေ၊ ကိုယ်ကတော့ဆာရင်လည်း အောင့်အည်းပြီး ကိုယ့်
ဗိုက်ကို ကိုယ်နှိပ်လို့ လေတွေပဲ ထုတ်ထုတ်နေရတာယ်"

"တော်ပါတော့ ဒေါ်ကြာရယ်၊ မဟုတ်က ဟုတ်ကတွေ"

"လာ ... အစ်မလေး၊ ဘာစားမလဲ၊ ဗယာကြော်သုပ်လား
အာလူးပွရိုလား"

အမိတ်ဘာဘာဂျန်းက လှမ်း၍ပြောလိုက်သံကြောင့်
လှမောင်ကော မျိုးမျိုးဖံပါ နောက်သို့ လှည့်ကြည့်လိုက်ပါသည်။
တို့နှစ်ယောက်ကို အခုလို အတူတွဲကာ အတွေ့ခံလိုက်ရသည့်
အတွက် ဦးလှမောင် တစ်ယောက် အကြီးအကျယ် ထိတ်လန့်
လှုပ်၍ သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သချင်းဆိုး ကုလားကလည်း၊ သူက မျက်နှာချင်းဆိုင် ရှိနေပါလျက်သားနှင့် ကြို၍သတိမပေး၊ အကယ်၍ သတိပေးသာဆိုပါက မျိုးမျိုးဖဲကို ဒီနေရာကနေ ချက်ချင်းကြီး အခွာခိုင်း၍ ရနိုင်ပါသည်။ သူကတော့ ရှောင်၍တိမ်း၍ မရနိုင်ပါလေတော့။

ဒေါ်ကြာညွန့်က ဦးလှမောင်ကို သူစိမ်းပြင်ပြင်နှယ် မသိကျိုးကျွန်ပြုကာ အမိတာဘာဂျန်း ရှေ့သို့ ရောက်အောင်သွား လိုက်ပါသည်။

"ဟဲ့ ကောင်လေး၊ ဗယာကြော်သုပ်ပါဆယ် ငါးထုပ်လောက် အစပ်လျှော့ အရည်များများ ကြားလား"

"ဟုတ်ကဲ့ ခင်ဗျာ"

အမိတာဘာဂျန်းက သွက်လက်စွာပင် အားလုံးထုပ်ဖို့ များကိုလှီးလိုက်၊ ဗယာကြော် ကော်ပြန့်ကြော်နှင့် စမူဆာတို့ ချေလိုက်၊ ကြက်သွန် နံနံပင် ပူစီနံ ရေတတ်သီးစိမ်းများနှင့် ဆင် ခေါင်းပဲပြုတ်ကို ထည့်လိုက်နှင့် အလုပ်ရှုပ်နေပါသည်။

"ဩော် ... ဟော် ... လက်စသတ်တော့ ဘယ်သူများလဲ လို့ ကိုလှမောင်ကို"





ခေါင်းကြီးငုံ့ကာ ဗယာကြော်သုပ်ပန်းကန်ကို ဖွန်း ဖြင့် တဒေါက်ဒေါက် ခေါက်နေသော ဦးလှမောင်က အသာမော့ ကြည့်လိုက်ရင်း အဟင်းခနဲ တစ်ချက်ရယ်ပြလိုက်ပါသည်။

"ဒီမှာပဲ တစ်ခါတည်း စားသွားပါလား မကြာရဲ့၊ လိုတာ ရှိရင်လည်း ထပ်ထည့်နိုင်တာပေါ့"

"ရှင့်အပူ မပါ,ပါဘူး၊ အိမ်မှာစားဖို့ လာဝယ်တာ မမြင် ဘူးလား"

မျိုးမျိုးဖဲနှင့် အမိတာဘာဂျန်း၏ ရှေ့မှာမို့ ဦးလှမောင် ရှက်၍သွားပါသည်။

"မင်းကလည်းကွာ၊ ငါက အကောင်းပြောတာကို"

"လုပ်မနေနဲ့၊ ပြီးရင် ရှင်နဲ့ကျွန်မ စာရင်းရှင်းရမယ်"

"ဟာ ... မဟုတ်တာပဲ ဒေါ်ဒေါ်ရယ်၊ ခုဝယ်တဲ့ဟာ အားလုံး ကျွန်တော် ရှင်းပါ့မယ်၊ သက်ဦး ... ကျွန်တော် ရှင်းလိုက်မယ်နော်"

မျိုးမျိုးဖဲက သက်ဦးကိုကိုကို ရဲရဲကြီး ရင်ဆိုင်ကာ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အို ... မဟုတ်တာပဲ၊ ကိုမျိုးမျိုးရယ်၊ သက်ဦး
ဝယ်တာ သက်ဦးတို့ ရှင်းမှာပေါ့"

"အဲဒီလိုတော့ မလုပ်ပါနဲ့ သက်ဦးရယ်၊ ဒါကလည်း
တောင့်ကြုံခဲ့မို့ပါ၊ ဒီတစ်ခါတော့ ကျွန်တော်ပဲ ရှင်းလို
ပါရစေ၊ နောက်တစ်ခါကျ သက်ဦးက ကျွေးပေါ့"

"ကိုမျိုးမျိုးကလည်း အားနာစရာကြီး"

"အားနာရမဲ့လူတွေမှ မဟုတ်တာ သက်ဦးကလည်း"

"အဟင်း ဟင်း ဟင်း"

ဩော် ... ခေတ်လူငယ်တွေများ ချက်ချင်း လက်ငင်
ကြီး ဘယ်လို ဘယ်ပုံ ရင်းနှီးသွားကြပါလိမ့်ဟု ဒေါ်ကြာညွန့်
စဉ်းစားလိုက်ပါသည်။

"ကဲ ... ဒါဆို မင်း တွက်လိုက်၊ အားလုံး ဘယ်
လောက်ကျလဲ"

"အင်း ... ပါဆယ်က ငါးပွဲ၊ ဦးလေးနဲ့ဆရာက နှစ်ပွဲပေါင်း
ခုနစ်ပွဲဆိုတော့ အားလုံး တစ်ထောင့်ခုနစ်ရာငါးဆယ် ကျ
တယ်"





"ဘယ်လိုကွ၊ တစ်ထောင့်ခုနစ်ရာငါးဆယ် ဟုတ်လား၊
တစ်ထောင့်နှစ်ရာငါးဆယ် မဟုတ်ဘူးလား"

"တစ်ပွဲ နှစ်ရာငါးဆယ်နဲ့ ခုနစ်ပွဲလေ အစ်ကို"

"နော် ... စောစောတုန်းကတော့ မင်းက တို့နှစ်ပွဲကို
အလကား ကျွေးတာဆိုကွ ... နော် ဦးလေး"

ဦးလှမောင်ခမျာ မျိုးမျိုးဖ၏ စကားကြောင့် ဂိန်
ပင် အော်လိုက်ချင်စိတ် ပေါက်သွားပါသည်။ အမှန်တော့
က ဒီနေရာကို အသုပ်ထွက်စားရင်း မမျှော်လင့်ဘဲ မျိုးမျိုးဖ
လည်း ရောက်ရှိနေသည်ဟု ထင်မြင်သွားစေချင်ပါသည်။
နှင့် မျိုးမျိုးဖနှင့် ရင်းနှီးနေသည်ဆိုသည်ကို အသိမခံချင်ပါ။

ခုတော့ ကုလား၏ လျှာရှည်မှုကြောင့် မျိုးမျိုးဖနှင့်
က ရေးမဆွကပင် အတော်လေး အဖွဲ့ကျနေသည်ဟု ထင်မြင်
ဆစရာ ဖြစ်နေသည်။

ဦးလှမောင်က ခေါင်းကြီးကို အတွင်းသာငုံ၍ ထားပါ
သည်။

"အာ ... ဟုတ်တယ် ... ဟုတ်တယ် ... မေ့သွားလို့ပါ
အစ်ကို၊ တစ်ထောင့်နှစ်ရာငါးဆယ်ပဲပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"အလကား စတာပါကွာ၊ မင်း အလကား ကျွေးမေ့ဲ
ငါက အလကား မစားပါဘူး၊ ရော့ ... ရော့"

မျိုးမျိုးဇံက တစ်ထောင်တန် နှစ်ရွက်ကို လှမ်း၍
ဆးလိုက်ပါသည်။

"မဟုတ်တာပဲ အစ်ကိုရယ်၊ မင်းမှာသစ္စာ လူမှာ ကတိတဲ့
ကျွန်တော် အစ်ကိုတို့အံတွက် မယူပါဘူး"

"မရဘူးကွာ ယူ ... မယူရင် မင်း ဘရာကြော်သုပ်ကို
နောက် ဘယ်တော့မှ မစားတော့ဘူး"

ဒီတော့မှပင် အမိတ္တာဘာဂျန်းက မျိုးမျိုးစံ၏ လက်
ထဲမှ ငွေနှစ်ထောင်ကို လှမ်းယူလိုက်ပြီး နှစ်ရာ့ငါးဆယ် ပြန်၍
အမ်းလိုက်ပါသည်။

"သွားမယ်နော် ကိုမျိုးမျိုး"

"ဟုတ်ကဲ့"

"အိမ်ကိုလည်း လာလယ်လို့ရတယ် သိလား၊ ဒယ်ဒီအ
တော့ မရှိဘူး၊ မာမီ ရှိတယ်"

"နောက်မှလာခဲ့မယ် သက်ဦး၊ ကျေးဇူးတင်ပါတယ်"





ဗယာကြော်သုပ် အထုပ်တွေ ရပြီမို့ သက်ဦးကိုကို
က မျိုးမျိုးဇံကို နှုတ်ဆက်လိုက်ပါသည်။

"ဟိုလူကြီး ဒါ ဘာလုပ်နေတာလဲ ပြန်မယ်လေ"

ဒေါ်ကြာညွန့်က ဦးလှမောင်ကို လှမ်း၍ ခေါ်လိုက်
ပါသည်။

"ပြီး ... ပြီးတော့မှ လိုက်ခဲ့ပါမယ်ဗျာ"

"ကဲပါ ... ဒေါ်ကြာရယ်၊ ဦးလေးက ပြီးတော့ လိုက်ခဲ့မှာပေါ့၊
ဘာလဲ ဒေါ်ကြာက ဒီခဏလောက်ကလေးမှ မခွဲနိုင်ဘူးလား"

"တော်စမ်းပါအေ ... ဒါကြီးများ၊ ဘာလို့ မခွဲနိုင်ရမှာလဲ၊
အမိုက်ကားလာရင် ကြွပ်ကြွပ်အိတ်နဲ့ ထုပ်ပြီး တင်ထောင်
ပေးလိုက်ချင်သေးတယ်။ ဟွန်း"

"ခစ် ခစ် ခစ်"

သက်ဦးကိုကိုက ရယ်မောရင်း မျိုးမျိုးဇံတို့ အနားမှ
ထွက်သွားပါသည်။

"ဟူး"

ဦးလှမောင်က သက်ပြင်းကြီးကို ချလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲ ဦးလေးရ"

"တောက် ... ပြဿနာပဲ ငါ့လူရာ"

"ဘာပြဿနာလဲဟင်"

"မင်းနဲ့ ငါ တွဲနေတာကို သက်ဦး သိသွားသလို ငါ့မိန်း
ကလည်း ငါ့ကို မင်းရဲ့ အခါပေးဦးပုညု လုပ်နေတာမှန်း
သိသွားရင် ငါတော့ ကျွတ်ပြီ မောင်မျိုးရာ"

"ဒီလောက်လည်း စိတ်ဓာတ်မကျပါနဲ့ ဦးရေလးရာ၊ ဦးလေး
အမြင်ပဲ မဟုတ်လား၊ စောစောက ကျွန်တော်နဲ့ သက်ဦး
အဆင်ပြေပြေပဲလေ၊ ဘာမှ မဖြစ်ခဲ့တဲ့အတိုင်း အေးဆေး"

"မင်း မသိဘူးနော်၊ ပင်လယ်သမုဒ္ဒရာမှာ လေနီကြမ်းဆ
မုန်တိုင်းဝင်တော့မယ်ဆိုရင် တစ်လောကလုံး တိတ်ဆိတ်
ငြိမ်သက်နေတတ်သတဲ့"

"ဟုတ်တယ် ဦးလေး၊ ကျွန်တော် အကဲခတ်မိသလော
အစ်မလေးက အစ်ကို့အပေါ်မှာ ကြည်ကြည်ဖြူဖြူ
ကျေနပ်နပ် ရှိပုံပေါက်တယ်၊ အဲဒီတော့ အဒေါ်က ဦးလေး
ကို ပြဿနာလုပ်ခဲ့ရင်တောင် အစ်မလေးက အဒေါ်





နှစ်သိမ့်မှာ ကျိန်းသေတယ်၊ ဘာမှ မစိုးရိမ်ပါနဲ့ ဦးလေးရယ်၊ လင်နဲ့မယားဆိုတာ လျှာနဲ့သွားလို့တောင် ပြောစမှတ်ရှိနေတာပဲ၊ အဲဒီလိုမျိုး ပြဿနာလေးတွေ ရှိနေမှလည်း အချစ်ဆိုတာ အသက်ဝင်နေတာ ဦးလေးရဲ့၊ နောက်ဆိုရင် အဒေါ်အတွက် ကျွန်တော့် ဗယာကြော်သုပ်ကို ပါဆယ်တစ်ထုပ် တစ်ထုပ်သာ ဆွဲသွားပေတော့၊ အားလုံး အဆင်ပြေသွားလိမ့်မယ်"

"သေချင်းဆိုးကုလား၊ သူ့ ဗယာကြော်သုပ် ရောင်းရဖို့ပဲ သိတယ်၊ အိမ်ကျ ငါ့ကို ဟိုတစ်ယောက်က ယောက်မနဲ့ပဲ ခုတ်မလား၊ သနပ်ခါးတုံးနဲ့ပဲ ထုမလား ... တောက် ... ကြီးတောင် ကြီးမားကျခါမှ အပေါင်းအသင်းမကောင်းလို့ မိန်းမရဲ့ နှိပ်ကွပ်မှုကို ခံရတယ်ဆိုတာ ရာဇဝင်ရိုင်းလှတယ်ကွာ"

"ကဲပါ ဦးလေးရာ၊ စိတ်အေးအေးနဲ့သာ ပြန်ပါ၊ ကျွန်တော် သက်ဦးဆီကို ဖုန်းဆက်လိုက်ပါ့မယ်၊ ဦးလေး အတွက် အကာအကွယ်ပေးဖို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် မောင်မျိုး၊ မင်းက အိမ်ပြန်သွားပြီး အိမ်ရှေ့
တော့မှ ဖုန်းဆက်မှာ၊ ခု ငါက အိမ်ထဲကို ဝင်ရတော့
အတီးခံပြီးမှ မင်းဖုန်းဆက်တော့ကော ဘာအသုံးဝင်
မှာလဲ၊ အဲ ... ပြီးတော့ မင်းမှာ သက်ဦး ဖုန်းနံပါတ်
ရှိလို့လား"

"ဦးလေးတို့အိမ် ဖုန်းနံပါတ်တော့ ရှိတာပေါ့၊ ကျွန်
အဖေဆီက ကူးယူထားတာလေ၊ ပြီးတော့ ကျွန်တော်
ဟင်းနိဖုန်း ပါပါတယ် ဦးလေးရ၊ ခုဦးလေးရှေ့မှာ
ဆက်ပြမယ်၊ ဟုတ်ပြီလား"

"အေး ... အဲဒါ မဆိုးဘူး၊ ဒါဆိုရင် ဒီလိုလုပ်ကွာ၊
ဖုန်းကို မဆက်နဲ့ ပေရှည်မယ်၊ မင်း သက်ဦးရဲ့ ဟင်းနိ
ကိုပဲ ဒါရိုက်ဆက်ကြည့်ပါလား"

"ဟင် ... ဦးလေးက သက်ဦးဟင်းနိဖုန်းနံပါတ်ကို
တယ်၊ ဟုတ်လား။ ဟာ ... အရမ်းအဆင်ပြေသွား
ဦးလေးရာ"

"သိတာပေါ့ကွ၊ ငါက သူ့ကို ကျောင်းပို့ ကျောင်း
လုပ်နေရတဲ့လူပဲ၊ သူ့ဖုန်းနံပါတ် သိမထားလို့ ဖြစ်မလား"





"ဒါဆိုရင် သူ့ဖုန်းနံပါတ်ကို ပြောဗျာ"

"၀၉၅၁-----"

ဦးလှမောင်က သက်ဦးကိုကို၏ လက်ကိုင်ဖုန်းနံပါတ်ကို ပြောပြလိုက်ပါသည်။

မျိုးမျိုးဇံက ဘောင်းဘီအိတ်ထဲမှ သူ့လက်ကိုင်ဖုန်းကို ထုတ်ယူကာ သက်ဦးကိုကို၏ ဖုန်းနံပါတ်ကို မယ်မိုရီထဲသို့ သွင်းထားလိုက်ပြီးနောက် ယင်းဖုန်းနံပါတ်ကို နှိပ်လိုက်ပါသည်။

ခဏအကြာမှာတော့ တစ်ဖက်မှ ထူးသံချိုချိုလေးကို ကြားလိုက်ရပါသည်။

"ဟယ်လို"

"ကျွန်တော်ပါ သက်ဦး ... မျိုးမျိုးဇံပါ"

"ဟင် ... ကိုမျိုးမျိုးလား၊ သက်ဦးက တစ်ခါမှ မမြင်ဘူးတဲ့ ဖုန်းနံပါတ်ကို တွေ့လိုက်ရလို့ လန့်သွားတာပဲ၊ ဘာကိစ္စရှိလို့လဲဟင်၊ ခု ကိုမျိုးမျိုးက ဘယ်မှာလဲ"

"သက်ဦးတို့ အိမ်ထိပ်မှာပဲ ရှိသေးတယ်"

"ဩော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ သက်ဦးရယ်၊ တို့က သက်ဦးနဲ့ တွေ့ချင်လို့ သက်ဦးတို့ အိမ်ရှေ့ကို ခဏခဏ ရောက်လာရင်း ဦးလေး ဦးလှမောင်နဲ့ သိကျွမ်းတယ်လေ"

"ဟုတ်ပါပြီ ... အဲဒီတော့"

"အဲဒါကို တို့နဲ့ ဦးလေးနဲ့ ခုလိုမျိုး ရင်းနှီးခင်မင်နေတာကို သက်ဦးက မြင်တွေ့သွားတဲ့အတွက် ဦးလေးက သူ့ကို အထင်လွဲမှာ အရမ်းစိုးရိမ်နေတာ"

"အဟင်း ဟင်း ဟင်း ... လူတစ်ယောက်နဲ့ တစ်ယောက် ခင်တာ မင်တာဟာ အပြစ်မှ မဟုတ်တာ ကိုမျိုးမျိုးရယ်"

"တကယ်ပြောတာလားဟင်"

"သြော် ... ကိုမျိုးမျိုးရယ်၊ ပူစရာမဟုတ်တာကို ပူနေဖြစ်ပါပြီ"

"အဲ ... နောက်ပြဿနာတစ်ခု ရှိသေးတယ် သက်ဦးရဲ့"

"ဘာများပါလိမ့်"

"ခု ဦးလေးဦးလှမောင်က အိမ်ထဲကို ပြန်မဝင်ရဲဘူး ဖြစ်နေတယ်"





"ဟင် ... ဘာဖြစ်လို့"

"ဒီလိုပါ၊ စောစောက ဦးလေးဇနီးက ဦးလေးကို တွေ့သွားပြီး အတော်လေး အစာမကျေ ဖြစ်သွားပုံရတယ်၊ အဲဒါ ဦးလေးက အိမ်ကျရင် အဒေါ်က သူ့ကို ကြိမ်လုံးနဲ့ ဖင်လှန်ပြီး ရိုက်မှာစိုးလို့တဲ့"

"ဟော့ကောင် ... ဟော့ကောင် ... မင်း ဘာတွေလျှောက်ပြောနေတာလဲ"

"ခစ် ... ခစ် ... ခစ်"

မျိုးမျိုးဇံက သူ့ဖုန်း၏ စပီကာကို ကျယ်ထားသည့်အတွက် တစ်ဖက်မှ ပြောနေသည့် အသံကို ပီပီပြင်ပြင် ကြားနေသလို မျိုးမျိုးဇံဘက်မှ ဦးလှမောင်၏ အသံကိုလည်း သက်ဦးကိုကိုကြားလိုက်ရသည့်အတွက် တခစ်ခစ်နှင့် ရယ်မောလိုက်သည်။

"အဲဒါ သက်ဦးရယ်၊ သက်ဦးကလည်း ကူညီပြီး အဒေါ်ကို ဖျောင်းဖျနားချပေးလိုက်ပါနော်"

"အဟင်း ဟင်း ... စိတ်ချပါ ကိုမျိုးမျိုးရယ်၊ သြော် ... ဒါနဲ့ သက်ဦး ဖုန်းနံပါတ်ကို ဘယ်လိုလုပ်ပြီး ရတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး ပြောတာ"

"အာ ... ဟုတ်ကောင်း ... ဟုတ်ကောင်း ... မင်း ရာဇဝတ်
ကို တုတ်နဲ့ထိုးပြန်ပြီပေါ့ကွာ"

"ကိစ္စမရှိပါဘူး ဦးလေးရဲ့၊ သက်ဦးက အဲဘောထား
တယ်၊ ဦးလေးဘာသာ ဦးလေး ခါတိုင်းလိုပဲ အိမ်ထဲ
ရင်ကော့ပြီးသာ ဝင်သွားပါ"

"ဟူး"

ဦးလှမောင်က မတတ်သာတော့သည့်အဆုံး သ
ပြင်းကြီးကိုသာ ချလိုက်ရပါသည်။

"ကျေးဇူးပဲနော် သက်ဦး"

"ရပါတယ်"

"ဩော် ... နောက်လည်း သက်ဦးဆီကို ဖုန်းဆက်
နော်"

"ဒါပဲမှတ်လား၊ သက်ဦး ဖုန်းချလိုက်တော့မယ်နော်"

"ခ ... ခဏနော် သက်ဦး၊ သက်ဦးကို မေးစရာလေးတ
ကျန်သေးလို့"





"ဘာများပါလိမ့်"

"ဟိုလေ ... အင်းလျားမြိုင်ထဲက မမကြိုင်လှိုင်တို့အိမ်ကို
သက်ဦး လာသွားတာတွေ့တယ်၊ အဲဒါ မမကြိုင်လှိုင်တို့နဲ့
ရင်းနှီးလားဟင်"

"အင်း ... သိပ်ပြီး အရင်းနှီးကြီး မဟုတ်ပါဘူး၊ မမလှိုင်
နဲ့ သက်ဦးနဲ့က ညီအစ်မတစ်ဝမ်းကွဲလေ ... အဟင်း
ဟင်း"

"ဟာကွာ ... သက်ဦးကလည်း တကယ်နောက်တယ်"

သက်ဦးကိုကို၏ ဟာသလေးကြောင့် မျိုးမျိုးခက
ပ်မောလိုက်မိပါသည်။

✤ ↔ ✤



www.burmeseclassic.com

www.burmeseclassic.com



မျိုးမျိုးဇံက ကျော်ရှိန်းဝင်းထံ ဖုန်းလှမ်းဆက်[...]
သူ လာခဲ့မည့်အကြောင်း ချိန်းဆိုလိုက်ပါသည်။

"ကဲ ... သူငယ်ချင်း ဘာပြဿနာဖြစ်လာလို့ ငါ့[...]
တကူးတက ချိန်းလိုက်ရတာလဲ"

"ဘာပြဿနာမှ မဖြစ်ပါဘူးကွာ၊ မင်းကို ငါ့ကိစ္စလေး[...]
ပြောပြပြီး တိုင်ပင်ချင်လို့ပါ၊ ဟိုတလောက မကြိုင်လှိုင်[...]
အိမ်ကို လာသွားတယ်ဆိုတဲ့ ကောင်မလေးက မကြိုင်လှိုင်[...]
နဲ့ ညီအစ်မဝမ်းကွဲတဲ့"

"ဟုတ်လား ... မင်း ဘယ်လိုလုပ်ပြီး သိတာလဲ"

"သူ ပြောတာ"

"ဟ ... ဒါဆိုရင် မင်းတို့ချင်း အတော်လေး ရင်းနှီး[...]
ကြပြီပေါ့"





"ဆိုပါတော့"

"ဒါဖြင့် မင်း တိုင်ပင်ချင်တယ်ဆိုတာက"

"ဒီလိုကွာ ... မကြိုင်လှိုင်နဲ့ ငါနဲ့က ခင်မင်ရင်းနှီးနေတာ
ကြာပြီလေ၊ အဲဒါ ငါ့ကောင်မလေးရဲ့ အချစ်ကို ရယူပိုင်
ဆိုင်ဖို့အတွက် မကြိုင်လှိုင်ကို အကူအညီ တောင်းရရင်
ကောင်းမလားလို့"

"မင်းကလည်း ပေရှည်နေပြန်ပြီ၊ ဒီခေတ်က ဥစ္စာရင်လို
ဥစ္စာရင်ခဲခေတ်လေကွာ၊ မင်း သူနဲ့ သိကျွမ်းရင်းနှီးသွားပြီ
ဆိုရင် သူ့ကိုပဲ ဖွင့်ပြောလိုက်ပေါ့"

"အဟဲ ... အဲလောက်ကြီး ငါ သတ္တိမရှိဘူးကွ၊ အချစ်
တစ်ခု ပေါက်ဖွားလာဖို့ဆိုတာက အချိန်ကာလ လိုတယ်လေ၊
သူနဲ့ ရင်းနှီးခင်မင်တဲ့ကာလ ကြာရှည်လာတော့မှ ဖွင့်ပြော
တယ်ဆို ဟုတ်သေးတယ်၊ ခုဟာက စကားတောင်
နှစ်ကြိမ်ပဲ ပြောဖူးသေးတာ"

"ဒါဆို အချိန်စောင့်ပေါ့"

"မစောင့်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း ဘာမှန်းလဲ မသိဘူး"

"ဒီလိုလေကွာ၊ အဲဒီရှည်ကြာမဲ့ကာလကို ငါက အတိုချုံ့ဝစ်ချင်တာ၊ ဆိုလိုတာက ငါ့ဘက်ကလည်း သူ့ကို ချစ်ရိပ်ချစ်ငွေ့တွေ ပြနေသလို တစ်ဖက်ကလည်း သူ့ကိုနားချသိမ်းသွင်း အားတီးပေးမဲ့လူ ရှိခဲ့ရင်၊ ဆိုပါစို့ကွာ တစ်နှစ်ကြာမှ ချစ်မဲ့ကိစ္စ ခြောက်လလောက်နဲ့ ပွဲပြတ်မဲ့သဘောပေါ့"

"အင်း … မင်းပြောတာလည်း သဘာဝကျပါတယ်၊ သူ့ရင်ထဲက အချစ်တွေ အမြန်ဆုံး ပေါ်ပေါက်လာဖို့ မင်းဘက်ကို အမြန်ဆုံး တိမ်းယိမ်းလာဖို့ ကာလဒေသနဲ့ ပယောဂဆိုတဲ့ စေ့ဆော်ပေးမဲ့ ပတ်ဝန်းကျင်အကြောင်းအရာတွေလိုတာပေါ့"

"အေး … အဲဒါကြောင့် ငါ မမကြိုင်လှိုင့်ဆီ ဝင်ပြီး ပေါ်ကြီပဲ အကူအညီ တောင်းလိုက်တော့မယ်၊ ဘယ့်နှယ်လဲ"

"ရုက်ချင်းကြီးဆိုရင်တော့ မကောင်းဘူးကွ၊ လောလောဆယ် ဒီလမ်းထဲ ရောက်ရင်၊ သူ့ကို သတိရလို့ ဝင်ပြီး





နှုတ်ဆက်သလိုလို ဘာလိုလို လုပ်ပြီးမှ ပြောတာက ကောင်းလိမ့်မယ်"

"အင်း … မင်း ပြောတာလည်း ဟုတ်ပါတယ်လေ၊ ငါကလည်း မမကြိုင်လှိုင်တို့ဆီကို မရောက်တာကြာပြီဆိုတော့ ဒီကိစ္စကို အလောသုံးဆယ် ပြောဖို့မသင့်သေးဘူး၊ နေဦးကွ၊ မမကြိုင်လှိုင်ဆီကို သွားရင် အန်ကယ်ကျော်ကြီးကို ဝင်ခေါ်ရရင် ကောင်းမလားမသိဘူး၊ အန်ကယ်ကျော်ကြီးက မမကြိုင်လှိုင်ကို အသေရရ အရှင်ရရ ဖြစ်နေတဲ့လူကြီး၊ တကယ်လို့များ မမကြိုင်လှိုင်က အန်ကယ်ကျော်ကို ကြည်နေတယ်ဆိုရင် ငါ့အတွက် နောက်ထပ် အင်အားသစ်တစ်ခု တိုးတာပေါ့"

"မင်းနဲ့ အန်ကယ်ကျော်နဲ့ တော်တော်ရင်းနှီးလား"

"အေးကွာ … ရင်းတော့ရင်းနှီးတယ်၊ ဒါပေမဲ့ ဒီလူကြီးနဲ့ သိပ်ပြီးလည်း အစေးမကပ်ဘူးကွ၊ ဒီလူကြီးက ကပ်စေးနည်း လူ့ကန့်လန့်ကြီး၊ ငယ်ငယ်တုန်းကဆိုရင် ငါက သူ့ကို လုံးဝကို ကြည့်လို့ရတာ မဟုတ်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



ကြိုင်လှိုင်သင်း၊ မျိုးမျိုးဖံနှင့် ကျော်ကိုကောင်းတို့အ

အရင်ကတည်းက ဒီအင်းလျားမြိုင်တွင် တစ်ရပ်ကွက်တည်း အတူ

နေလာကြသူများဖြစ်ပြီး မျိုးမျိုးဖံ ဆယ်တန်းနှစ်ကို ရောက်ကာ

အင်းလျားမြိုင်မှနေ၍ ယခု နေထိုင်သည့် ပြည်လမ်းခြောက်မိုင်

သို့ ပြောင်းရွှေ့သွားခဲ့ခြင်း ဖြစ်ပါသည်။ ကျော်ရှိန်းဝင်းကတော့

မျိုးမျိုးဖံတို့ ပြောင်းရွှေ့သွားတော့မှ အင်းလျားမြိုင်ကို ရောက်လာ

သူ ဖြစ်ပါသည်။

"အဟင်း ဟင်း ... ငါတို့ ရှစ်တန်းနှစ်လောက်တုန်းက

ပေါ့ကွ၊ ငါရယ် ငါ့သူငယ်ချင်း ဘုန်းကျော်အောင်ရယ်

အဲဒီ ဦးကျော်ကိုကောင်းရဲ့ ခြံထဲက သရက်သီးတွေကို

အပြင်ကနေ တံချူနဲ့ တိတ်တိတ်လေး ချူနေကြတာပေါ့

သူ့ခြံထဲက သရက်ပင်တို့ ရေသင်းပင်တို့ ဒန့်သလွန်ပင်တို့

ဆိုတာ လူယုတ်မာ ကပ်စေးနည်းကြီး အိမ်မို့လား မပြော

တတ်ဘူး အရမ်းသီးတာကွ၊ တို့ကလည်း ကလေးဆိုတော့

ဘာရယ်မဟုတ်ဘူး အပျော်သဘောနဲ့ ခူးတာလေ ...





အဲဒီမှာ ရုတ်တရက်ဆိုသလို အန်ကယ်ကျော်ကြီး

ထွက်လာပြီး ငါနဲ့ ဘုန်းကျော်အောင်ရဲ့ အင်္ကျီကုပ်ပိုးကို

ဖမ်းပြီး ဆွဲထားတော့တာပဲ"

"ဟော့ကောင်လေးတွေ သူခိုးလေးတွေ မင်းတို့ ဒါ ဘာလုပ်

တာလဲ၊ လာခဲ့ မင်းတို့ကို ဖမ်းပြီး ရဲစခန်းပို့မယ်"

"ရဲစခန်းပို့မလည်းဆိုရော ငါတို့မှာ ကြောက်လိုက်တာကွာ၊

ဟိုကောင် ဘုန်းကျော်အောင်ဆိုရင် ရှူးတွေပါ ထွက်ကျရော

ပဲ၊ ကံကောင်းချင်တော့ အဲဒီအချိန်မှာ မမကြိုင်လှိုင်သင်း

တို့ ညီအစ်မက အပြင်ကနေ ပြန်လာတာနဲ့ တန်းပြီးတိုးပါ

လေရော ...

ငါကလည်း ငိုယိုပြီး သူ့ကို တောင်းပန်နေတဲ့အချိန်

ပေါ့၊ အဲဒီမှာတင် မမကြိုင်လှိုင်နဲ့ မမခိုင်ခိုင်တို့ ညီအစ်မ

နှစ်ယောက်က ကားပေါ်က ဆင်းလာကြတယ်လေ၊ ဒီတုန်း

က ဦးကျော်ကိုကောင်းက မမခိုင်ခိုင်မင်းကို ပိုးနေတာလေ၊

ဒါပေမဲ့ မမခိုင်ခိုင်မင်းမှာ ရည်းစားကြီး ရှိနေပြီး နောက်ပိုင်း

မှာ အဲဒီလူနဲ့ လက်ထပ်သွားလေတော့ အန်ကယ်ကျော်ကြီး

ရဲ့ အချစ်မြားက မမကြိုင်လှိုင်ဘက်ကို လှည့်သွားခဲ့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်ဂျီ ဒါ ဘာလုပ်နေတာလဲ၊ ကလေးတွေကို
ဖြစ်လို့ လည်ပင်းညှစ်ထားတာလဲ၊ ဒါ ခိုင်ခိုင်တို့ မောင်
တွေ ...

"လို့လည်း ပြောလိုက်ရော ချက်ချင်းပဲ ငါ့ကို
ကိုဆွဲထားတဲ့ သူ့လက်နှစ်ဖက်ကိုလည်း ဖြုတ်ကျသွားပြီး

"ဟာ ... မဟုတ်ပါဘူး ခိုင်ခိုင်ရယ်၊ ဘယ်က
လည်ပင်းကို ညှစ်ရမှာလဲ၊ ကိုယ်က ဒီကလေးနှစ်ယော
နေပူစပ်ခါးထဲမှာ သရက်သီးခူးနေတာကို မြင်လို့ မ
အပူရှပ်ပြီး ဖျားနာနေမှာစိုးတာနဲ့ ကဲ ... ချာတိတ်
အပင်ပန်းခံပြီး ခူးမနေကြနဲ့၊ အိမ်ထဲမှာ ငါ ခူးထား
တွေ အဆင်သင့်ရှိတယ်၊ အဲဒါကို ယူသွားဆိုပြီး သူတို့
အိမ်ထဲကို ဆွဲခေါ်နေတာပါ ... ဟဲ ဟဲ ...

"သြော် ... ခိုင်ခိုင်တို့ ကြိုင်လှိုင်တို့ စားချင်တာ
လည်း အိမ်က တစ်ယောက်ယောက် လွှတ်ပြီး အခူး
လိုက် သိလား၊ ဘာမှ အားမနာနဲ့၊ ကဲ ... ချာတိတ်
ဦးနဲ့ အိမ်ထဲကိုလိုက်ခဲ့"

"ဟင့်အင်း ... မလိုက်ချင်ဘူး"





"လာပါကွ၊ မင်းတို့ကို ငါ သရက်သီးတင် မဟုတ်ဘူး ဒန့်သလွန်သီးတွေပါ ပေးလိုက်ချင်လို့ပါ၊ နောက်ပြီး အအေး လေး ဘာလေးလဲ သောက်သွားတာပေါ့"

"ကျွန်တော်တို့ အအေးမသောက်တော့ဘူး၊ အိမ်ထဲလည်း မလိုက်တော့ဘူး၊ ဒီကပဲ စောင့်နေမယ်၊ အန်ကယ် ပေးစရာ ရှိလို့ ပေးချင်ရင် အန်ကယ်ပဲ သွားယူပေးပါ"

ကျော်ဂျီကောင်းတစ်ယောက် ခိုင်ခိုင်မင်းနှင့် ကြိုင်လှိုင်
င်းတို့ မျက်နှာကြောင့်သာ မရှိပါက ဒီလောက်လှပါးသည့်
မှာလေးနှစ်ကောင်ကို ခြေနှစ်ချောင်းမှ ဆောက်ထိုးကိုင်ကာ
င်းပြင်နှင့် ဦးခေါင်းကို ရေတံသီးထောင်းသလိုမျိုး တဒိန်းဒိန်း
ဆောင့်ပစ်လိုက်ချင်သည်။

သို့သော် အပြင်မှာတော့ ...

"အေး ... အေး ဒါဆိုရင် ခဏစောင့်၊ အန်ကယ် သွား ယူလိုက်မယ်"

ကျော်ဂျီကောင်း အိမ်ထဲမှ ပြန်ထွက်လာချိန်မှာတော့
ခိုင်းမင်းနှင့် ကြိုင်လှိုင်သင်းတို့ ညီအစ်မနှစ်ယောက်က ရှိမနေ
တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ခိုင်ခိုင်တို့ကောကွ"

"ခုလေးတင် အိမ်ထဲဝင်သွားကြပြီ၊ ကျွန်တော်တို့နှစ်ယောက်
ကိုတောင် မပြန်ခင် သူတို့ဆီ ဝင်ခဲ့ဖို့ မှာသွားသေးတယ်"

ဒါက မျိုးမျိုးဇံ တမင်ပြောလိုက်ခြင်းဖြစ်ပါသည်။
မမခိုင်ခိုင်တို့ ကြိုင်လှိုင်တို့ မရှိကြတော့သည်ကို အခွင့်ကောင်းယူ
သူတို့နှစ်ယောက်ကို ဒီလူကြီး နှိပ်ကွပ်မှာစိုးသဖြင့် တမင် ခြောက်
လှန့်တွန်းလိုက်ခြင်း ဖြစ်ပါသည်။

"ဒါဆိုရင်လည်း ဟောဒီ သရက်သီးနဲ့ ဒန့်သလွန်သီးထုပ်
ယူသွားပြီး ခိုင်ခိုင်တို့ကို ပေးပေးပါလားကွာ"

"ရတယ် အန်ကယ်၊ ကျွန်တော်တို့ ခုပဲ သွားပေးလိုက်
မယ်"

"ကျေးဇူးပဲကွာ၊ မင်းတို့လည်း အန်ကယ်ရော်ဆီကို ဝင်ထွက်
သွားလာနိုင်တယ်၊ အန်ကယ်ရော်က အပေါင်းအသင်း သိပ်
မရှိတော့ ပျင်းတယ်ကွ၊ ဘော်ဒါလေး ဘာလေး ရှိတော့
စကားပြောရဆိုရတာပေါ့ကွာ"

"အဲဒီအချိန်ကစပြီး သူနဲ့ ငါ ရင်းနှီးသွားတယ်ဆိုပါတော့
ဒါပေမဲ့ ငါ သူ့ဆီတော့ မသွားဘူးကွ၊ ဘာဖြစ်လို့လဲဆို





တော့ သူကလည်း ငါတို့ကို ခွင့်လွှတ်လိုက်တာက မမခိုင်ခိုင်
တို့ မမကြိုင်လှိုင်တို့ မျက်နှာကြောင့်လေ၊ တကယ်တမ်း
မှာတော့ သူ့သရက်သီးကို သူ မသိအောင် ခိုးခဲ့တာလည်း
အမှန်ပဲ မဟုတ်လား၊ ရင်ထဲက သိနေတော့ ရှက်တာပေါ့
ကျော်ရှိန်းရာ"

"နောက် ငါ ဆယ်တန်းနှစ်မှာ ငါတို့ အိမ်ပြောင်းသွား
တော့ သူနဲ့ လုံးဝကို အဆက်အသွယ် ပြတ်သွားတာပေါ့၊
ဟိုတစ်နေ့က မင်းနဲ့အတူ သွားတော့မှ ပြန်တွေ့ကြတာ
လေ"

"သူ့နာမည်က ရော်ဂျီကောင်းပဲလား"

"အင်း ... ဗမာနာမည်က ကျော်မိုးကောင်းတဲ့၊ ချမ်းသာ
တာကတော့ အရမ်းပဲ၊ တောင်ဥက္ကလာမှာ သစ်ခွဲစက်နဲ့
သစ်ရောင်းကဲ့ဆိုင်ကြီးလည်း ရှိတယ်၊ မြစ်ဝကျွန်းပေါ်ဘက်
ကို ပြေးဆွဲနေတဲ့ သင်္ဘောတွေ စီဘီကြီးတွေလည်းရှိတယ်"

"လူကလည်း ချမ်းသာ၊ အရွယ်ကလည်းရှိ၊ ရုပ်ကလည်း
မဆိုးဘဲနဲ့ ဘာဖြစ်လို့ ဒီအသက်အရွယ်ထိ အိမ်ထောင်မရှိ
သေးတာလဲ မသိဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဗိုက်ဆံကပ်စေးနည်းပြီး သူများသားသမီးကို ကျွေး
မွေးရမှာစိုးလို့နဲ့ တူပါတယ်ကွာ"

"ဒါနဲ့များ အဲဒီ အစ်မကြီးကို သဘောကျနေရသေးတယ်"

"ဒါကတော့ မမကြိုင်လှိုင်တို့ကလည်း ချမ်းသာတော့
သူ့မှာ အရှုံးမရှိဘူးလို့ တွက်လို့နေမှာပေါ့ကွာ၊ ဘာပဲဖြစ်
ဖြစ် ငါ့ကိစ္စမှာ အန်ကယ်ဂျော့ဆီက အကူအညီရကောင်း
ရနိုင်မှာဖြစ်လို့ သူ့ကိုလည်း ကြိုကြိုတင်တင် ချဉ်းကပ်ထား
ရမှာပဲလေ"

"ဒီမှာ သူငယ်ချင်း"

"ဟင်"

"မကြာခင် သင်္ကြန်ကျတော့မယ်နော်"

"ဒီကောင် ကျော်ရှိန်းဝင်း ဘယ်ကနေ ဘယ်လို သင်္ကြန်ကိစ္စ
က ရောက်လာတာလဲ"

"ငါ တစ်ခုစဉ်းစားမိလို့ပါ"

"ပြောစမ်းပါဦး"

"ဒီလိုလေကွာ သင်္ကြန်တွင်းဆိုရင် တို့ အင်းလျားမြိုင်ထဲက
အရမ်းစည်တာ မင်း သိတယ်နော်"





"အင်း ... သိတယ်"

"ဒီနှစ် သင်္ကြန်မှာ မင်း အန်ကယ်ဂျော်ကြီးအိမ်ရှေ့မှာ
မဏ္ဍပ်ထိုးပြီး ကဲကြရင် မကောင်းဘူးလား"

"ငါက သင်္ကြန်မှာ မန္တလေးကိုသွားဖို့ စဉ်းစားထားတာကွ"

"ညံ့ပါ့ ငမျိုးရာ၊ မင်း အဲဒီသင်္ကြန်မှာ မင်း ကောင်မလေးကို
တွေ့ဖို့ အပြီးကြံနိုင်တယ်လေကွာ၊ တကယ်လို့ မင်းက
အန်ကယ်ဂျော်ကြီး အိမ်ရှေ့မှာ ရေကစားမဏ္ဍပ် ဆောက်နိုင်
ပြီဆိုပါတော့၊ အဲဒီအခါကျရင် မမကြိုင်လှိုင်လည်း လာပြီး
ပက်လို့ရတယ်၊ ဟော သူ့ညီမဖြစ်တဲ့ မင်းကောင်မလေး
ကိုလည်း ရေကစားဖို့ ခေါ်လို့ရတယ်၊ ဒီကိစ္စကို အန်ကယ်
ဂျော်ကို အကူအညီတောင်းရင်လည်း ကျိန်းသေငြင်းမှာ
မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ့အတွက် မမကြိုင်လှိုင်
တစ်ယောက်လုံး ရှိနေပြီလေ"

"အင်း ... မင်းပြောတာ ဟုတ်တယ်နော်"

"ဟုတ်လွန်း‌လို့ ဟိုဘက်ဆယ်ဘူတာ လွန်သွားပြီ သူငယ်
ချင်း၊ မဏ္ဍပ်ထိုးဖို့ သစ်ကလည်း မပူရဘူး၊ အန်ကယ်ဂျော်
ဆီမှာ သစ်က အဆင်သင့်၊ ဟော ... မဏ္ဍပ်ဆောက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ကျတော့ မင်းအဖေ ဆိုက်ထဲက လက်သမားတွေကို ခေါ် လိုက်ကွာ၊ ကဲ ... သူ့ထက်ကောင်းတာတောင် သူ့လောက် မကောင်းနိုင်တော့ဘူး"

"ကျွတ် ... ကောင်းလိုက်တဲ့အကြံ၊ ကျေးဇူးပဲ သူငယ်ချင်း ရာ၊ ငါ မင်းဆီကို ဒီနေ့လာရတာ တန်သွားပြီ၊ အရေး အကြောင်းဆိုရင် မင်းဆီက အကြံကောင်းဉာဏ်ကောင်း တွေ ထွက်လာတာ ငါ သိတယ် ကျော်ရှိန်း၊ တစ်ချက်ခုတ် နှစ်ချက်ပြတ် အစီအစဉ်ပဲ"

"သုံးချက်ပြတ်နိုင်တယ် ကိုယ့်လူ"

"ဘာသုံးချက်လဲ"

"အဲဒီအခါကျရင် အန်ကယ်ကျော်နဲ့ မမကြိုင်လှိုင်နဲ့ အဆင် ပြေသွားနိုင်သလို မင်းနဲ့ သက်ဦးကိုကိုတို့လည်း အဆင် ပြေသွားနိုင်တယ်၊ အဲ ... ပြီးတော့ ငါနဲ့ ဇာနီစိုးနဲ့လည်း ဟဲ ဟဲ"

ကျော်ရှိန်းဝင်းက သူတို့ကျောင်းမှ ဇာနီစိုးဆိုသည့် ကောင်မလေးကို လိုက်နေသည်မှာ တစ်နှစ်ကျော်သွားပြီ ဖြစ်သော် လည်း ယနေ့အထိ တပေါင်းတန်ခူး အကြောင်းမထူး ဖြစ်နေဆဲပင်။





"ကောင်းပြီလေ၊ ဒါဆို မင်းနဲ့ ငါ အန်ကယ်ကျော်ဆီကို ချီတက်ကြစို့"

သည်လိုနှင့် သူတို့နှစ်ယောက် ကျော်ဂျီကောင်း၏ အိမ်သို့ ရောက်ရှိ၍ သွားကြပါသည်။

"ဟ ... မောင်မျိုးတို့ပါလား၊ လာကွာ၊ ဘာလဲ ငါ့ကို သတိရလို့ လာကြတာလား"

"ဟုတ်ကဲ့ ... အန်ကယ်ကျော်ကိုလည်း သတိရသလို မမကြိုင်လှိုင်ကိုလည်း သတိရလို့ ဒီကပြီးရင် အဲဒီအိမ်ကို သွားမလို့"

ကျော်ဂျီကောင်းက မျိုးမျိုးဇံ၏ မျက်နှာကို သေသေ ချာချာ ကြည့်လိုက်ပါသည်။ သူ့မျက်နှာက မကျေမနပ်လည်း ဖြစ်နေပါသည်။ ဒီကောင်လေး ရိုးမှရိုးသားရဲ့လား မသိ။ အရွယ် ငယ်ငယ်လေးရောက်လာတော့ ဟိုတစ်ယောက်က ကိုယ့်ထက် အသက်ကြီး ဆာမင့် ဖောက်ဖောက်ပြန်ပြန်စိတ်တွေများ မွေးနေသလား မသိပါ။ ဒီခေတ်ကလေးတွေက သိပ်ပြီး ယုံရတာမဟုတ်။ ငယ်လည်း ငယ်လို့ ကြီးလည်းကြီးလို့ ရွယ်တူဆိုရင်လည်း ရွယ်တူမို့ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုမှ ချမ်းသာမပေးချင်ကြ၊ နတ်သျှင်နောင်နှင့် ရာဇတော့ တလျှာကို အားမကျဘူးဟု ပြော၍မရ။ ပြီးတော့ ဟိုတစ်ယောက်၏ အသက်က သုံးဆယ်ကျော်နီးပါး၊ ရှိနေတာတောင် ခုခေတ် ဆယ့် ရှစ် ဆယ့်ကိုး မောင်ဒယ်လေးတွေကိုတောင် သနားတယ်ဆိုသည့် ဒီဇိုင်မျိုး မဟုတ်ပါလား။

"မင်းတို့ ကြိုင်လှိုင်ဆီကို ဘာကိစ္စသွားကြမှာလဲကွ"

သူ့အသံက နင်တင်တင် ကွဲရှရှကြီး ဖြစ်နေပါတော့သည်။

"ဟိုတစ်ယောက်က ခုအချိန် အိမ်မှာ ရှိမှရှိရဲ့လားမသိဘူး၊ မင်းတို့သွားရင် ငါပါ လိုက်ခဲ့မယ်လေ"

"ကောင်းတာပေါ့ အန်ကယ်ရော်ရာ၊ အန်ကယ်ရော်ပါ ပါတော့ တစ်ခါတည်း ပွဲပြီးတာပေါ့"

"ဟေ ... မင်းတို့ ဘာပြဿနာရှိနေလို့လဲ"

"မရှိပါဘူး အန်ကယ်ရော်၊ ခု ကျွန်တော်တို့ လာရခြင်း အကြောင်းက"

မျိုးမျိုးဇံက သကြိန်ကိစ္စကို ပြောပြလိုက်ပါသည်။





"ဗဲ ရိုးဂွတ်အိုင်ဒီယာ၊ အရမ်းကောင်းတဲ့ အကြံပဲ ငါ့လူရာ၊ မင်းတို့ ဘာလုပ်ချင်သလဲပြော၊ အန်ကယ် အားလုံး အကောင်အထည်ဖော်ပေးမယ်၊ ဘယ့်နှယ်ကွာ၊ သကြိန် ရောက်ပြီဆိုရင် တီဗီဓာတ်လမ်းတွေ ရုပ်ရှင်တွေ သီချင်း တွေထဲမှာသာ သကြိန်ကို ရင်ခုန်ခဲ့ရတာ၊ ခု ကိုယ်တိုင် ကိုယ်ကျ ရင်ခုန်ရတော့မှာပေါ့ကွာ၊ အဟတ် ... ဟတ် ... ဟား ... ကောင်းတယ်၊ ကောင်းတယ်၊ သိပ်ကောင်းတယ်၊ အဲဒီကျရင် ငါ အပြတ်ကို ကဲပစ်လိုက်မယ်"

လူငယ်တွေက ဣန္ဒြေရရ ဖြစ်နေပါလျက် လူကြီး ဖြစ်သည့် ရော်ဂျီကောင်းက မနေနိုင် မထိုင်နိုင် ကြွတင်အူမြူးနေ သည်ကို ကြည့်ကာ မျိုးမျိုးဇံက ဦးခေါင်းကို မသိမသာ ယမ်း လိုက်ပါသည်။

အိမ်ရှေ့မှ လူခေါ်ခေါင်းလောင်းသံကြောင့် ကြိုင်လှိုင် အင်းက အိမ်ရှေ့သို့ ထွက်လာပါသည်။

"ဟင် ... ကိုရော်ဂျီ ... အယ် ... ကြည့်စမ်း၊ ငါ ဘယ် သူများလဲလို့၊ မောင်မျိုးပါလား၊ အမယ်လေး ငါ့မောင်ရယ်



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရတဲ့ တစ်နှစ် နှစ်နှစ်လောက်အတွင်းမှာ မင်းက တကယ့်ကို ပြောင်းလဲသွားပါလား၊ ငါ့မောင်က တအားကို ချောလာပါလား၊ လူကောင်ကြီးကလည်း ကြည့်စမ်းပါဦး မနည်းမနောနဲ့၊ ငယ်ရုပ်ကလေး မပျောက်ပေလို့သာ နို့မို့ရင် မှတ်မိမှာတောင် မဟုတ်ဘူး"

"နေစမ်းပါဦး၊ ခု မမဆီကို လာတာ ဘာကိစ္စလဲ"

ကိုကျော်ဂျီကြီး အိမ်က သရက်သီးတွေ သွားခူးပြန်ပြီပေါ့"

"ဟာဗျာ ... မမကြိုင်လှိုင်ကလည်း"

"အဟင်း ... ဟင်း ... ဟင်း"

သည်နောက်မှာတော့ သူတို့လေးယောက် သကြီး ကိစ္စကို ဆွေးနွေးခဲ့ကြပါသည်။ ကြိုင်လှိုင်သင်းကလည်း ယင်းကိစ္စ ကို သဘောတူခဲ့ပါသည်။

"ဝမ်းသာလိုက်တာ မမကြိုင်လှိုင်ရယ်၊ သူများတကာတွေ မဏ္ဍပ်ပေါ်မှာ ပျော်နေတာမြင်တော့လေ ကိုယ်ကလည်း သူတို့လို ပျော်ချင်ပေမဲ့ သူများဆီကို သွားပြီး အောက်ကျ ချင်တာရယ်၊ ပြီးတော့ ကိုယ်နဲ့ ကီးမကိုက်တဲ့ လူတွေပါ





ရင် ပျော်စရာကောင်းမှာ မဟုတ်တော့ဘူး မမကြိုင်လှိုင့်ရဲ့၊ ကိုယ့်မဏ္ဍပ်နဲ့ ကိုယ့်လူတွေနဲ့ဆိုရင် အရမ်း ပျော်စရာကောင်း မှာသိလား"

"ကဲ ... ကြိုင်လှိုင်ကလည်း လက်ခံသဘောတူပြီဆိုတော့ မင်းတို့ လူတွေ ဘယ်လောက်ရှိမယ်ဆိုတာ စာရင်းပေး၊ သိပ်များရင်တော့ မကောင်းဘူးပေါ့ကွာ"

"အင်း ... အားလုံး လွန်ရောကျွံရော အယောက်သုံးဆယ် လောက် ခန့်မှန်းထားလိုက်ပေါ့ အန့်ကယ်ကျော်ရာနော်"

"တစ်ခုတော့ ရှိတယ်ကွ"

"ဘာများလဲ ကျော်ရှိန်းရာ"

"မဏ္ဍပ်မှာ ရေကစားမဲ့လူတွေဆီကတော့ မင်း ရန်ပုံငွေ ကောက်ရလိမ့်မယ်"

"ဟာ ... မကောက်ပါနဲ့ကွာ၊ အန်ကယ်ကျော် တာဝန်ယူပါ့ မယ်"

"မဟုတ်သေးဘူး အန်ကယ်ကျော်ရ၊ ကိုယ်က တခြားမဏ္ဍပ် တွေလို စီးပွားရေးလုပ်တာမှ မဟုတ်တာ၊ ကိုယ့်စရိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ခံရမှာပေါ့၊ လေးရက်ကြီးများတောင် ရေကစားမှာ ဆိုတော့ ပျမ်းမျှခြင်း လူတစ်ယောက်ကို တစ်နေ့သုံးထောင်ထား၊ လေးရက်ဆိုတော့ တစ်သောင်းနှစ်ထောင်လောက် တော့ ယူရမှာပေါ့”

“အဲဒီ တစ်သောင်းနှစ်ထောင်က ဘာအတွက်လဲကွ”

ကျော်ဂိုကောင်းက တကယ်ပင် မသိသည့်အတွက် မေးလိုက်ခြင်း ဖြစ်ပါသည်။

“နေ့လယ်စာတစ်နပ် ကျွေးမွေးစရိတ်ရယ်၊ ရေသန့်တို့ အအေးတိုက်တာတို့ ကော်ဖီ တိုက်တာတို့ပေါ့ အန်ကယ်ကျော် ရဲ့၊ တစ်ရက်ကို အနည်းဆုံး လူသုံးဆယ်အတွက် စားစရိတ် ရှိတယ် အန်ကယ်ကျော်ရဲ့၊ လေးရက်ဆိုရင် အန်ကယ်ကျော် မိန်းမယူဖို့စုထားတဲ့ငွေတွေ ပြောင်သွားလိမ့်မယ် … ဟဲဟဲ”

“ဟာကွာ … ဒီကောင်လေး”

ကျော်ရှိန်းဝင်းနှင့် မျိုးမျိုးခဲ တွက်ပြမှ ရေဖိုး မီးဖိုး လောက်သာ ကုန်ကျမည် ထင်ထားသော ကျော်ဂိုကောင်း တစ် ယောက် အသာငြိမ်၍သွားပါသည်။





“အေးလေ … ဒါကတော့ မင်းတို့ သင့်တော်မယ်ထင်သလို စီစဉ်ကြပေါ့ကွာ၊ မဟုတ်ပ်ဖြစ်မြောက်ရေး ရေပက်ကစားနိုင် ရေးကိစ္စတွေ အားလုံးကိုတော့ အန်ကယ် တာဝန်ယူပါတယ် ဟုတ်ပြီလား”

ထိုနေ့က ကျော်ဂိုကောင်းကလည်း ကိုယ့်အတွေးနှင့် ကိုယ် ကျေနပ်သွားသလို မျိုးမျိုးခဲနှင့် ကျော်ရှိန်းဝင်းတို့ကလည်း ကိုယ့်စိတ်ကူးနှင့်ကိုယ် ပျော်ရွှင်ကြည်နူး၍ သွားခဲ့ကြပါသည်။

✤ ➻ ✤



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ကိုမျိုးမျိုး ဘယ်သူ့ဆီကို လာတာလဲဟင်"

ကျောင်းထဲတွင် မျိုးမျိုးစံကို တွေ့လိုက်ရသည့်အတွက် သက်ဦးကိုကိုက အံ့ဩသွားပါသည်။

"သက်ဦးဆီကို လာတာလေ"

"ကိစ္စက"

"သက်ဦးနဲ့ ပြောစရာလေးတစ်ခု ရှိလို့ပါ"

"ရှင်"

"ဪ ... ဒီလိုပါ သက်ဦးရယ်၊ ခုလာမဲ့ သင်္ကြန်မှာလေ ကျွန်တော်တို့ သူငယ်ချင်းတွေ အင်းလျားမြိုင်ထဲမှာ ရေကစား မဏ္ဍပ်ထိုးပြီး ရေပက်ကြလို့၊ အဲဒါ သက်ဦးလည်း ပါစေချင်လို့ပါ၊ ဟိုလေ သက်ဦးရဲ့ သူငယ်ချင်းတွေလည်း ပါမယ်





ဆိုရင် ကျွန်တော့်ကို ကြိုတင်ပြီး စာရင်းလေး ရေးပေးပါ၊ အန်ကယ်ရော် စီစဉ်စရာရှိရင် စီစဉ်ထားနိုင်အောင်လို့ပါ"

"အန်ကယ်ရော် ဆိုတာက"

"အန်ကယ်ရော်က မမကြိုင်လှိုင်တို့အိမ်ရှေ့အိမ်မှာ နေတာလေ"

"ဒါဆိုရင် တလောက သက်ဦး မမကြိုင်လှိုင်တို့အိမ်က အပြန် အဲဒီအိမ်ပေါက်ဝမှာ ကိုမျိုးနဲ့အတူ ရပ်နေတဲ့ လူကြီးက အန်ကယ်ရော်ဆိုတဲ့ လူကြီးပေါ့"

"ဟုတ်တယ် သက်ဦးရဲ့၊ ခုကိစ္စမှာ သူနဲ့ မမကြိုင်လှိုင်နဲ့က ကမကထ လုပ်ကြမှာလေ"

"နေပါဦး ကိုမျိုးရဲ့၊ ကိုမျိုးကို မေးမယ် မေးမယ်နဲ့ မမေးဖြစ်ခဲ့ဘူး၊ ဟိုလေ ကိုမျိုးနဲ့ မမကြိုင်လှိုင်တို့နဲ့ ဘယ်လိုလုပ်ပြီး သိကြတာလဲ"

"ကျွန်တော်က ဟိုးအရင်းတုန်းက အင်းလျားမြိုင်ထဲမှာ နေခဲ့တာလေ၊ ကျွန်တော် ဆယ်တန်းရောက်တော့မှ အဲဒီအိမ်ကို ရောင်းလိုက်ပြီး ခြောက်မိုင်ခွဲမှာ ပြောင်းနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဩော်"

"ဟဲ ... ကျွန်တော် ပြန်တော့မယ် နောက်နှစ်ရက် ... အဲ ... ဗုဒ္ဓဟူးနေ့ကျရင် ကျွန်တော် တစ်ခေါက်လာခဲ့မယ် နော်၊ အဲဒီနေ့လောက်ဆိုရင် သက်ဦးဆီက သကြံန်ရေကစားမဲ့ လူစာရင်း ရလောက်ပြီထင်ပါရဲ့"

"ရတယ် ... ရတယ် ... သက်ဦး ဒီနေ့ပဲ သူငယ်ချင်းတွေကို ဆက်သွယ်လိုက်မယ်၊ နေဦး ... ကိုမျိုးကို မေးရဦးမယ်"

"ဘာများပါလိမ့်"

"ခုတလော ကိုမျိုးကို သက်ဦးတို့အိမ်ရှေ့မှာ မတွေ့ရတော့ဘူးနော်၊ အဲ့ဒါ ဘာဖြစ်လို့လဲဟင်"

"သက်ဦးကို အားနာလို့ပါ၊ ကိုယ့်အပြုအမူကြောင့် သက်ဦးရဲ့ သိက္ခာကိုများ ထိပါမလားဆိုပြီးတော့"

"အိမ်ကို လာလည်လို့လည်း ရသားနဲ့ဥစ္စာ"

"အဲလိုဆိုရင် လူကြီးတွေက ကြည်ဖြူမှာတဲ့လား သက်ဦးရယ်"





"အိုး ... သူငယ်ချင်းအိမ် လာလည်တာပဲဥစ္စာ၊ ဒယ်ဒီတို့ မာမီတို့က နားလည်မှုရှိပါတယ်နော်၊ ပြီးတော့ ဒယ်ဒီနဲ့ ကိုမျိုးဖေဖေနဲ့က သူငယ်ချင်းတွေလေ"

"ဒါဆိုရင် သင်္ကြန်ပြီးသွားတာနဲ့ တို့ သက်ဦးဆီကို ခဏခဏ လာမယ်လေ ရမလား"

"ရပါတယ်"

ခုရက်ပိုင်းမှာတော့ မျိုးမျိုးခံအတွက် အားလုံး ရှက်ရာဇာ ဖြစ်၍နေပါသည်။ သင်္ကြန်မကျွပ်ထိုးဖို့ကိစ္စ သင်္ကြန်တွင် သက်ဦးကိုကိုနှင့်အတူ ရေကစားနိုင်ဖို့ကိစ္စ အားလုံး အားလုံး အဆင်ပြေချောမွေ့နေပါသည်။ ဒီကနေ့လည်း သက်ဦးကိုကိုနှင့် ချိန်းဆိုထားသည့်အတိုင်း လမ်းမတော်ဆေးကျောင်းသို့ သွားရောက်တာ သင်္ကြန်တွင် ရေပက်မည့်သူတွေစာရင်းကို ယူခဲ့ပါသည်။ သက်ဦးကိုကိုက သူ့ကို ကင်တင်းတွင် မုန့်လိုက်ကျွေးခဲ့သည့်အတွက် အကြီးအကျယ် ကျေနပ်၍သွားပါသည်။ မုန့်စားရ၍တော့ မဟုတ်ပါ။ ဆေးကျောင်းက ကောင်လေးတွေ ကောင်မလေးတွေက သူတို့နှစ်ယောက် အတူတွဲ၍သွားလာနေပုံ၊ ကင်န်တင်းတွင် အတူတူ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်၍ စားသောက်နေပုံတို့ကို ကွက်ကြည့် ကွက်ကြည့် လုပ်
သည့်အတွက် ကိုယ့်ကိုယ်ကိုယ် သက်ဦးကိုကို၏ ချစ်သူလို
အရင်းနှီးဆုံး အရေးကြီးဆုံးပုဂ္ဂိုလ်လိုလို မှုံဖမ်းနေရသည့်အတွ
ကျေနပ်နေမိခြင်း ဖြစ်ပါသည်။

အကယ်၍ သက်ဦးကိုကို့ကို သဘောကျနေသ
ကောင်လေးတွေ ရှိပါကလည်း သူ့မှာ နံပါတ်ကြီးနဲ့ဟော့ဟု
ညာလိုက်သလိုလို ရှိနေသည့်အတွက်လည်း လူက ခြေထောက်
မြေကြီးနှင့် မထိတော့သည့်အတိုင်း ပေါ့ပါးမြောက်ကြွနေပါသည်

စားသောက်အပြီး သူက ပိုက်ဆံ တုတ်မည်ပြုသ
အခါ သက်ဦးကိုကိုက သူ့လက်ကို ဖမ်းဆွဲထားပြီး သူမ၏
ဆံအိတ်ထဲမှ ပိုက်ဆံကို ထုတ်ယူ၍ ရှင်းပေးလိုက်ပါသည်။

"မဟုတ်တာဘဲ သက်ဦးရယ်၊ မိန်းကလေးခါက ပိုက်
မစားကောင်းဘူးလေ"

"ဘာလို့ မစားကောင်းရမှာလဲ၊ သက်ဦးက ကိုမျိုး အ
မှာ ကြွေးတင်ထားတာလေ"

"ဟင် ... ဘယ်တုန်းက"





"မေ့တတ်လိုက်တာ၊ ကိုမျိုးကို ဗယာကြော်သုပ် ဝယ်ကျွေး
ရမှာလေ"

"ဩ ဗယာကြော်သုပ်မှ မဟုတ်တာ"

"ဗယာကြော်သုပ် မဟုတ်လည်း ကျွေးရမဲ့ ကြွေးကို ဆပ်
တဲ့သဘောပေါ့ ဟုတ်ဖူးလား"

ကင်န်တင်းထဲတွင် ထိုင်နေရင်း ရှီးရှီးစံက တစ်ခါ
တစ်ခါ ဂုဏ်ယူဝင့်ကြွားသည့် အကြည့်မျိုးနှင့် ပတ်ဝန်းကျင်ကို
အကဲခတ်ကြည့်ရှုလိုက်ပါသည်။ တချို့ကောင်လေးတွေ၏ အား
ကျသည်လား၊ မကျေနပ်သည်လား ဘာမှန်းမသိသည့် အကြည့်
များကို ခံရသည့်အခါ ပျော်လိုက်တာ။

သက်ဦးကိုကို့ကို နှုတ်ဆက်၍ ပြန်မည်ပြုသည့်
အခါမှ သက်ဦးကိုကိုက တစ်စုံတစ်ခုကို သတိရ၍ သူ့ကို မှာ
လိုက်ပါသည်။

"ဩော် ... အခု ရေကစားမဲ့ သက်ဦးတို့အုပ်စု စာရင်းမှာ
လေ နာမည်ရှေ့မှာ ကြယ်ပွင့်ပြထားတာက သက်ဦးတို့
အုပ်စုရဲ့ခေါင်းဆောင်ပဲ၊ ကျန်တဲ့ လူတွေနဲ့ ဝတ်သက်တဲ့ကိစ္စ
မှန်သမျှ သူနဲ့ ပြောလိုက်ရင်ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို လုပ်ပေးထားတာ ကောင်းပါတယ်၊ ဒါမှ အလု

လုပ်ရတာ လွယ်ကူသွားတာပေါ့"

မျိုးမျိုးခံက သက်ဦးကိုကို ပေးလိုက်သော နာမည် စာရင်းများကို ဖွင့်ဖတ်မနေတော့ဘဲ သူ့ဘက်က လူစာရင်းနှ သက်ဦးကိုကိုဘက်မှ လူစာရင်းများကို ပေါင်း၍ အန်ကယ်ကျော်ရှိ ကို ကျော်ရှိန်းဝင်းမှ တစ်ဆင့် ပေးခိုင်းခဲ့ပါသည်။

နောက်တစ်နေ့ ကျော်ကျိုကောင်းထံ သူနှင့် ကျော်ရှိန်း ဝင်းတို့ သွားသည့်အခါမှာတော့ ကျော်ကျိုကောင်း၏ မအီမလည် မသက်မသာ စုပုပ်ပုပ်မျက်နှာကြီးနှင့် ရင်ဆိုင်တွေ့လိုက်ရပါသည်

"မင်းတို့ကို အန်ကယ်ကျော် တစ်ခုတော့ မေးချင်တယ်ကွာ စိတ်တော့ မရှိကြနဲ့"

"ဟုတ်ကဲ့၊ မေးပါ အန်ကယ်ကျော်"

"မင်းတို့က ဒီသင်္ကြန်မှာ ရေကစားတယ်ဆိုလို့ အန်ကယ် ကျော်က မဏ္ဍပ်ကအစ အားလုံး ကိစ္စအဝဝ အဆင်ပြေ အောင် လုပ်ပေးမယ်လို့ ကတိခံခဲ့တယ်၊ အဲဒီအတွက်လည်



ခုကတည်းကစပြီး ကြိုင်လှိုင်နဲ့ ငါနဲ့ အကောင်အထည် ဖော်နေကြပြီ၊ အဲဒါကို မင်းတို့ သိတာပေါ့နော်"

"သိပါတယ် အန်ကယ်ကျော်"

"အဲဒီမှာ မင်းတို့ဆီကို သင်္ကြန်မှာ ရေပတ်မဲ့ သူတွေ စာရင်း တောင်းတော့ ဟောဒီ ကျော်ရှိန်းဝင်းက မနေ့တုန်း က စာရွက်နှစ်ရွက် ယူလာပြီး ပေးတယ်၊ ဟုတ်တယ် နော်"

"ဟုတ်ပါတယ် အန်ကယ်"

"အဲ ... အဲဒီစာရင်းနှစ်ရွက်ထဲမှာ တစ်ရွက်က ရေပက်တစား မဲ့ ဦးရေရှစ်ယောက်၊ တစ်ရွက်က ဆယ့်တစ်ယောက် ပါလာတယ်၊ ရှစ်ယောက်အုပ်စုရဲ့ စာရင်းထဲမှာ ဦးဦးတင်ဆို တဲ့ လူတစ်ယောက်ရဲ့ နာမည်ကို ဘေးကနေ ကြယ်ပွင့် အမှတ်အသား ပြထားပြီး အောက်ကနေ မှတ်ချက်ဆိုပြီး ၎င်းကြယ်ပွင့်အမှတ်အသား ပြထားသူမှာ ယခု ရေကစား မည့်အဖွဲ့၏ ခေါင်းဆောင်ဖြစ်ပါသည်တဲ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"အဲဒါကို အန်ကယ် အစာမကျေ ဖြစ်နေတာကွ၊ ဒီအ
မှာ အန်ကယ်ရော်နဲ့ ကြိုင်လှိုင့်တို့က ကမကထ ဦးဆော
ဦးရွက်ပြုနေတဲ့ လူကြီးတွေလေ၊ မသကာ အန်ကယ
မင်းတို့အစ်မ ကြိုင်လှိုင်အပြင် ခေါင်းဆောင်လုပ်ရမဲ့သူ
မင်းတို့နှစ်ယောက်ပဲ ဖြစ်ရမှာပေါ့၊ ခုတော့ ဘယ်က ဦး
တင်ဆိုတဲ့ကောင်က တို့အထဲမှာ ဘာမဆိုင် ညာမ
ခေါင်းဆောင်ဝင်လုပ်ရမှာတဲ့လဲ၊ ဒါ မင်းတို့ရဲ့ မိတ်
လား၊ ဒါမှမဟုတ် ကြိုင်လှိုင်ရဲ့ မိတ်ဆွေလား၊ ဒီကော
ဘာကောင်လဲ ..."

"တကယ်လို့ပေါ့ကွာ၊ မင်းတို့ကပဲဖြစ်ဖြစ် ကြိုင်လှ
ကပဲဖြစ်ဖြစ် အဲဒီ ဦးဦးတင်ဆိုတဲ့ကောင်ကို ခေါင်းဆော
တင်ရင် ငါ ဒီအထဲက ထွက်တယ်ကွာ၊ ငါ မလုပ်တော့ဘူ

"ဟာ ... အဲဒီလိုတော့ မလုပ်ပါနဲ့ အန်ကယ
ကျွန်တော်တို့ပေးတဲ့ စာရင်းထဲမှာ အဲဒီ ဦးဦးတင်ဆို
လူနာမည် မပါပါဘူး၊ ပြစမ်းပါဦး အဲဒီစာရွက်"



ကျော်ဂျီကောင်းက သက်ဦးကိုကို ပေးလိုက်သည့် စာရွက်လေးကို သူ့ File ကြားမှ ထုတ်ယူပေးလိုက်ပါသည်။ မှန်ပါသည်။ လူကိုးယောက်နာမည်ကို တန်းစီ၍ ရေးထားပြီး ဒုတိယမြောက်နာမည်ကို ရေးထားသည့် ဦးဦးတင်ဆိုသည့် နာမည်ရှေ့တွင် မင်နီဖြင့် ကြယ်လေးရေးထားပြီး အောက်မှ မှတ်ချက်အနေနှင့်လည်း ဤအဖွဲ့၏ ခေါင်းဆောင် ဖြစ်ကြောင်းကို ရေးထားသည်ကို တွေ့လိုက်ရပါသည်။

"ကေနွှ သူတို့ တွေထဲက အုပ်ထိန်းတဲ့ လူတစ်ယောက် ပါလာတာ ဖြစ်လိမ့်မယ်၊ နေဦး အန်ကယ်ကျော်၊ ဒီကိစ္စကို ရှင်းရှင်းလင်းလင်း သိရအောင် ကျွန်တော် ဖုန်းဆက်ပြီး မေးကြည့်လိုက်ဦးမယ်"

မျိုးမျိုးဇံက သူ့ဟင်းန်ဖုန်းဖြင့် သက်ဦးကိုကိုထံ လှမ်း၍ ဆက်လိုက်ပါသည်။

"ဟဲလို ... ကိုမျိုးလား"

"ဟုတ်တယ် ... သက်ဦး"

www.burmeseclassic.com

www.burmeseclassic.com



"အကိစ္စ ရှိလို့လဲဟင်"

"သက်ဦးကို မေးစရာရှိလို့"

"မေးလေ"

"ဟိုလေ ... သက်ဦး ပေးလိုက်တဲ့ ရေကစားမဲ့ သူ... ထဲမှာ ကြယ်ပွင့်ပြထားတဲ့ ဦးဦးတင်ဆိုတာက ဘယ်သူ... ဟင်"

"ဪ ... အဲဒါလား ... သူက သက်ဦးရဲ့ ငယ်သူ... ချင်းပါ၊ U P L မှာ တက်နေတာလေ၊ ပြောရရင်... ဦးဦးက မမနိုင်နိုင်မင်း ယောက်ျားရဲ့ ညီမလေ၊ မမနိုင်... ရဲ့ ယောက်မပေါ့၊ သူက ဘာမဆို လည်လည်ပတ်... ရှိတယ်၊ ဆက်ဆံရေး အရမ်းကောင်းတယ်၊ သူများကိုလည်း... တာအားကူညီတတ်တယ်၊ ပြီးတော့ စတိတ်မှာနေတုန်း... ဆို သူက အမြဲတန်း အတန်းခေါင်းဆောင်လုပ်ရတယ်... ခုထိလည်းပဲ သူငယ်ချင်းတွေက တစ်ခုခု လုပ်ချင်ပြီဆိုရင်... ဦးဦးကိုပဲ ဦးတည်ပြီး တိုင်ပင်ကြရတယ် ကိုမျိုးရဲ့၊ အဲဒါ... ဘာဖြစ်လို့လဲဟင်"



"ဪ ... ဘာမှ မဟုတ်ပါဘူး၊ ကိုယ်က ဆေးကျောင်းမှာ သူ့နာမည်ကို မကြားဘူးလို့ပါ"

"ဦးဦးက ဆေးကျောင်းကမှ မဟုတ်တာကြီးကို၊ ပြီးတော့ ကိုမျိုးက ဆေးကျောင်းက ကောင်မလေးတွေ နာမည်ကို အကုန်သိနေတာပဲလားဟင်"

"အာ ... မ ... မဟုတ်ပါဘူး သက်ဦးရယ်၊ ခု ... ခုကိစ္စ က အတော်လေးကို ရယ်စရာကောင်းနေလို့ပါ၊ နောက် လူချင်းတွေ့မှပဲ ပြောပြတော့မယ်နော်၊ ဒါပဲနော် သက်ဦး၊ ကျေးဇူးပဲ"

"ဟုတ်ကဲ့ပါရှင်"

လက်ကိုင်ဖုန်းကို သူ ပိတ်လိုက်စဉ် သူ့ဆီမှ ဘာ... များ ထွက်လာမလဲဆိုသည့် အကြည့်ဖြင့် စောင့်ကြည့်နေ... ကျော်ဂျီကောင်း၏ မျက်နှာကြီးကို ကြည့်ကာ မျိုးမျိုးစံက ...ပါးရ ရယ်မောလိုက်ပါသည်။

"အဟတ် ... ဟတ် ... ဟား ... ဟား ... ဟား"

www.burmeseclassic.com



"ဟောကောင်လေး ဒါက ဘာဖြစ်တာလဲ၊ မင်း ဘာထို ရယ်တာလဲ"

မျိုးမျိုးဇံက ကျော်ဂိုကောင်းကို လက်ကာပြကာ အတန်ကြာအောင် ရယ်မောနေပါသည်။ ပြီးတော့မှ ...

"အဟင်း ... ဟင်း ... ဟင်း ... အဲဒီ ဦးဦးတင်ဆိုတာ ယောက်ျားလေး မဟုတ်ဘူး အန်ကယ်ကျော်ရဲ့၊ မိန်းကလေး မိန်းကလေး ... မိန်းကလေးမှ မမခိုင်ခိုင်ရဲ့ ယောက်ျား ဦးကျော်စင်ရဲ့ ညီမအရင်း၊ မမခိုင်ခိုင်ရဲ့ယောက်မတဲ့ခင်ဗျာ"

"ဟာ ..."

ကျော်ဂိုကောင်းတစ်ယောက် မျက်နှာကြီး နီရဲ ရှက်သွားပါသည်။

"ရှက်စရာကောင်းလိုက်တာဗျာ၊ တော်သေးတယ် အကျ အကျွဲတွေ မပြောမိသေးပေလို့ပဲ"

"သိပါဘူးကွာ၊ ငါက ငါ့ရန်သူတော်တစ်ယောက် ပေါ်လာပြီဆိုပြီး ရင်ထဲမှာ ဗလောင်ဆူသွားတာပဲ၊ မင်း



ပေးတဲ့ စာရင်းတွေကို ကြည့်ပြီး ယောက်ျားလေးအုပ်စုနဲ့ မိန်းကလေးအုပ်စုကို နှစ်စုခွဲပြီး စာရင်းအသစ် ထပ်ရေးထားတဲ့အထဲမှာ အဲဒီ ဦးဦးတင်ဆိုတဲ့ နာမည်ကိုတောင် ထည့်ရေးမထားဘူး"

"ပြစမ်းပါဦး အန်ကယ်ကျော်ရဲ့ လူစာရင်း"

ကျော်ဂိုကောင်းက File ထဲမှ စာရွက်တစ်ရွက်ကို ယူကာ မျိုးမျိုးဇံကို လှမ်း၍ ပေးလိုက်ပါသည်။

မျိုးမျိုးဇံက ကျော်ဂိုကောင်း ရေးထားသော လူစာရင်းကို ဖတ်ကြည့်လိုက်ပြီး ပထမ မျက်မှောင်ကြုတ်၍ သွားပါ ဒုတိယ မျက်လုံးပြူးကျယ်၍ သွားပါသည်။ တတိယ ကိုကျက်လန် ရယ်မောလိုက်ပြန်သည်။

"ဟော ... ဟောကောင်လေး မင်း ရူးသွားပြီလား၊ ဘာဖြစ်လို့ ငါ့စာရင်းကို ကြည့်ပြီး ဒီလောက် ရယ်နေရတာလဲ"

"အန်ကယ်ကျော်ရယ်၊ အန်ကယ်ကျော် စာရင်းထဲမှာ မိန်းကလေးတွေက ယောက်ျားလေးဖြစ်၊ ယောက်ျားလေးတွေက

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးဖြစ်နဲ့ ကြည့်ပါဦး၊ ယောကျ်ားလေးစာရင်းထဲမှာ ထိပ်က ဦးဇော်ဂျီကောင်း(ခေါ်) ဦးကျော်မိုးကောင်း ခုဗီယက ကျော်ရှိန်းဝင်း၊ နောက်အောက်ကနေ ဆက်ပြီး ရေးထားတဲ့ အထဲက ဇာနီစိုး၊ သန့်မြတ်ထွန်း၊ သက်ထွန်း ခေါင်၊ သက်ဦးကိုကို၊ ထွတ်ထွတ်၊ ထိပ်တင်လတ် ဆိုတဲ့ ငါးယောက်က မိန်းကလေးတွေဗျ”

“ဟေ ... ဟုတ်လား”

“သိပ်ဟုတ်တာပေါ့ အန်ကယ်ကျော်ရဲ့ ဒါတင် ဘယ်ကမလဲ မကြိုင်လှိုင်သင်းရဲ့ အောက်က မိန်းကလေးနာမည်ရေး ထဲမှာကျတော့ ခိုင်စောထွန်း၊ သော်တာအေး၊ မျိုးမျိုး အောင်မယ်လေး အန်ကယ်ကျော်ရယ် အဲဒီသုံးယောက်က ယောကျ်ားစစ်စစ်တွေပါဗျာ၊ အန်ကယ်ကျော်နဲ့တွေ့ရ ကျွန်တော်တို့မျာ အလိုလိုနေရင်း မောင်မစွကတွေ ဖြ ရပါပေါ့လား အန်ကယ်ကျော်ရယ်”

“နော် ... နေစမ်းပါဦး၊ အဲဒီအထဲမှာ မင်းနာမည်ပါလို့လား”



“ပါတယ်လေဗျာ၊ ဒီမှာ မျိုးမျိုးဇံဆိုတာ ကျွန်တော့်နာမည်ပေါ့”

“ဟင် ... မင်းနာမည်က မောင်မျိုး မဟုတ်ဘူးလား၊ တခြားနာမည် ရှိသေးလို့လား”

“ဟာ ... ခက်တော့နေပါပြီ၊ ကျွန်တော့်နာမည်ရင်း မျိုးမျိုးဇံကို အားလုံးက မောင်မျိုးလို့ပဲ ခေါ်နေကြတာ အန်ကယ်ကျော်ရဲ့”

“သိပါဘူးကွာ၊ မင်းတို့က ယောကျ်ားလေးတွေဖြစ်ပြီး နာမည်တွေ မှည့်ထားတာက ကန့်ကရ ပျော့စိပျော့နဲ့ တွေဆိုတော့ ငါက မိန်းကလေးတွေပဲ မှတ်တာပေါ့၊ ဟိုကောင်မလေးတွေကျပြန်တော့လည်း မိန်းကလေးဖြစ်ပြီး နာမည်တွေက မာလိုက်တာ လွန်ပါရော ...

အေးကွာ ... ဆောရီးပဲ၊ ငါမှာ ဦးဦးတင်ဆိုတဲ့ နာမည်ကြီး ရှုပ်သွားတာနဲ့ အားလုံး ကမောက်ကမတွေ ဖြစ်သွားရတော့တာပဲ”

www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်ကျော်ကြီးကဗျာ လူချင်းသိလာတာ နှစ်အေ ဖြင့် မနည်းတော့ဘူး ကျွန်တော့်နာမည် အပြည့်အစုံကို သေ တာတော့လွန်တာပေါ့ဗျာ၊ ကဲ ... ခုအချိန်ကစပြီး မှတ်ထား တော့နော်၊ ကျွန်တော့်နာမည် မျိုးမျိုးဇံတဲ့ ဟုတ်ပြီလား"

"အေးပါကွာ... အေးပါ ... အေးပါ ... ငါ သိပါပြီ"

✤ ⟷ ✤





သကြ်န်အကြိုနေ့တွင် ကျော်ကိုကောင်း၏ အစီအစဉ် ဖြင့် မဏ္ဍပ်ပေါ်တွင် ကံဦးကျောင်းမှ ဘုန်းတော်ကြီးငါးပါးကို ပင့်ဖိတ်၍ အာရုံဆွမ်းကပ်သည်။ မနက်အစောကြီးမို့ ကျွန်သည့် အဖွဲ့သားတွေတော့ မပါ။ ကျော်ကိုကောင်း၊ ကြိုင်လှိုင်သင်း၊ သက်ဦးကိုကို၊ မျိုးမျိုးဇံနှင့် ကျော်ရှိန်းဝင်းတို့သာ ပါဝင်ခဲ့ပါသည်။

ဘုန်းကြီးများကို ဆွမ်းကပ်သည့်အခါ ကျော်ကိုကောင်း နှင့် ကြိုင်လှိုင်သင်းက တစ်ဖက်၊ မျိုးမျိုးဇံနှင့် သက်ဦးကိုကိုတို့က တစ်ဖက်၊ ဆွမ်းစားပွဲကို ကိုင်ကာ ဘုန်းကြီးများကို ကပ်ခဲ့ရပါ သည်။ ထိုသို့ ဆွမ်းစားပွဲကို မ,စဉ် သက်ဦးကိုကို၏ လက်ကလေး ကို မျိုးမျိုးဇံ၏ လက်က အမှတ်မထင် အုပ်ကိုင်မိသွားပါသည်။ ဘာကြောင့်ရယ် မသိ သက်ဦးကိုကိုက မရုန်းဖယ်မိပါ။ မျိုးမျိုးဇံ



www.burmeseclassic.com

www.burmeseclassic.com



အဖို့ကတော့ ပဏာမ စ၍ အဖွင့်မှာပင် ဆွမ်းကို အတူတူတွဲ၍ ကပ်လိုက်ရသည်မို့ ပီတိဖြစ်၍ မဆုံးပါတော့။ ဒါသည်ပင် ဘဝ တစ်လျှောက်လုံးအတွက် ကောင်းမြတ်သည့် အောင်အတိတ် အောင်နိမိတ်ဟု ယုံကြည်ထင်မှတ်၍ သွားရပါသည်။

ပရိတ်တရားတော်များ ချီးမြှင့်ပြီးနောက်မှာတော့ မျိုးမျိုးဖ်က ဘုန်းတော်ကြီးများကို ကျောင်းသို့ လိုက်ပါပို့ဆောင် ပေးခဲ့ပါသည်။ သူတို့ ရေကစားမဏ္ဍပ်ရှိရာ အင်းလျားမြိုင်နှင့် ဘုန်းကြီးကျောင်းက နီးနီးလေးဆိုပါသော်လည်း မျိုးမျိုးဖ်တစ် ယောက် တော်တော်နှင့် ပြန်ရောက်မလာသေးသည့်အတွက် သက်ဦး ကိုကိုခမျာ လည်ကလေး တဆန့်ဆန့်နှင့် ပူပန်၍နေပါသည်။

"မမကြိုင်လှိုင်"

"ဟင်"

"ဘုန်းကြီးကျောင်းက ဒီနားလေးတင် မဟုတ်လားဟင်"

"အေးလေ"

"သူ ဘာဖြစ်လို့များ ပြန်မလာသေးတာလဲ မသိဘူးနော် ခုဆို နာရီဝက်လောက်တောင်မှ ရှိနေပြီ"





ကြိုင်လှိုင်သင်းက ညီမဖြစ်သူ၏ မျက်နှာကို စူးစူး စိုက်စိုက် ကြည့်လိုက်သည်။

"ဘုန်းကြီးကျောင်းမှာ အသိဘုန်းကြီးတွေနဲ့ တွေ့ပြီး စကား ပြောလို့ ဖြစ်မှာပေါ့ သက်ဦးရဲ့၊ သူငယ်ငယ်က ကိုယ်ရင်ဝတ် တုန်းကလည်း အဲဒီကျောင်းမှာ ဝတ်ခဲ့တာလေ၊ ဘာလဲ စိတ်ပူနေလို့လား"

"ဟင့်အင်း … မပူပါဘူး၊ ဘာဆိုင်လို့ စိတ်ပူရမှာလဲ"

"အဟင်း … ဟင်း … မလိမ်တတ်ဘဲနဲ့ မလိမ်ပါနဲ့လား ညီမလေးရယ်၊ ညည်း မျက်စိပျက် မျက်နှာပျက်ဖြစ်နေတာ ငါ တွေ့သားပဲ"

"အို … မဟုတ်ပါဘူးနော်၊ ဒီမှာ အလုပ်တွေ ရှိနေတာကို သိလျက်နဲ့ ချက်ချင်း ပြန်မလာလို့ မေးကြည့်တာပါ"

"အေးပါ … အေးပါ … ထားလိုက်ပါတော့"

မမကြိုင်လှိုင်သင်း ရှေ့မှာမို့သာ ဟန်ဆောင်ပန် ဆောင်လုပ်နေရသည်။ လစ်သည်နှင့် လမ်းမဘက်ကိုသာ တမျှော် မျှော် လုပ်ချင်နေပါသည်။ သက်ဦးကိုကို၏ အဖြစ်ကို ကြည့်ကာ ကြိုင်လှိုင်သင်းက ပြုံးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်မလေး ဒီကောင်လေးကို ဘယ်တုန်းကများ သံယောဇဉ်တွေ ရှိသွားတာပါလိမ့်။ အေးလေ ... အစွယ်ချင်းမှ အလှချင်းနတ်ဖက်ဆိုသလိုပဲဥစ္စာ၊ ဒီလောက်တော့လည်းရှိမှာပေါ့။

နောက်ထပ် ဆယ်မိနစ်ခန့်အကြာမှာတော့ မျိုးမျိုးစံ၏ ကားက ပြန်ရောက်လာပါသည်။ ဒီအခါကျပြန်တော့လည်း သက်ဦးကိုကို၏ မျက်နှာလေးက ဘာမှ မဖြစ်ထားသလို ပုံမှန်အနေအထားပင်။

"ကြာတယ်နော်"

သူ့အနားသို့ မျိုးမျိုးစံ ရောက်အလာတွင် သက်ဦးကိုကိုက သူ့ကိုယ်သူပဲ ပြောသလိုလို ဘာလိုလိုနှင့် ခပ်တိုးတိုးလေး ပြောလိုက်ပါသည်။

"လှည်းတန်းဈေးကို သွားနေလို့ သက်ဦးရဲ့၊ မနေ့ကတည်းက ကိုယ်မှာထားတဲ့ ပန်းသည်က ရောက်မလာသေးလို့ စောင့်နေရတာလေ"

သည်တော့မှပင် မျိုးမျိုးစံ၏ လက်ထဲမှ အင်ဖက်ကို ကန်တော့သဏ္ဌာန် လုပ်ကာ ယူလာသည့် အထုပ်ကို သတိထား၍





ကြည့်လိုက်မိပါသည်။ မျိုးမျိုးစံက အင်ဖက်ထုပ်ထဲမှ တစ်စုံတစ်ခုကို ဆွဲထုတ်လိုက်ပါသည်။

"ဟယ် ... လှလိုက်တာ"

မျိုးမျိုးစံ ထုတ်ယူလိုက်သည် စံပယ်နှင့် နှင်းဆီပန်းနုရောင်လေးများကို သီကုံးထားသည့် ပန်းကုံးလေးတစ်ကုံး ဖြစ်နေပါသည်။ အဖြူနှင့် ပန်းနုရောင် ရောယှက်သီကုံးထားသည့် ပန်းကုံးလေးက နုဖပ်လှပ၍ နေပါသည်။

"အရမ်းလှတာပဲနော်"

"သက်ဦး ကြိုက်လားဟင်"

"အင်း"

"အဲဒါ သက်ဦး အတွက် ကိုယ်မှာထားတဲ့ ပန်းကုံးလေးလေ၊ ကိုယ်ဆွဲပေးလို့ ရမလားဟင်"

"သဘော"

"ဒါဆိုရင် သက်ဦးကို ဆွဲပေးမယ်နော်"

သက်ဦးကိုကိုက ခေါင်းလေးကို ငုံ့ပေးလိုက်ပါသည်။ မျိုးမျိုးစံက ဖားလျားချထားသော သက်ဦးကိုကို၏ နက်



www.burmeseclassic.com

www.burmeseclassic.com



ချောင်နေသော ဆံပင်များကို အသာလေးမ,ကာ ပန်းကုံးကို ဆွဲ ဆေးလိုက်ပါသည်။ ဖြူဝင်းမွတ်စင်နေသော လည်ကုပ်သား ဖွေးဖွေးလေးတွင် ဆံနွယ်လေးများနှင့်အတူ ရွှေရောင်တလက်လက် ပြေးနေသည့် မွေးညင်းနုလေးများကိုပင် အနီးကပ် မြင်တွေ့လိုက်ရပါသည်။

မျိုးမျိုး နှင့် သက်ဦးကိုကိုတို့၏ အဖြစ်ကို ဂျော်ဂျီ ကောင်းရော ကြိုင်လှိုင်သင်းရော သတိထားမိလိုက်ပါသော်လည်း မသိကျိုးကျွန် ပြုလိုက်ကြပါသည်။

မနက်ကိုးနာရီတွင် သူတို့မဏ္ဍပ်တွင် ရေကစားသည့် လူစုံရောက်ရှိလာသလို နေမြင့်လာသည်နှင့်အမျှ ရေပက်ခံထွက်လာကြသည့် ကားများက အင်းလျားမြိုင်ထဲတွင် ပြည့်ကျပ်ညပ်ပိတ်၍ သွားပါသည်။

သက်ဦးကိုကို၏ အနားတွင် မျိုးမျိုးဖက အမြဲရှိနေသလို ကြိုင်လှိုင်သင်း၏ အနားတွင်လည်း ဂျော်ဂျီကောင်းက တကပ်ကပ် လုပ်နေပါသည်။

"ကြိုင်လှိုင်"





"ဘာလဲ ကိုဂျော်ဂျီ"

"တစ်နေကုန် ရေစိုကြီးနဲ့ဆိုတော့ ကြိုင်လှိုင် အအေးမိနေမယ်နော်၊ သတိလည်း ထားဦး"

ပြောတုန်းက နှစ်ကိုယ်ကြား ခပ်တိုးတိုး ပြောလိုက်ခြင်း ဖြစ်ပါသော်လည်း (ဒါက သူ့အထင်လေ) တကယ်တမ်းမှာတော့ အက်ရှရှ တုန်ယင်ယင် သူ့အသံကြီးက အကျယ်ကြီးထွက်သွားသည်မို့ ကြိုင်လှိုင်သင်း၏ အနားတွင်ရှိသော သန့်မြတ်သွန်းတို့ ဦးဦးတင်တို့ ဇာနီးစိုးတို့ အုပ်စုက ဝါးခနဲ ရယ်မောလိုက်ကြပါသည်။

"ဒီလောက်လည်း စိတ်ပူမနေပါနဲ့ အန်ကယ်ဂျော်ရယ်၊ သမီးတို့လည်းပဲ တစ်နေကုန် ရေစိုနေတာပါပဲ၊ သကြင်္န်ရေက အအေးမမိနိုင်ပါဘူး၊ အန္တရာယ် ကင်းပါတယ်"

"ညည်းတို့က ကလေးတွေလေ၊ ခံနိုင်ရည် ရှိတာပေါ့၊ ကြိုင်လှိုင်က ..."

"ဘာလဲ ကိုဂျော်ဂျီ၊ သူတို့ဇာ ကလေးတွေ၊ ကျွန်မက အဘွားကြီး ခံနိုင်ရည် မရှိဘူးလို့ ပြောချင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... မ ... မဟုတ်ပါဘူး ကြိုင်လှိုင်ရယ်၊ အဲဒီလိုမျိုး မဟုတ်ပါဘူး၊ အမှန်အတိုင်း ပြောရရင် ကိုယ့်မျက်စိထဲမှာ ကြိုင်လှိုင်က သူတို့ထက်တောင်မှ နုလှနေပါသေးတယ်"

"အို ... ဒီလူကြီး ဘာမှန်းလဲ မသိဘူး"

ဂျော်ဂျီကောင်း၏ အပြောကြောင့် ကြိုင်လှိုင်သင်းက /ဦးဦးတင်တို့ အုပ်စုကို ရှက်သွားပါသည်။

နေ့လယ်ခင်း ထမင်းစား ခေတ္တနားချိန်တွင် ဂျော်ဂျီကောင်းက မျိုးမျိုးခံ့ကို အသာလက်ကုတ်၍ ခေါ်သွားပါသည်။

"ဘာလဲဗျ အန်ကယ်ဂျော်ရ"

"မနက်တုန်းက မင်း ကောင်မလေးကို စွပ်ပေးတဲ့ ပန်းကုံးလေးက တအားလှတာပဲနော်"

"ကျွန်တော့် ကောင်မလေးလောက်တော့ မလှပါဘူးဗျ"

"အေးပါ၊ မင်း ကောင်မလေးလည်း အရမ်းလှပါတယ်၊ ဒါပေမဲ့ ငါ့ရဲ့ ကြိုင်လှိုင်ကိုတော့ မမီ-လာက်ဘူး ထင်တာပဲ"





"သွားစမ်းပါ အန်ကယ်ဂျော်ရာ၊ ရှမ်းကြိုက် နွားချောပေါ့ ဟုတ်ဖူးလား"

"ကဲပါကွာ၊ ထားလိုက်ပါတော့၊ အဲဒီပန်းကုံးလေးကို မင်း ဘယ်ကရလာတာလဲ၊ မင်းလုပ်ချက်ကတော့ တအားပီတာပဲ၊ တစ်နေကုန် မင်းဆွဲပေးတဲ့ ပန်းကုံးလေးနဲ့ ရေပက်နေတာကိုမြင်တော့ မင်းရင်ထဲမှာ အရမ်းကြည်နူးမှာပေါ့နော်"

"အမှန်ပဲပေါ့ အန်ကယ်ဂျော်ရာ"

"တောက် ... ငါတို့များတော့ အသက်ကြီးသွားလို့လား မသိဘူး၊ ကိုယ်ကြွေနေတဲ့ မိန်းကလေးကို အဲဒီလိုမျိုး လုပ်ပေးရကောင်းမှန်းလည်း မသိ၊ အကြံကောင်း ဉာဏ်ကောင်းလည်း လုံးဝထွက်မလာဘူး ... နော့ မနက်ဖြန် မင်း အဲဒီပန်းကုံးမျိုး သွားဝယ်ဦးမှာလား"

"အင်းပေါ့"

"ဒါဆိုရင် ငါ့အတွက်လည်း တစ်ကုံးလောက် အပိုဝယ်ခဲ့ပါလား ငါ့လူရာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မနက်ဖြန်တော့ ရမှာမဟုတ်ဘူး အန်ကယ်ကျော် သူက တစ်ရက် ကြိုမှာထားရတာ၊ အန်ကယ်ကျော် လိုချင်ရင် သန်ဘက်ခါမှ ရမယ်"

"မင်းကလည်း ကြီးကြီးကျယ်ကျယ်ကွာ၊ ပန်းကုံးလေးတစ်ကုံးများ ကြိုတင် ဘွတ်ကင်လုပ်ထားရတယ်လို့"

"ဒီလိုပန်းကုံးမျိုးက အသင့်လုပ်ပြီး ရောင်းတာမဟုတ်ဘူး အန်ကယ်ကျော်ရဲ့၊ လိုချင်တဲ့ ပုံစံကိုပြောပြီး တကူးတက မှာမှရတာ"

"ဒါဆိုရင်လည်း သန်ဘက်ခါပေါ့ကွာ၊ အကြတ်နေ့ရရင်လည်း မဆိုးပါဘူး၊ လှတော့ လှပစေနော်"

**"စိတ်ချပါဗျာ"**

"ဒါနဲ့ နေစမ်းပါဦး မောင်မျိုးရ၊ မင်းကောင်မလေးကို ပန်းကုံးစွပ်ပေးတော့ ဒီအတိုင်းပဲ စွပ်ပေးလိုက်တာပဲလား ပါးစပ်ကရော ဘာပြောရသေးလဲ"

"ဟာဗျာ ... ဘာတွေ လျှောက်မေးနေတာလဲ၊ ရှက်စရာကြီး၊ ကိုယ့်ဘာသာကိုယ် ပြောချင်ရာပြောပြီး စွပ်ပေးလိုက်တာပေါ့လို့"



"မလုပ်ပါနဲ့ မောင်မျိုးရာ၊ မင်းကို ဒီကိစ္စနဲ့ ပတ်သက်လို့ ငါ အားကိုးပါတယ်၊ ခုခေတ် လူငယ်ခြေတက်လေးတွေလောက် တို့လူကြီးရဲ့ အတွေးအခေါ်တွေက ခေတ်ရှေ့ မပြေးတော့ဘူးကွ၊ လုပ်ပါကွာ၊ မင်းကလည်း ဈေးကိုင်မနေစမ်းပါနဲ့ ပြောစမ်းပါကွာ"

"ကဲ ... ကဲ ... ဒါဆို သေသေချာချာ နားထောင်၊ အန်ကယ်ကျော် နားထောင်ပြီးရင်တော့ ကျွန်တော့်ကို တစ်ခေါက် ပြန်ရွတ်ပြရမယ်နော်"

"အေး ... ကောင်းတာပေါ့ကွာ၊ နှစ်ထပ်ရှိမှ မှတ်မိမဲ့သဘောပေါ့၊ ဟုတ်ဖူးလား ... ဟဲ ဟဲ"

"ကောင်းပြီ၊ ဒါဆိုရင် ကျွန်တော် ပြောပြမယ်၊ ပန်းကုံးလေးရရင် အန်ကယ်က မမကြိုင်လှိုင် ရှေ့ကိုယူသွား၊ ပြီးတော့ ပန်းကုံးလေးက မလှဘူးလား ကြိုင်လှိုင် လို့မေး၊ သူက လှလိုက်တာ ကိုကျော်ဂျီရယ်လို့ ဖြေရင် အန်ကယ်ကျော်က ဒီပန်းကုံးလေးက ဘယ်သူ့အတွက်လို့ ထင်လဲ ဟင်လို့ ထပ်ပြီးမေးလိုက်၊ အဲဒီလိုဆိုရင် မမကြိုင်လှိုင်က

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သိပါ့မလဲလို့ ပြန်ဖြေလိမ့်မယ်၊ ဒီတော့ အန်ကယ်ကျေ[…]
က ဟောဒီပန်းကုံးလေးဟာ ကြိုင်လှိုင့်အတွက်ပေါ့ ကိုကျေ[…]
စွပ်ပေးမယ်နော် … နော် ဆိုပြီး ပန်းကုံးကို တစ်ခါတည်း
တန်းသာစွပ်ချပေးလိုက်တော့၊ ဟုတ်ပြီလား”

“အင်း”

“ဒါဆိုရင် ခုန ကျွန်တော် ပြောခဲ့တာတွေကို ပြန်ရွတ်[…]

“ဟာကွာ … မင်းကလည်း၊ ငါလို အဓိပတိလူကြီးတ[…]
ယောက်ကို ကလေးကလား”

“မရှားဗျာ အန်ကယ်ကျော်၊ ခုန ကျွန်တော့်ကို ကတိပေး[…]
ပြီးပြီးလေ၊ မပြောရင် ကျွန်တော် ပန်းကုံး မမှာခဲ့တော့[…]

“မင်းကွာ၊ လူကြီးကို တော်တော်နှိပ်စက်တယ်၊ ကဲပါ […]
ကဲပါ … ငါ ပြန်ဆိုပြမယ် …

“အဟမ်း … အဟမ်း … ပန်းကုံးလေးက မလှ[…]
လား ကြိုင်လှိုင်၊ ဒီပန်းကုံးလေးက ဘယ်သူ့အတွက်[…]
ထင်လဲဟင်၊ ဟောဒီ ပန်းကုံးလေးဟာ ကြိုင်လှိုင့်အတွ[…]
ပေါ့၊ ကိုကျော် စွပ်ပေးမယ်နော် … နော် … ဂွပ်”



“ဘာလဲဗျ ‘ဂွပ်’ဆိုတာကြီးက”

“ဂွပ် ဆိုတာက ပန်းကုံးကို သူ့ခေါင်းမှာ စွပ်ပေးတာကို ထင်သာ မြင်သာဖြစ်အောင် သရုပ်ဖော်တာလေ”

“အန်ကယ်ကျော်ကလည်း ပန်းကုံးလေးတစ်ကုံး စွပ်တာ ဂွပ်လို့ မြည်ပါ့မလား၊ အဲဒီအသံက ခေါင်းကို ခွက်စောင်း ခုတ်တဲ့ အသံပဲဥစ္စာ”

“အေးပါကွာ၊ ငါ သိပါတယ်၊ မင်း မြင်သာအောင် သရုပ်ဆောင် အသံထွက်ပြတာပါလို့ဆို၊ ကဲ … ရပြီမဟုတ်လား၊ မင်းလုပ်တာနဲ့ ငါ့မှာ လူကြီးတန်မဲ့ ငပေါကြီး ဖြစ်သွားတော့တာပဲ”

“အဟင်း ဟင်း ဟင်း”

“ကဲ … ကဲ … သွားတော့၊ သွားတော့၊ ဟိုမှာ လိပ်ဥ ပျောက်လို့ လိပ်မရှာ သူ့ခမျာ ငိုမဲ့ ငိုမဲ့ ဖြစ်နေပြီ”

အဝေးမှနေ၍ သူတို့နှစ်ယောက်ရှိရာကို လှမ်းကြည့်[…]သော သက်ဦးကိုကို့ကို တွေ့လိုက်ရသည့်အတွက် ကျော်ကျို[…]င်းက သူ့ကျောကို တွန်းလွှတ်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တစ်ယောက်တည်းတင် မဟုတ်ပါဘူးအန်ကယ်ကျော်ရဲ့ လိပ်ပေါက်စမလေး နောက်မှာလည်း လိပ်ကမ္ဘာကြီးက သူ့ဥ ..."

"ဟော့ကောင် ... တော်တော့ကွာ၊ တော်တော့"

နောက်တစ်နေ့မှာတော့ မျိုးမျိုးဖုံက ပန်းကုံးတို့မနေ့ကလို တခြားအဖော်တွေ မရောက်ခင် သက်ဦးကို စွပ်ပေးခြင်းမဟုတ်ဘဲ အားလုံးရှေ့မှာပင် စွပ်ပေးလိုက်ပါသည်။ သူငယ်ချင်းတွေကလည်း ဝိုင်း၍ လက်ခုပ်တီးလိုက်ကြပါသည်။

"ဟေး"

"ဗရာဗို"

"ဖြောင်း ဖြောင်း ဖြောင်း"

သက်ဦးကိုကို၏ ဖွေးဖွေးနုသော ပါးမို့မို့ပေါ်တွင် ပုစွန်ဆီရောင် အရိပ်ကလေးတစ်ရိပ်က ဖြတ်ကျော်၍ သွားပါသည်။

"ဟော့ကောင်လေး မောင်မျိုး၊ ခဏကွာ"

"ဘာကိစ္စရှိလို့လဲ အန်ကယ်ကျော်"

"ဟိုကျတော့ သိမှာပေါ့ကွာ၊ ငါနဲ့ အိမ်ထဲကို ခဏလိုက်ခဲ့စမ်းပါ"



"သက်ဦး ခဏနော်၊ နောက်ဆယ့်ငါးမိနစ်လောက်နေလို့မှ တို့ ပြန်ထွက်မလာရင် ရဲစခန်းကို လှမ်းပြီးတိုင်လိုက်၊ သိလား"

"ခစ် ခစ် ခစ်"

မျိုးမျိုးဖုံ၏ စကားကြောင့် သက်ဦးကိုကိုက ရယ်မောရင်း ကျန်ရစ်ခဲ့ပါသည်။

"ဘာများလဲ အန်ကယ်ကျော်"

"မင်း ငါ့အတွက် မနက်ဖြန် ပန်းကုံးမှာခဲ့တယ်နော်"

"မှာခဲ့ပါတယ် အန်ကယ်ကျော်ရဲ့"

"ကျေးဇူးပဲ မောင်မျိုးရာ၊ ကဲ ... ဟိုမှာကြည့်စမ်း"

ကျော်ကျိုကောင်းက နံရံတွင် ချိတ်ဆွဲထားသော ပန်းတစ်ကုံး ရှိရာသို့ ဂုဏ်ယူစွင့်ကြွားစွာ လက်ညှိုးညွှန်၍ ပြလိုက်သည်။

"ဘယ့်နယ်လဲ၊ လှတယ်မို့လား မောင်မျိုး၊ ဟဲ ဟဲ"

မျိုးမျိုးဖုံကတော့ ကျော်ကျိုကောင်း ညွှန်ပြသည့် ပန်းကုံးကိုကြည့်ရင်း မျက်လုံးများ ပြူးကျယ်၍သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းပန်းကုံးက မနက်ဖြန်မှ ရမယ်ဆိုတော့ ဒီနေ့ ကြိုင်လှိုင်
အတွက် ယာယီကွန်းသဘောနဲ့ ဒီပန်းကုံးကို စွပ်ပေးရသို့
လေ"

"ဘုရား … ဘုရား"

မျိုးမျိုးခံ ခမျာ စိတ်ထဲကကျိတ်၍ ဘုရားတ,လိုက်
မိပါသည်။

"ဒီပန်းကုံးကို အန်ကယ်ကျော် ဘယ်ကရတာလဲ"

"ဘာလဲ၊ မင်း လိုချင်လို့လား၊ ဒီမှာ မောင်မျိုး၊ မင်းဖန်
သည်က လွယ်တဲ့အလုပ်ကို ခက်အောင်လုပ်နေတာ၊ ခေ
မှ သူတို့လိုချင်တဲ့ဈေး တောင်းလို့ကောင်းမှာလေကွာ
ပေါ့ … အန်ကယ်ကျော်တို့လို အတွေ့အကြုံ ရင့်ကျက်တဲ့
လူကြီးတွေအဖို့ကတော့ သူတို့ညာတိုင်း လှိုင်းတိုင်း မ
ဘူးကွ၊ ဒီလိုကွာ၊ မနက်အစောကြီး ငါ လမ်းထိပ်ထို
ထွက်သွားတော့ ကုလားတစ်ယောက် ပန်းကုံးတွေ သယ်
သွားတာတွေ့လို့ သူ့ဆီကနေ ပြန်ဝယ်ထားလိုက်တာ
သူ့လက်ထဲမှာ အဲလိုမျိုး ပန်းကုံးတွေမှ အများကြီးပဲ …



"ဒီကောင်က ငါ့ကို တစ်ကုံးရောင်းပါလို့ ဆိုတာကို အင်တင်တင် လုပ်နေသေးတယ်၊ သိပ်ရောင်းချင်ပုံ မရဘူး၊ ငါက တစ်ကုံးကို ဘယ်လောက်လဲလို့ မေးတော့ သူက သုံးရာတဲ့၊ ဒါနဲ့ ငါက လေးရာပေးမယ်ကွာလို့ ဆိုတော့မှ မရောင်းချင် ရောင်းချင် ပုံစံမျိုးနဲ့ တစ်ကုံးရောင်းလိုက်တာ ကွ၊ အလကားပါကွာ။ တမင် ငါ့ကို မူလကျို သွန်လနီ လုပ်ပြနေတာပါ၊ စိတ်ထဲကတော့ တစ်ရာပိုရတဲ့အတွက် ရောင်းချင်လိုက်တာမှ ရွစိကို ထိုးနေမှာပဲ"

"အန်ကယ်ကျော်"

"ဘာလဲကွ"

"အဲဒီပန်းကုံးကိုတော့ မမကြိုင်လှိုင်ကို မပေးပါနဲ့ဗျာ"

"ဘာလဲ … မင်းက ငါ့ဆီကယူပြီး မင်းကောင်မလေးကို ပေးချင်လို့လား၊ မင်းပန်းကုံးထက် လှနေလို့ မနာလို တိုရှည် ဖြစ်နေပြီမို့လား၊ မရဘူး ကိုယ့်လူ၊ မင်းလိုချင်ရင် မနက်ဖြန် ဒီကောင် ဒီနေ့လာတဲ့အချိန် ငါ လမ်းထိပ်က ထွက်စောင့်ပြီး ဝယ်ပေးမယ်၊ ဟုတ်ပြီလား၊ သူ့ကျေးဇူး ကိုယ့်ကျေးဇူး အပြန်အလှန်ပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားပန်းကုံးကို ကျွန်တော်ကလည်း မလိုချင်ပါဘူး ဒါပေမဲ့ မမကြိုင်လှိုင်ကိုတော့ မပေးပါနဲ့ အန်ကယ်ကျော် ရာ"

"ဟကောင်လေးရ၊ မင်းဟာလေ ငါလုပ်တာမှန်သမျှ ... မှ အကောင်းမမြင်ဘဲ အကုန် ကဖျက်ယဖျက် ... လုပ်နေတာပဲ၊ ကဲ ... ပြောစမ်းပါဦး၊ ငါက ဘာဖြစ်... အဲဒီပန်းကုံးကို ကြိုင်လှိုင့်ကို မပေးရမှာလဲ"

"အဲဒါ ကုလားဘုရားပွဲတွေမှာ သုံးတဲ့ ပန်းကုံးတွေ... ကာလီမယ်တော်တို့ မဟာပိန္နဲတို့ကို ပူဇော်တာ၊ က... တွေတောင် သိတဲ့ဥစ္စာ အန်ကယ်ကျော်က မသိဘူးလား"

"ဟေ"

မှန်ပါသည်။ သူ့ပန်းကုံးက ပန်းတွေက ငန်း... ကျားလို့ ထုံးနှင်းရောင် ဝါဝါထိန်ထိန်ရော အဖြူရော အနီ... စပ်ကြားပန်းကုံးကြီး ဖြစ်နေပါသည်။

"ကျွတ် ... ဒါဆိုရင်လည်း ဒုက္ခပါပဲကွာ"

*"မနက်ဖြန်မှပဲ ပေးပေါ့ အန်ကယ်ကျော်ရာ"*





"ဒါနဲ့ မင်းပန်းကုံးက ဘယ်လောက်ပေးရလဲ"

"တစ်ကုံးကို သုံးထောင်"

"ဘာ ... သုံးထောင်"

"ဟုတ်တယ်လေ၊ သုံးထောင်ပေးရတယ်"

"ပန်းကုံးတစ်ကုံးကို သုံးထောင်ကြီးများတောင်တဲ့လားကွာ၊ နမြောစရာကြီး၊ မင်း တစ်နေ့တစ်ကုံး သူ့ကိုပေးရင် သကြိန်လေးရက်ဆို လေးကုံး၊ မင်းပန်းဖိုးချည်း တစ်သောင်း နှစ်ထောင် ကျမှာပေါ့"

"ဒါပေါ့ အန်ကယ်ကျော်ရ"

"ကျွတ် ကျွတ် ကျွတ် ... မစားရ မသောက်ရနဲ့ နမြော စရာကြီး ငါ့လူ"

"အဟင်း ဟင်း ... အဲဒါကြောင့် အန်ကယ်ကျော် ခုထိမွဲ နိုင်တာပေါ့၊ အချစ်မှာ အဲလို ဈေးတွက်၊ တွက်လို့မရဘူး လေ အန်ကယ်ကျော်ရ၊ လောကကြီးမှာ အချစ်ထက် တန်ဖိုး ရှိတဲ့အရာ ဘာမှမရှိဘူး ဆိုတာကို ယုံယုံကြည်ကြည်နဲ့ လက်ခံလိုက်စမ်းပါ *အန်ကယ်ကျော်ရာ၊ အဲဒီလိုဆို...*



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်ရော်နဲ့ မမကြိုင်လှိုင်သင်းတို့ကိစ္စ အားလုံး အဆင်
ပြေသွားပါလိမ့်မယ် ...

"ကဲ ... အန်ကယ်ရော်၊ ကျွန်တော် သွားတော့မယ်
ဟိုမှာ သက်ဦး စောင့်နေလိမ့်မယ်"

"သိပ်လည်း အဖြစ်သည်းပြမနေစမ်းပါနဲ့ ငါ့လူရာ၊ မင်း
လည်း ငါနဲ့ ဘာမှ ထူးသေးတာ မဟုတ်ပါဘူး။ မင်းလို
ပြောရမယ်ဆိုရင် ခုအချိန်မှာ ကြိုင်လှိုင်သင်း တစ်ယော
ငါ့ကို မျှော်ရလွန်းလို့ လည်ပင်းတောင် သစ်ကုလားအု
ဖြစ်တော့မယ် ...

"ဟောကောင် ... ဟောကောင်"

သူ ထွက်သွား၍ အတန်ငယ် လှမ်းတော့မှ ကျေ
ကောင်းက လှမ်း၍ ခေါ်လိုက်ပါသည်။

"ဘာလဲဗျ အန်ကယ်ရော်ရ"

"မင်း ခု ငါဝယ်ထားတဲ့ ပန်းကုံးကိစ္စကို ဘယ်သူ့
မပြောရဘူးနော်"

"အင်းပါ"



"ကိုမျိုး ဘာတွေ အလုပ်ရှုပ်နေတာလဲဟင်"

မဏ္ဍပ်သို့ ပြန်အရောက်တွင် သက်ဦးကိုကိုက သူ့
ကို မေးလိုက်ပါသည်။

"အန်ကယ်ရော်က ကိစ္စတစ်ခုကို ခေါ်ပြီး တိုင်ပင်နေလို့ပါ
သက်ဦးရဲ့"

"ဘာကိစ္စများလဲဟင်"

"အဟင်း ဟင်း ... သက်ဦး ဘယ်သူ့ကိုမှ ပြန်မပြောပါ
ဘူးလို့ ကတိပေးမလား"

"ပေးတယ်"

"ဒါဆိုရင် ကိုယ် ပြောပြမယ်၊ ဒီလို သက်ဦးရဲ့"

မျိုးမျိုးခံက ကုလားဘုရားပွဲတွင် အသုံးပြုသည့်
နှင်းကုံးကို အန်ကယ်ရော် ဝယ်ယူပြီး မမကြိုင်လှိုင်ကို ပေးစည့်
အကြောင်းကို ပြောပြလိုက်ပါသည်။ မျိုးမျိုးခံ၏ စကားကို နားထောင်
ပြီး သက်ဦးက တခွိခွိနှင့် ရယ်မောလိုက်ပါသည်။

"ဖြစ်မှ ဖြစ်ရလေတယ် ကိုမျိုးရယ်၊ ဒီ အန်ကယ်ရော်ကြီး
ကလည်း ကုလားပန်းကုံးကိုမှ မသိရလေအောင်

www.burmeseclassic.com



တကယ့် ဂယောင်ပါပဲလား၊ အင်း ... တော်သေးတာ[illegible]

နော်၊ ကိုမျိုးကိုသာ ခေါ်မပြဖြစ်ရင် ခုလောက်ဆို မမကြိုင်

လှိုင်ကို အဲဒီပန်းကုံးကြီး လာစွပ်ပြီးလောက်ပြီပေါ့၊ အ[illegible]

ကြီးကလည ်း စိတ်က လက်တစ်သစ်လောက် ဆိုတော့ –

ခစ် ခစ် ခစ်"

"သက်ဦး"

"ရှင်"

"ဟိုမှာကြည့်ပါဦး ဇာနီစိုးနဲ့ ကျော်ရှိန်ဝင်းတို့ နှစ်ယောက်[illegible]

အတော်အဆင်ပြေနေပုံ ရတယ်နော်"

သူတို့မကျွပ်အနေးသို့ လာရောင်းသော ဆိတ်သား[illegible]

ကင်တစ်ဖုံအကို ကျော်ရှိန်ဝင်းက ဇာနီစိုး၏ ပါးစပ်ထဲသို့ ခွံ့လိုက်[illegible]

သဲည်ကို ညွှန်ပြရင်း မျိုးမျိုးစံက ပြောလိုက်ပါသည်။

"အဲဒါ ဘာဖြစ်လဲ"

"ဘာမှ မဖြစ်ပါဘူး၊ ကြည့်ရတာ ကြည်နူးစရာ ကောင်း[illegible]

လိုက်တာလို့ ပြောမလို့ပါ"

"ဟွန်း ... ဘာမှန်းလဲ မသိဘူး"



"သက်ဦး"

"ခေါ်ပြန်ပြီလား၊ နာမည်တစ်ခါခေါ်တစ်ထောင်သာဆို

ရင် ခုလောက်ဆို ပင်လယ်ကူး အမြော်စီးသင်္ဘောကြီး

တစ်စင်းတောင် ဝယ်လို့ရမလား မသိဘူး"

"မနောက်ပါနဲ့ သက်ဦးရယ်၊ တို့လေ သက်ဦးကို အရေး

ကြီးတဲ့ စကားတစ်ခွန်း ပြောစရာရှိလို့၊ အဲဒါ ညနေအပြန်

ကျ သက်ဦးကို တို့လိုက်ပို့ပေးရင်း ပြောခွင့်ပေးပါလားဟင်"

"စကားတွေ ဒီလောက်ပြောနေပြီး ခုမှ စကားတစ်ခွန်း

ပြောချင်လို့ ခွင့်တောင်းသတဲ့လား ကိုမျိုးရယ်၊ အံ့ရောပဲ"

"ညနေကျ ကိုယ်ပြောမဲ့ စကားက ခုပြောမဲ့ စကားတွေ

နဲ့ လုံးဝမတူဘူးလေ သက်ဦးရဲ့"

"ဘာလဲ ... ကမ္ဘာပေါ်မှာ မရှိတဲ့ ဘာသာစကားလား၊ ဒါ

ဆိုရင် ဂြိုဟ်သားတွေရဲ့ စကားကို ကိုမျိုး နားလည်နေပြီ

နဲ့ တူတယ်နော်"

"ဟုတ်တယ် သက်ဦး၊ ဂြိုဟ်တော့ ဂြိုဟ်ပဲ၊ အဲဒီဂြိုဟ်က

စကြဝဠာကြီးထဲမှာ မရှိဘဲ ကိုယ့်ရင်ထဲမှာ ရှိနေတဲ့ အချစ်

ဂြိုဟ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ဟင်း ... တော်တော်လည်း ကြံကြံဖန်ဖန် မြှော ဓာတ်တဲ့ ကိုမျိုးမျိုးစံကြီး"

ပြောပြောဆိုဆို သက်ဦးကိုကိုက လွှတ်နေသော ရေပိုက်တစ်ခုကို ဆွဲယူကာ ရေပက်နေလိုက်ပါသည်။

ဘာပဲဖြစ်ဖြစ် သက်ဦးကိုကိုက သူ့ကို စိတ်မဆိုး သည့်အတွက် အားတက်၍ သွားပါသည်။ စိတ်မဆိုးသည့်အပြင် သူ ပြောသည့် စကားများကို ငြင်းဆန်ကန့်ကွက်ခြင်း မရှိသည့် အတွက်လည်း အကျေနပ်ကြီး ကျေနပ်၍ သွားပါသည်။

မနက်ဆယ့်တစ်နာရီလောက်မှာတော့ အင်းလျားမြိုင် လမ်းထဲတွင် ကားတန်းကြီးက ပြည့်ကျပ်၍ နေပါသည်။ လမ်း ကလည်း ကျဉ်းသည်မို့ တစ်ပေလောက် ကားရွှေ့ဖို့ပင် အတော် လေးကို ကြာပါသည်။ မဏ္ဍပ်တိုင်းမှ ဆောင်းဘောက်စ်ကြီးများ ဖြင့် ဖွင့်ထားသည့် သင်္ကြန်သီချင်းမျိုးစုံကလည်း နားအူမတတ် ဆူညံ၍ နေပါသည်။

မျိုးမျိုးစံက သက်ဦးကိုကို အနားတွင်ကပ်ခါ ရေ ပက်ခံကားများကို ဖက်လိုက်၊ တစ်ခါတစ်ခါ သက်ဦးကိုကို့ကို ပက်လိုက်နှင့် လုပ်နေပါသည်။





ထိုအချိန်မှာပင် မလှမ်းမကမ်းရှိ ရေပက်ခံကား တစ်စီးပေါ်မှနေ၍ သက်ဦးကိုကိုနှင့် သဏ္ဌာန်တူရုပ်ရွယ်တူလောက်ရှိ ကောင်မလေးတစ်ယောက်က စံပယ်ပန်းကုံးလေး တစ်ခုကိုကိုင် ကာ ဆင်းလာပြီးနောက် ရုတ်တရက် ဆိုသလို မျိုးမျိုးစံတို့ မဏ္ဍပ်ပေါ်သို့ ပြေးတက်လာပါသည်။ ပြီးတော့ မျိုးမျိုးစံကို သူမ ၏လက်ထဲမှ စံပယ်ပန်းကုံးလေးနှင့် စွပ်လိုက်ပြီးနောက် ချက်ချင်း ကြီးပင် မဏ္ဍပ်ပေါ်မှ ပြန်လည်ပြေးဆင်း၍ သွားပါသည်။

အဓော်လေးကို လှတပတနိုင်လှသည့် ကောင်မလေး မို့ အားလုံးက သတိထားမိပြီး ဝိုင်း၍ကြည့်နေမိစဉ်မှာပင် သူမက မျိုးမျိုးစံကို ပန်းကုံးစွပ်လိုက်သည့်အတွက် မဏ္ဍပ်ပေါ်ရှိ လူတွေ အားလုံးက ထူးဆန်းသလို ဖြစ်ကုန်ကြပါသည်။ ယင်းမိန်းကလေး က သူမ၏ကားပေါ်သို့ ပြန်အရောက်တွင် မျိုးမျိုးစံကို လက်က လေး လှုပ်ယမ်းပြကာ နှုတ်ဆက်၍များပင် သွားပါသေးသည်။

မျိုးမျိုးစံကတော့ သည်ကောင်မလေး၏ အပြုအမူ အတွက် ယောင်တောင်တောင် ကြောင်တက်တက် မောင်းတော့အံ့

www.burmeseclassic.com



ခုန်သည့်ကြက် ဆိုသည့် ပုံစံကြီးဖြင့် ငုပ္ပိုင်ငိုင်ဖြစ်ကာ ကျန်ရစ်ခဲ့ပါတော့သည်။" သူက သက်ဦးကို လှည့်ကြည့်လိုက်ပါသည်။ သက်ဦးကိုကိုကတော့ ဘာမှ ဂရုမစိုက်သလို ရေကို ပက်ဖြန်းဆက်၍ ဖက်နေပါသည်။ သည်ပုံစံသည်ပင် မိမိအပေါ် အတော်လေးနင်၍သွားပြီဖြစ်ကြောင်း မျိုးမျိုးခံ သိလိုက်ပါသည်။

ဟိုမိန်းကလေး လုပ်ချလိုက်ပုံလည်း သူများတကာက သူ့ကို အထင်အမြင်လွဲစရာပင်။ သူနှင့် တရင်းတနှီး ပတ်သက်မှု တစ်စုံတစ်ရာ ရှိခဲ့သည့်ပုံလည်း ပေါက်နေသည် မဟုတ်ပါလား။ မျိုးမျိုးခံက သက်ဦးကိုကို၏ သူငယ်ချင်းတွေကို အကဲခတ်ကြည့်လိုက်ပြန်တော့လည်း အားလုံးက မသိမသာ မျက်နှာလွှဲ၍ သွားကုန်ကြပါသည်။

ပြဿနာက မသေး၊ အုံနှင့် ကျင်းနှင့် ထုနှင့်ထည်နှင့် ဖြစ်နေပါပြီကော။ သူငယ်ချင်းတွေရှေ့မှာမို့ သက်ဦးကိုကို ခမျာ အတော်လေး ရှက်ရှာလိမ့်မည် ဆိုသည်ကို မျိုးမျိုးခံ ခန့်မှန်းမိပါသည်။ တရားဝင် ဘာမှမဖြစ်သေးသော်လည်း မိမိတ



သက်ဦးကို ချစ်မိနေကြောင်း အမူအရာများဖြင့် ပြထားခဲ့ပြီးပြီကော။

သက်ဦးနှင့် နီးစပ်ချင်လွန်း၍ အသည်းအသန်ကြိုးစားထားခဲ့သမျှ ခုတော့ အဝေးဆုံးကို မောင်းထုတ်ခံရသလိုဖြစ်နေပါသည်။ သူ့တစ်ကိုယ်လုံး ရေတွေစိုရွှဲနေသော်လည်း သူ့ဘဝက ခြောက်သွေ့လို့ နေပါတော့သည်။

သက်ဦးကိုကိုကတော့ သူ့ဘက်ကို လုံးဝလှည့်၍ မကြည့်၊ ဖုတ်လေသည့်ငါးပိ ရှိသည်လို့ပင် မထင်ပါလေတော့။ မျိုးမျိုးခံတာ ဘာမှမဖြစ်ခဲ့သလို ပုံစံမျိုးနှင့် သက်ဦးကိုကိုဘက်သို့ လှည့်၍ စကားတွေ ပြောခဲ့ပါသော်လည်း သူမကတော့ သူ့ကို လုံးဝသည့်ထောက်ခံ၍ ပြန်မပြောခဲ့ပါ။

သည်လိုနှင့်ပင် ညွှန့်စောင်းသို့ ရောက်ရှိ၍သွားပြီး ရေပက်ခြင်း အလုပ်ကို နားလိုက်ကြပါသည်။ မျိုးမျိုးခံက သက်ဦးကိုကို၏ အနားသို့ လျှောက်သွားလိုက်ပါသည်။

"သက်ဦး ပြန်ကြစို့နော်"

www.burmeseclassic.com



"ကိုမျိုးဘဘသာ ကိုမျိုးပဲပြန်နှင့်ပါ၊ သက်ဦး မလိုက်သေးဘူး"

"ဘာကိစ္စရှိလို့လဲ သက်ဦးရယ်၊ တို့ စောင့်နေမယ်လေ"

"ဟင့်အင်း ... မစောင့်နဲ့တော့၊ သက်ဦးက ဘယ်အချိန်မှာမှ ပြန်ဖြစ်မယ် မသိဘူး"

"မဟုတ်တာပဲ သက်ဦးရာ၊ သက်ဦး တို့ကို စိတ်ဆင်းရဲအောင် လုပ်တာပဲ၊ အတူတူ ပြန်ကြရအောင်လား သက်ဦးရယ်၊ တို့ တောင်းပန်ပါတယ်၊ တို့ ဘာအမှားများ လုပ်မိလို့လဲဟင်"

"ဘာမှ မရှိပါဘူး၊ တကယ်ပါ သက်ဦး ဒီနေ့ နွေမာတို့နဲ့ အတူလိုက်ပြန်မယ်လို့ ပြောထားပြီးလို့ပါ၊ မနက်ဖြန်လည်း သက်ဦးဘဘသာ သက်ဦး လာခဲ့မယ်၊ ကိုမျိုး လာမကြိုနဲ့တော့၊ ကဲ ... ဒါပဲနော်"

နွတ်အတင်းကြီး ပြောနေ၍လည်း အကြောင်းထူးမည် မဟုတ်သည့်အတွက် မျိုးမျိုးဇော်က ခေါင်းငိုက်စိုက်ဖြင့် ထွက်လာခဲ့ပါသည်။





"မောင်မျိုး ... ဟော့ မောင်မျိုး"

ခြံပေါက်ဝသို့အရောက် နောက်မှလှမ်း၍ ခေါ်လိုက်သည့် ဂျော်ဂျီကောင်း၏အသံကြောင့် သူက ပြန်လှည့်လိုက်ပါသည်။

"ဘယ်လိုတွေ ဖြစ်ကုန်တာလဲ ငါ့တူရာ"

ဂျော်ဂျီကောင်းက စောစောတုန်းက သက်ဦးကိုကိုနှင့် မျိုးမျိုးဇော်တို့၏ ဆက်ဆံရေးကို တစေ့တစောင်း မြင်တွေ့သွားသဖြင့် မေးလိုက်ခြင်း ဖြစ်ပါသည်။

"ကျွန်တော်လည်း ဘာတွေဖြစ်သွားမှန်း မသိတော့ပါဘူး အန်ကယ်ကျော်ရယ်၊ သက်ဦး ကျွန်တော့်အပေါ် အစာမကျေဖြစ်သွားပုံရတယ်၊ အဲဒါ ကျွန်တော် ဘာလုပ်ရမလဲဟင်"

"ငါထင်တာကတော့ မနက်တုန်းက ချာတိတ်မလေးတစ်ယောက် မဏ္ဍပ်ပေါ်တက်လာပြီး မင်းကို ပန်းကုံးလာစွပ်သွားတဲ့ ကိစ္စက စတယ်ထင်တာပဲ၊ မင်းကလည်း မင်းဝဲမောင်မျိုးရာ၊ ဒီအချိန်က ဘာတစ်ခုမှ အများမခံဘူး ငါ့လူရ၊ သားဦးသန္ဓေကို လွယ်ထားခါစ မိန်းကလေးလို



www.burmeseclassic.com

www.burmeseclassic.com



အနေအထိုင် အစားအသောက်က အစ ကြမ်းလို့မရဘူး၊ တစ်ချက်မှားတာနဲ့ အထဲက သန္ဓေသားကို သွားထိမှာကွ၊ အဲဒီကောင်မလေးက မင်း ငယ်ရည်းစားလား"

"မဟုတ်ပါဘူး အန်ကယ်ကျော်ရာ၊ သူနဲ့ ကျွန်တော်နဲ့က ရိုးရိုးတန်းတန်း သူငယ်ချင်းပါ"

"မင်း ငါ့ကို မညာနဲ့နော် မောင်မျိုး၊ ဒီကိစ္စကို နယ်နယ် ရရ မမှတ်နဲ့၊ အချိန်မရွေး ထပြီးပေါက်ကွဲနိုင်တဲ့ မိုင်းဗုံး ကြီးကို ဖင်ခုထိုင်ထားရသလိုမျိုးပဲ ကိုယ့်လူ၊ ငါကော မင်းအစ်မကြိုင်လှိုင်ပါ မင်းအတွက် ရင်လေးနေတာ၊ မင်း သက်ဦးကို လျှော့မတွက်နဲ့၊ ငါမြင်သလောက် ပြောရရင် သက်ဦးက လှသလောက် ဖြူစင်ရိုးသားတယ်၊ ဒါပေမဲ့ ထက်မြက်ပြီး မဟုတ်မခံ မာနကြီးတဲ့ ကောင်မလေးကွ—

"နေ့လယ်က ကိစ္စကတော့ သူ့အပေါင်းအသင်း သူငယ်ချင်းတွေ အလယ်မှာ သူ့အတွက် အရှက်ရစရာ ဖြစ်သွားတာပေါ့၊ မင်းကသာ အဲဒီကောင်မလေးနဲ့ ရိုးရိုး



သားသားပါ ဆိုပေမဲ့ မင်း သက်ဦးကို ပန်းကုံးစွပ်တုန်း ကလည်း ရိုးရိုးသားသားမှ မဟုတ်တာ၊ ဒါကို မင်းသဘော ပေါက်တယ်နော်"

"ပေါက်ပါတယ် အန်ကယ်ကျော်"

"အေး ... ပေါက်တယ်ဆိုရင် အဲဒီအဖြစ်ကိုကြည့်ပြီး သူ ကလည်း မင်းကို ခွချက်လုပ်တယ်၊ ရှေ့နန်းစ်ဖက် နင်း တယ်လို့ ထင်မသွားနိုင်ဘူးလား"

"ဟုတ်ပါတယ် အန်ကယ်ကျော်ရယ်၊ ခုကိစ္စကလည်း မမျှော် လင့် မထင်မှတ်ဘဲ ဖြစ်သွားရတာပါ၊ တကယ်ပြောတာ ပါ၊ ပီတိနဲ့ ကျွန်တော်က တကယ့်ကို အဖြူထည်သက်သက် ပါ၊ အဲ သူ့နာမည်က ပီတိပြုံးတဲ့၊ စတိတ်မှာနေတုန်းက ရင်းနှီးခဲ့တဲ့ သူငယ်ချင်းပါ၊ သူက စီးပွားရေးတက္ကသိုလ် မှာ တက်နေတာ၊ ကျွန်တော်နဲ့ တစ်နှစ်နေလို့ တစ်ခါတောင် မတွေ့ပါဘူး၊ ခုကျရောက်ချင်တော့ ဒီနေ့ရှေ့မှ တိုက်ဆိုက် ဆိုင်ဆိုင် လာပြီး ဆုံရတယ် အန်ကယ်ကျော်ရာ"

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... မင်း ခုပြောခဲ့တာတွေဟာ အမှန်အတိုင်း ဆိုခဲ့ရင် သက်ဦးကိုလည်း နားလည်အောင် ရှင်းပြပေါ့ကွာ၊ ဒီနေရာမှာ မင်းက ငါ့ထက် အကြံကောင်း ဉာဏ်ကောင်းတွေ ရှိပါတယ်၊ အဲ ... ငါ့အနေနဲ့ကတော့ ကြိုင်လှိုင်ကို မင်းပြောတဲ့အတိုင်း အကျိုးအကြောင်း ပြောပြလိုက်ပါ့မယ်၊ တစ်ခုတော့ ရှိတယ်နော် မောင်မျိုး၊ မင်းပြောခဲ့တဲ့ စကားတွေအတွက် မင်း တာဝန်တော့ ယူရမယ်"

"ဟာဗျာ ... အန်ကယ်ဂျော်ကလည်း၊ ကျွန်တော် ပြောခဲ့တဲ့ စကားအားလုံးဟာ အလိမ်အညာ မပါတဲ့ တကယ့်သစ္စာစကားတွေပါ၊ ဘာလဲ အန်ကယ်ဂျော်က ကျွန်တော့်ကိုတောင် မယုံတော့ဘူးလား"

"မင်းတို့ခေတ် လူငယ်တွေက သိပ်ပြီး ယုံရတာမဟုတ်ဘူးလေ၊ တစ်ရွာတစ်ကျီခေါက်ချင်ကြတဲ့ ကောင်တွေ၊ လှတာမြင် ချစ်ချင်တယ်ဆိုတဲ့ လူတွေ၊ ဟော ... ငါတို့လို လူမျိုးကျတော့ တစ်ယောက်ဆို တစ်ယောက်၊ ဝီတောက်ဆို



ဝီတောက်ပဲ၊ ငါ့လူ၊ ငါ့ဘဝမှာ ကြိုင်လှိုင်ပဲ၊ ကြိုင်လှိုင်က လွဲရင် ဖွဲနဲ့ဆန်ကွဲချည်းပဲ"

"လာပြီး ရွှီးမနေစမ်းပါနဲ့ အန်ကယ်ဂျော်ရာ။ အချင်းချင်းတွေ မသိရင် ခက်မယ်၊ အန်ကယ်ဂျော် အရင်တုန်းက မမခိုင်မင်းကို လိုက်ခဲ့တာ မဟုတ်လား၊ ဟိုကယောက်ျား ယူသွားလို့ မျှော်လင့်ချက်မရှိတော့မှ မမကြိုင်လှိုင်သင်းဘက်ကို ပြန်လှည့်တာ မဟုတ်လား"

"တော့ ... ဟောကောင်မလေး၊ ဓာတ်စကား ဆန်းစပျောက် မင်း ... မင်း ဒီအကြောင်း ဘယ်က ကြားခဲ့တာလဲ"

"ဘယ်က ကြားရမှာလဲ၊ ကျွန်တော်က ဒီရပ်ကွက်ထဲမှာ ကြီးလာခဲ့တဲ့ကောင် ဆိုတာလည်း သတိထားဦးလေ"

"ဒီမှာ ... ကျေးဇူးရှင်ရယ်၊ နောက်ကို အဲဒီအကြောင်း ယောင်လို့တောင်မှ စကားမစလိုက်ပါနဲ့ ခေါ်ရှူရာနော်၊ မင်းကို ငါ ရှိခိုးတောင်းပန်ပါတယ်၊ ပြေလည်လည် ပြေလည် ခါနီး ငါနဲ့ ကြိုင်လှိုင်ရဲ့ ဘဝလေးကိုတော့ သာပြီးပျက်

www.burmeseclassic.com

www.burmeseclassic.com



ဆီးပါနဲ့၊ ငါ မင်းအတွက် အစွမ်းကုန် ကူညီပါမယ်
ဟုတ်ပြီလား၊ အေး ... အတန်တန် တောင်းပန်တဲ့ ကြား
ကမှ မင်း အာချောင်ရင်တော့ ယောဒီမဏ္ဍပ်ကြီးကို မီးရှို့
ပစ်လိုက်မယ်၊ ဘာမှတ်လဲ"

"သိပ်လည်း စိတ်မပူပါနဲ့ အန်ကယ်ရျော်ရ၊ အန်ကယ်
ရျော် အီးဗိတ်သွားမဲ့ ကိစ္စကို ကျွန်တော်က ပြောပါ့မလား
လို့ ကိုယ့် ဘော်ဒါချင်းတွေပဲ ဥစ္စာ၊ အဲ ... စောစောက
အန်ကယ်ရျော် ပြောလိုက်တဲ့ စကားတစ်ခွန်းကိုတော့
ကျွန်တော် မကျေနပ်ဘူးဗျာ"

"ဟော ... ဘာများပါလိမ့်"

"ဩော် ... အန်ကယ်ရျော်က ပြောတယ်မို့လား၊ ကြိုင်လှိုင်
ကလွဲရင် ဖွဲနဲ့ဆန်ကွဲချည်းပဲ ဆိုတာလေ"

"အေးလေ ... ဟုတ်သားပဲ၊ ဒါ ငါ့ရင်ထဲမှာရှိတဲ့အတိုင်း
ပြောတာလေ၊ အမှန်တရားပဲ ဥစ္စာ"

"အဲလိုဆိုရင် ကျွန်တော်ကလည်း ပြန်ပြောချင်တယ်"



"ပြောလေ၊ အဲဒါ မင်းရဲ့အခွင့်အရေးပဲ"

"ကျွန်တော်ကလည်း သက်ဦးကလွဲရင် အီးတုံးချည်းပဲ၊
ကဲ ..."

"မင်း တော်တော်ညစ်ပတ်တဲ့ ကောင်လေးပဲ"

အန်ကယ်ရျော်ကြီးနှင့် ပြေရာပြေကြောင်း ပြောဆို
ခဲ့ပါသော်လည်း တကယ်တမ်းမှာတော့ သူ့ရင်ထဲတွင် လိပ်ခဲတည်း
လည်းကြီး ဖြစ်နေသော ကိစ္စကြီးက ပြေ၍မသွားခဲ့။

ညဘက်ကိုရောက်တော့ သက်ဦးကိုကိုထံ တယ်လီ
ဖုန်းဆက်၍ အကျိုးအကြောင်း မေးမြန်းရှင်းလင်းရန် ကြိုးစားခဲ့
ပါသော်လည်း သက်ဦးက သူ့ဟင်းန်ဖုန်းကို ပိတ်ထားသည့်
အတွက် အရာမထင်ခဲ့ပါ။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com



ညက တစ်ညလုံးလိုလို လူးလူးလိမ့်လိမ့်နှင့် အိပ်မပျော်နိုင်ခဲ့သော်လည်း မနက်ကိုရောက်တော့ အိပ်ရာက အစောကြီးနိုး၍ နေပါသည်။

မျိုးမျိုးဖုံက သူ့အတွက်ရော ကျော်ကိုကောင်း အတွက်ပါ မှာထားသည့် ပန်းကုံးများကို လှည်းတန်းဈေးက ဝန်းသည့် … သွားရောက်ယူခဲ့ပြီး ကျော်ကိုကောင်း၏အိမ်သို့ အစောကြီး ရောက်ရှိ၍ သွားခဲ့ပါသည်။

“ဟကောင်လေးရ၊ ဝီရိယကြီးမားလှချည်လား၊ ခုမှ နာရီခွဲ ရှိသေးတယ်၊ မင်းက ရောက်လာပြီလား”

“ကျွန်တော် တစ်ညလုံး အိပ်လို့မရလို့ပါ အန်ကယ်ကျော်ရာ။ အဲဒါနဲ့ စိတ်ပြေလက်ပျောက် အိမ်ကနေ အစောကြီး





ထွက်လာခဲ့တာ၊ ရော့ … ဒီမှာ အန်ကယ်ကျော်အတွက် ပန်းကုံး”

ကျော်ကိုကောင်းက မျိုးမျိုးဖုံ လှမ်းပေးသော ပန်းကုံးကိုကြည့်လိုက်ပါသည်။ ပန်းရောင်သွေးရင့်ရင့်နှင့် အဖြူရောင် နှင်းဆီပန်းများကို ရောနှောသီကုံးထားသည့် ပန်းကုံးလေး။

“မင်းပန်းကုံး ပြစမ်းပါဦး”

မျိုးမျိုးဖုံက အဝါရောင်နှင်းဆီပန်းများဖြင့် ပြုလုပ်ထားသော ပန်းကုံးလေးကို ပြလိုက်ပါသည်။

“မင်းလက်ထဲက ပန်းကုံးလေးက ပိုလှတယ်၊ ငါ့ကို အဲဒါ ပေးလို့ မရဘူးလား”

“ဟာ … ဘယ်ရပါ့မလဲ၊ ဒီပန်းကုံးလေးတွေက သူ့နေ့နဲ့သူ ပေးရတာလေ၊ ကျွန်တော်က ဗေဒင်ဆရာကိုမေးပြီး သူ တွက်ချက်ပေးတဲ့အတိုင်း ပထမနေ့မှာ ပန်းရောင်၊ ဒုတိယနေ့မှာ ကြက်သွေးရောင်၊ တတိယနေ့မှာ အဝါရောင်နဲ့ နောက်ဆုံးနေ့မှာကျတော့ အဖြူရောင်ကို ပေးရမှာ၊ ပန်းရောင်ပေးတဲ့နေ့မှာ နှင်းဆီဝန်းရောင်ကြားမှာ စပယ်



www.burmeseclassic.com

www.burmeseclassic.com



[illegible]ရောင် ခံပေးရမယ်၊ အဖြူရောင် ပေးတဲ့နေ့မှာ ပန်းရောင်ကိုးပွင့် ခံပေးရမယ်၊ အဲဒါကြောင့် ဒီပန်းကို သူများကို ပေးလို့မှ မဖြစ်တာ၊ အန်ကယ်ကျော်က ဒီနေ့မှ ပေးမှာဆိုတော့ ပန်းရောင်ပဲ ပေးရမှာလေ၊ မနက်ဖြန်အတွက် ကြက်သွေးရောင် မှာထားခဲ့တယ်"

"တော်ပြီလေကွာ၊ ငါက မင်းလို နေ့တိုင်းပေးမယ်လို့မှ မပြောထားတာ"

"ဟာဗျာ၊ ကျွန်တော်က ဟိုမှာ မှာထားပြီးပြီ"

"ပိုက်ဆံပေးထားပြီးလို့လား"

"အနည်းဆုံး စရံတစ်ဝက် မပေးဘဲနဲ့ ဘယ်သူက အော်ဒါ လက်ခံမှာတဲ့လဲ အန်ကယ်ကျော်ရ"

"ထားလိုက်ပါတော့ကွာ မှာပြီးမှတော့ ဘယ်တတ်နိုင်တော့ မှာတဲ့လဲ၊ တကယ်တော့ ငါ့အတွက် နောက်နေ့တွေ မလိုတော့ဘူးကွ"

"ဗျာ ... အန်ကယ်ကျော်က မမကြိုင်လှိုင်ကို စိတ်ကုန်သွားလို့လား"

"ဟာ ... ဘယ်ကသာ၊ ဘာလို့ စိတ်ကုန်ရမှာလဲ၊ ငါနဲ့ မင်း မမကြိုင်လှိုင်က မနေ့ကတည်းက အဆင်ပြေသွားပြီလေကွာ၊ အဲဒါကြောင့် ... အဲဒါကြောင့် မနက်ဖြန် သကြန်အတက်နေ့မှာ မင်းမှာထားတဲ့ ပန်းကုံးကြက်သွေးရောင်လေးကို သူ့လည်ပင်းမှာ စွပ်ပေးရင်း သူ့လက်ကလေးကို ကိုင်ပြီး မွှေးမွှေးပေးလိုက်ရုံပဲ ... ဟဲ ဟဲ"

"ပိုင်တယ်ဗျာ၊ အန်ကယ်ကျော့်ကို အားကျလိုက်တာဗျာ"

"ဒါပေါ့ကွာ၊ လူကြီးနဲ့ လူငယ်မှာ အတွေ့အကြုံရှိတဲ့လူကြီးတွေရဲ့ အားသာချက်ပေါ့၊ ဟုတ်ဖူးလား၊ ဒါနဲ့ မင်းနဲ့ သက်ဦးနဲ့ အခြေအနေကကော"

"တင်းမာဆဲပါပဲ အန်ကယ်ကျော်ရာ၊ သူ့ဟင်းန်ဖုန်းကို ဆက်တော့လည်း ပိတ်ထားတယ်ဗျ၊ ဒီနေ့တောင်မှ လာမှ လာပါ့မလား မသိဘူး"

"လာမှာပါ မောင်မျိုးရာ၊ ညကလည်း မင်းအစ်မ ကြိုင်လှိုင် ရယ် သက်ဦးဆီကို ဖုန်းဆက်ထားပါတယ်"

"တ ... တကယ် ပြောတာလား"





www.burmeseclassic.com

www.burmeseclassic.com



"အာကယ်ပေါ့ကွ၊ သူက အိမ်ဖုန်းကို လှမ်းဆက်တာ၊ ခင်
က သူ့အိမ်ဖုန်းကို မဆက်ဘူးလား"

"မာင့်အင်း ... လူကြီးတွေနဲ့ တိုးမှာကြောက်လို့"

"အေးလေ ... ဟုတ်တာပေါ့၊ အဲ ... ကြိုင်လှိုင်က
မင်းကောင်မလေးအပေါ် ဩစာညောင်းပုံရတယ်၊ မင်း
စိတ်ဆင်းရဲအောင် လုပ်ရပါ့မလား၊ ဘာမဟုတ်တဲ့
လေးအတွက် ဒီလိုမျိုး မလုပ်သင့်ဘူး၊ ဘာညာနဲ့ပေါ့
အဲဒီအချိန် ငါက သူ့အနားမှာ ရှိတယ်လေ၊ ကြိုင်လှိုင်
သက်ဦးကို ဒီနေ့ လာခဲ့ဖို့လည်း မှာတယ်ကွ၊ ဟိုဘက်
ငြင်းဟန်တော့ မတူဘူး"

"လာရင်တော့ ကောင်းတာပေါ့ အန်ကယ်ကျော်ရယ်၊
အတိုင်း ပြောရရင် ကျွန်တော် ဒီကနေ့ ဒီကိုလာဖို့
ကို စိတ်မပါတော့ဘူး၊ ကိုယ်စ,ထားတဲ့ကိစ္စ ဖြစ်နေလို့
လာခဲ့ရတာယ်၊ ဖြစ်နိုင်ရင် ဘယ်သူနဲ့မှကို မတွေ့ချင်
ဘူးဗျာ"

"ဟော ... ပြောရင်း ဆိုရင်း ဟိုမှာ သက်ဦး ရောက်လာ
ပါပြီဗျာ"



သက်ဦး ကိုကိုတို့အိမ်မှ ကားကြီးက ကြိုင်လှိုင်သင်း
တို့ခြံထဲသို့ မောင်းဝင်သွားသည်ကို တွေ့လိုက်ရပါသည်။

"တော်သေးတာပေါ့ အန်ကယ်ကျော်ရာနော်၊ နို့မို့ ဒီပန်း
ကုံးလေး အလကား ဖြစ်သွားမှာ၊ ကဲ ... ကျွန်တော်
သက်ဦးဆီ သွားလိုက်ဦးမယ်နော်"

"ဟော့ ... ဟော့ ... နေဦး ... နေဦး၊ ငါလည်းလိုက်မှာပေါ့ကွ၊
ဒီမှာ ငါလည်း ကြိုင်လှိုင့်ကို ပန်းကုံးစွပ်ရဦးမယ်လေကွာ"

နှစ်ယောက်သား ပန်းကုံးကိုယ်စီကိုင်ကာ ကြိုင်လှိုင်
သင်းတို့ ခြံထဲသို့ ဝင်လာခဲ့ကြပါသည်။

"ဘယ်လိုလဲကွ မောင်မျိုး၊ မတွေ့ရတာ အတော်ကြာပါ
ပေါ့လား၊ မင်း ငါတို့ဘက်ကိုတောင် မလာတော့ဘူး"

ကြိုင်လှိုင်သင်းတို့ အိမ်မှ ပြန်ထွက်လာသော သက်ဦး
ကိုကိုတို့ ကားကြီးနှင့် ခြံပေါက်ဝတွင် ဆုံရခိုက် ကားပေါ်မှနေ
၍ ဦးလှမောင်က နှုတ်ဆက်လိုက်ပါသည်။

"သတြွန်မြီးရင် လာခဲ့မှာပေါ့ ဦးလေးရာ၊ ဒါနဲ့ အခြေအ
ဘာရျန်းကော တွေ့သေးလား"

www.burmeseclassic.com

www.burmeseclassic.com



“[illegible] ဘူးကွ၊ ကျောင်းတွေပိတ်ထားလို့ တို့ဘက်မရောက်တာ ဖြစ်လိမ့်မယ်၊ ကဲ ... ငါသွားမယ် မောင်မျိုး”

“ဟုတ်ကဲ့ ဦးလေး၊ အဒေါ်ကြော့ကိုလည်း ကျွန်တော်က မေးတယ်လို့ ပြောလိုက်ပါဗျာ”

“အေး ... အေး”

“အဲဒါ သက်ဦးတို့အိမ်က ယာဉ်မောင်းလား”

“ဟုတ်တယ် ... ဦးလှမောင်တဲ့၊ သက်ဦးရဲ့ အထိန်းတော်ပေါ့”

“မင်းက စည်းရုံးရေးတော့ အတော်ကောင်းပုံရတယ်နော်၊ အမိကလူတွေကို ပိုင်အောင်ပေါင်းထားတာပဲ”

“ဒါပေမဲ့ တကယ့် အမိကအကျဆုံးကိုတော့ မပိုင်ဘူးလေဗျာ”

“ကဲ ... ကဲ ... ငါလူ ဟိုမှာ သက်ဦးနဲ့ ကြိုင်လှိုင်တို့ ထွက်လာနေပြီ၊ ကိုယ့်ကိစ္စ ကိုယ်လုပ်လိုက်ကြစို့”

“သက်ဦး”

သက်ဦးကိုကိုက အာမျှင်ပြောသူကို ခပ်တည်တည်မင် ကြည့်လိုက်ပါသည်။





“မနေ့တုန်းကလိုပဲ ဒီပန်းကုံးလေးကို လက်ခံပေးပါနော်”

ပြောပြောဆိုဆို မျိုးမျိုးခိုင်က သက်ဦးကိုကို့ကို ပန်းကုံးလေး စွပ်ပေးလိုက်ပါသည်။ ဟိုနေ့တွေတုန်းကတော့ သူက ခုလိုမျိုး ပန်းကုံးလေး စွပ်ပေးလိုက်သည့်အခါ သက်ဦးကိုကိုထံမှ ရှန်းလဲ့လဲ့ အကြည့် ချိုမြမြ အပြုံးလေးများကို ရလိုက်ပါသည်။

ခုတော့ ခုမှတွေ့မြင်ဖူးကြသည့် သူစိမ်းတွေအတိုင်း မသိကျိုးကျွန်ပြုကာ ရှေ့သို့ဆက်၍ ထွက်သွားပါသည်။ မျိုးမျိုးခိုင်မှာ ခုလိုမျိုး ကိုယ့်အပေါ် ဥပေက္ခာအပြုခံလိုက်ရသဖြင့် အတော်လေးကို ကြေကွဲဝမ်းနည်း၍ သွားခဲ့မိပါသည်။ နောက်တော့လည်း အို ... ဘာပဲဖြစ်ဖြစ် သူ ရောက်လာတယ် ဆိုရင်ပဲ တော်သေးတာပေါ့ဟု ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်လိုက်ရပါသည်။

လူတွေက အတော်လေးကို မုန်းဖို့ကောင်းပါသည်။ သူများကိစ္စ ဆိုပါလျှင် အရမ်းကို စိတ်ဝင်စားတတ်ကြပါသည်။ ကြည့်လေ ... ခါတိုင်းဆိုပါလျှင် စီလောင်ပါလောင်နှင့် တက်တွေ ကြွကြွ ပျော်ပျော်ရွှင်ရွှင် ရေကစားရင်း သက်ဦးကိုကို၏ အနားတွင်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းစဲ့ရယ်တဲ့ တလည်လည် လုပ်နေသော မျိုးမျိုးစံနှင့် မျိုးမျိုးစံနှင့်အတူတွဲ၍ ပြုံးပျော်ကြည်နူးစွာ ရေကစားနေသော သက်ဦးကိုကို တို့နှစ်ယောက် ခုတော့ အရယ်အပြုံးလည်း မရှိ၊ သံပတ်ပေးထားသော စက်ရုပ်တွေလို ရေပိုက်ကိုကိုင်ရင်း ရေပက်နေသော်လည်း အသက်ကမဝင်၊ တာဝန်တစ်ရပ်ကို စိတ်မပါဘဲ ထမ်းဆောင်နေရသူလို ဖြစ်နေကြသည်ကို ကွက်ကြည့် ကွက်ကြည့် လုပ်နေကြသလို တီးတိုးတီးတိုး သဖန်းပိုး လုပ်နေကြပါသည်။

ကိုယ့်ကို လှေလာအကဲခတ်နေမှန်း စူးစမ်းနေမှန်း သိပါသော်လည်း ဒေးဇီဇိုင်တိုင် ဒီအမူအရာကြီးကို ဘယ်လိုမှ ပြောင်း၍မရ၊ မပျော်ဘဲလျှင် ပျော်ရုပ်ဆင်၍လည်း မရ။

သည်တော့လည်း မဏ္ဍပ်နောက်နားတွင် တစ်ယောက်တည်း သွား၍ထိုင်နေမိပါသည်။ အော် ... ဝဋ်ဆိုတာလည်းတစ်သည့် အမျိုးပါလားဟုလည်း သံဝေဂရလိုက်ပါသည်။ ဟုတ်တယ်လေ ... ခပ်ငယ်ငယ်တုန်းက ခုလိုမျိုး သင်္ကြန်ရေကစားထွက်ကြသည့်အခါ ငေးငေးငိုင်ငိုင် မှိုင်တိမှိုင်တိုင် လူများကိုတွေ့လျှင် လက်ညှိုးငေါက်ငေါက်ထိုးကာ သူများပျော်လို့ မပျော်နိုင်





ညိုးစားပျောက်လို့မှိုင် ဆိုပြီး အော်ခဲ့ ပျော်ခဲ့ဖူးပါသည်။ ခု ... သူလည်း ...

"ဟင်း"

သူက တွေတွေငေးငေးနှင့် ဟိုဟိုဒီဒီ လျှောက်၍ ငေးစားနေချိန်မှာပင် မဏ္ဍပ်ပေါ်သို့ လူတစ်ယောက် တက်လာပြီး သက်ဦးကိုကို၏ အနီးသို့ ရောက်သွားသည်ကို မြင်တွေ့လိုက်ရပါသည်။

ထိုလူ၏အသက်က အန်ကယ်ကျော်လောက်လည်း မကြီး၊ သူ့ထက်လည်းမကျ၊ နှစ်ဆယ့်ခုနစ် နှစ်ဆယ့်ရှစ်နှစ်လောက်တော့ ရှိမှုံရပါသည်။ ထိုလူက သက်ဦးကိုကို၏ လက်ကလေးကို ပိုင်စိုးပိုင်နင်းပင်ကိုင်ကာ လူရှင်းရာ နေရာသို့ ဆွဲခေါ်သွားခဲ့ပါသည်။ ထိုနေရာကတော့ မျိုးမျိုးစံ ထိုင်နေသည့် နေရာနှင့် သိပ်မကွာ၊ မဏ္ဍပ်အစွန်သို့ ဖြစ်ပါသည်။

ဆောင်းဘောက်ကြီးက ကွယ်နေပြီး လူတွေကလည်း ဟိုသွားလာနေသည်မို့ အမှတ်တမဲ့ဆိုလျှင် ပလတ်စောင်နောက်နားမှ ထိုင်နေသော မျိုးမျိုးစံကို သက်ဦးကိုကို သတိမထားမိပါ။

www.burmeseclassic.com



"မိသက် ... ညီမလေး"

"ရှင် ... ကိုလတ်"

"ဟိုခပ်လှမ်းလှမ်းကတည်းက မိသက်ကို ကိုလတ် လှမ်း
မြင်နေတယ်၊ ဘူတော့ တော်တော်တူတာပဲဆိုပြီး ကြည့်
နေတာ၊ အနားကို ရောက်တော့မှ မိသက်မှန်း ကျိန်းသေ
သွားလို့ ကိုလတ် လာပြီးနှုတ်ဆက်တာ၊ မိသက်က အရုပ်
ကို ပြောင်းလဲသွားတာပဲနော်"

"ဘာများ ပြောင်းလဲသွားလို့လဲ ကိုလတ်ရဲ့၊ သက်ဦးအ
တော့ ကိုယ့်ကိုယ်ကိုယ် အရင်ကလိုပဲ ထင်နေတာ"

"မိသက်က ဒေါင်းမျိုးပဲနော်၊ ကြီးလေ လှလေပဲ"

"အဟင်း ဟင်း ... ကိုလတ်ကလည်း"

"အင်း ... ဘာလိုလိုနဲ့ တို့များ မတွေ့ကြတာ အတော်
တောင် ကြာသွားပြီနော်၊ သုံးနှစ်လောက်တောင် ရှိရောပေါ့
ဒါနဲ့ အန်ကယ်တို့ အန်တီတို့ကော နေထိုင်ကောင်းကြရဲ့
လား"

"ကောင်းပါတယ်"





"ကိုလတ်က သတိရကြောင်း ပြောပေးပါနော်"

"ဟုတ်ကဲ့ပါ"

"ခု မိသက် ကျောင်းတက်နေတုန်းပဲပေါ့နော်"

"ဟုတ်ကဲ့ ... ဆေးတက္ကသိုလ်မှာ တတိယနှစ် တက်နေ
ပါတယ်"

"အေးလေ ... မိသက်က တော်တာပဲ၊ ဒီလောက်တော့
ဖြစ်မှာပေါ့၊ ကိုလတ်လည်း မနှစ်က အိမ်ထောင်ပြုလိုက်
တယ်လေ"

"ဟုတ်ကဲ့၊ သတင်းစာထဲမှာ တွေ့လိုက်ပါတယ်"

"ကားထဲမှာ သူလည်းပါတယ်၊ မိသက်နဲ့ မိတ်ဆက်ပေး
ချင်တယ်"

"ရပါတယ် ကိုလတ်ရယ်၊ နောက်ကြုံတော့မှပေါ့နော်၊ ခု
ကိုလတ်က ဘယ်မှာလဲဟင်၊ မြန်မာပြည်ကို ပြန်ရောက်
နေပြီလား"

"ဟင့်အင်း ... ဟိုမှာပဲ မိသက်ရဲ့၊ အိမ်ထောင်ကျပြီးတဲ့
နောက် တစ်ခေါက်မှ ပြန်မရောက်လို့ ခဏ အလည်ပြန်လာ
တာ၊ သကြၤန်ပြီးရင် ပြန်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဩော်"

"ကဲ ... ဒါဆိုရင် ကိုလတ် သွားတော့မယ်နော်"

"ဟုတ်ကဲ့ရှင်"

"မိသက်"

"ရှင်"

"ကိုလတ်လေ မိသက်ကို အမြဲသတိရနေတယ် သိလား"

ထိုသူက သက်ဦးကိုကို၏ ခေါင်းလေးကို လက်နှင့်ပုတ်ခါ ပြောဆိုရင်း မဏ္ဍပ်ပေါ်မှ ဆင်း၍သွားပါသည်။

မဏ္ဍပ်ပေါ်မှ လူတွေက သက်ဦးကိုကိုနှင့် ထိုလူကို ဝိုင်း၍ အကဲခတ်နေကြပုံ ရပါသည်။ သက်ဦးကိုကိုကတော့ ရှင်တွေလှုပ်ခတ်ခါ ပတ်ဝန်းကျင်ကို မဝံ့မရဲနှင့် ကြည့်လိုက်ပြီး ခေါင်းငုံ့၍ သွားပါသည်။

"အောင်မယ် ... ငါ့ကောင်က ဘယ်ရောက်နေလဲလို့ လက်စသတ်တော့ ဒီမှာ တစ်ယောက်တည်းထိုင်ပြီး မျောက်မှိုင် မှိုင်နေတာပါလား"





ကျော်ရှိန်းဝင်းက မဏ္ဍပ်နောက်ဘက်တွင် ချထားသော ရေသန့်ဘူးကို လာယူရင်းက ဆောင်းဘောက်စ်၏ နောက်နားတွင် ထိုင်နေသော မျိုးမျိုးဖံကို မြင်တွေ့သွားသည့်အတွက် အော်ကျယ် အော်ကျယ်နှင့် ပြောလိုက်ပါသည်။ သည်တော့မှပင် စောစောတုန်းကတည်းက သူမနှင့် ကျော်ဇေလတ်တို့ စကားပြောနေသည့်အနီးတွင် မျိုးမျိုးဖံ တစ်ယောက် ရှိနေမှန်း သိလိုက်ရသည့်အတွက် သက်ဦးကိုကို ခမျာ ရှိန်းဖိန်းထူပူကာ ရင်တွေ တဒိတ်ဒိတ် ခုန်သွားရပါသည်။

ထမင်းစားချိန်ရောက်တော့ FEEL ကမှာထားသည့် ထမင်းကြော်၊ ခေါက်ဆွဲကြော်၊ ကြာဆံကြော်များကို ကိုယ့်အစီအစဉ်နှင့်ကိုယ် ယူ၍စားလိုက်ကြပါသည်။

"ဟေ့ကောင် မောင်မျိုး၊ စားလေကွာ"

"မစားချင်ပါဘူး အန်ကယ်ကျော်ရာ"

"ဟေ့ကောင်လေး၊ အချစ်ကို စားနေလို့ ဗိုက်မဝဘူးနော်"

"တကယ် မဆာလို့ပါ အန်ကယ်ကျော်ရ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ၊ စောစောက လူတစ်ယောက် သက်ဦးကို လာတွေ့ တာကိုမြင်ပြီး မင်း ဖီလင်တွေ တက်သွားတာ မပဟုတ်လား"

မျိုးမျိုးဖဲ၏ မျက်ဝန်းထဲတွင် မျက်ရည်များသာ ရစ်ဝဲ၍ နေပါသည်။

"အန်ကယ်ဂျော်"

"ဟေလကွာ"

"အဲဒီလူက သက်ဦးရဲ့ ရည်းစားဟောင်း ထင်တယ်နော်"

"ဟုတ်မယ် မထင်ပါဘူးကွာ၊ သူ့အမျိုးထဲက ဖြစ်ချင်ဖြစ် နေမှာပေါ့"

"မဖြစ်နိုင်ဘူး အန်ကယ်ဂျော်ရ၊ သူတို့ ပြောဆိုနေ စကားတွေကို ကျွန်တော့်အတိုင်းသား ကြားနေရတာ ပြောပုံဆိုပုံတွေက တစ်မျိုးကြီးပဲဗျ၊ နည်းနည်းအိစိထ သံတွေ ပါနေတယ်"

"ဘယ်လို တစ်မျိုးကြီးလဲ၊ ပြောပါဦး"

မျိုးမျိုးဖဲက စောစောတုန်းက သက်ဦးတို့ ပြော နေသည့် စကားများကို သူ မှတ်မိသလောက် ပြောပြလိုက်ပါသည်





"ဟွန်း ... မင်းဥစ္စာကလည်း ဒါ မိတ်ဆွေသူငယ်ချင်းချင်း ရိုးရိုးသားသား ပြောတဲ့စကားတွေပဲကွ၊ သူ လက်ထပ်ပြီး သွားတာတွေတောင်မှ ပါနေတာပဲ ဥစ္စာ"

"မဟုတ်ဘူးနော် အန်ကယ်ဂျော်၊ အဲဒီအထဲက မိသက်က ကြီးလေ လှလေပဲ ဆိုတာတို့၊ ကိုလတ်လေ မိသက်ကို အမြဲသတိရနေတယ် သိလား ဆိုတဲ့ စကားတွေက ဘာ ကြီးလဲ၊ လုံးဝမရိုးသားဘူး အန်ကယ်ဂျော်ရ၊ နောက်တစ်ခု က သူတို့ စကားပြောနေတဲ့ အသံတွေပဲ၊ သူတို့တွေ ခရာ တာတာ ချွဲချွဲနွဲ့နွဲ့တွေဗျ၊ ဒီကောင် ပြန်သွားတော့လည်း သက်ဦးက မျက်စိမျက်နှာတွေ ပျက်လို့၊ အဆိုးဆုံးကတော့ သက်ဦးလက်ကို ဆွဲလာတာ၊ သက်ဦးခေါင်းကို ပုတ်သွား တာတွေပဲ ကျွန်တော့် အရမ်း ခံစားရတယ် အန်ကယ်ဂျော် ရာ၊ ရင်ထဲမှာလည်း တအားကို နာနေတာပဲ ...

"အန်ကယ်ဂျော်လည်း သိပါတယ်ဗျာ ... ဘယ် ယောကျ်ားမဆို ကိုယ့်ချစ်သူကို သူစိမ်းယောကျ်ား တစ် ယောက်က စူးစိုက်ပြီး ကြည့်တာတောင်မှ ခံနိုင်တာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ခုဟာက လက်ကိုင်တယ်ဗျာ၊ ခေါင်းကို ကိုင်တယ် ဗျာ၊ ဟွန်း ... လူရှေ့ သူရှေ့မို့သာ၊ မမြင်ကွယ်ရာမှာသာ ဆိုရင် ဘာတွေများ ကိုင်ဦးမယ် မသိဘူး"

"ကဲပါ ... မောင်မျိုးရာ၊ ငှက်မသိတော့ ဆက်ရက်ချိုးထင် အလုပ်မျိုးတွေ မလုပ်ပါနဲ့ ငါ့လူရာ၊ ဒီကိစ္စနဲ့ ပတ်သက် လို့ အန်ကယ်ကျော်လည်း မင်းဘက်က ရှိနေပါတယ်၊ မင်း မကြိုက်လိုက်ကနေ အန်ကယ်ကျော် အဖြစ်မှန်ကို စုံစမ်းပေးပါ့မယ်၊ ဟုတ်ပြီလား"

"အဟင်း ဟင်း၊၊ လောကကြီးက တကယ်ရယ်ရတယ်နော် အန်ကယ်ကျော်၊ မနေ့တုန်းက ကျွန်တော့်သူငယ်ချင်း ပီတီ ပြုံးက ကျွန်တော့်ကို အပျော်သဘောနဲ့ ပန်းကုံးတက်စွပ် သွားတယ်မို့လား၊ အဲဒီတုန်းက ကျွန်တော့်အသားကိုလည်း သူ မထိခဲ့သလို၊ သူ့အသားကိုလည်း ကျွန်တော် မထိခဲ့ ပါဘူး၊ ပြီးတော့ ဘာညာ ဘာညာ အီစီကလီ စကားမျိုး တွေလည်း တစ်ခွန်းမှ မပြောခဲ့ပါဘူးနော်။ အဲဒါလေး အတွက် သူက ကျွန်တော့်ကို မကျေနိုင် မချမ်းနိုင် မခေါ်





နိုင် မပြောနိုင် ဖြစ်သွားခဲ့တယ်လေ၊ ခု သူ့ကျတော့ ရည်း စားဟောင်းက လက်ကိုဆွဲပြီး အသည်းကွဲပုံပြင် တစ်ပိုင်း တစ်စကို ပြောပြသွားတာနဲ့ပဲ ငိုမလို ယိုမလို ဖြစ်ပြီး ကျုန်ရစ်ခဲ့တာကို၊ ကျွန်တော် ဆိုတဲ့ကောင်က ဘယ်လို နှလုံးသားနဲ့ လက်ခံ ခံစားရမှာတဲ့လဲ အန်ကယ်ကျော်ရာ"

"ဒီမှာ မောင်မျိုး၊ မင်း သူ့ကို တကယ်ချစ်တယ် ဆိုရင် မင်းအသည်းနှလုံးကို ကြီးကြီးထားရလိမ့်မယ်၊ အကောင်း ဘက်က ပြောရမယ်ဆိုရင် မနေ့တုန်းက ပီတိပြုံး ဆိုတဲ့ ကောင်မလေး မင်းကို ပန်းကုံးတက်စွပ်တာကို မြင်လိုက် ရတဲ့အတွက် သက်ဦးက မင်းကို စိတ်ဆိုး စိတ်ကောက် သွားတာ၊ မခေါ်နိုင် မပြောနိုင် ဖြစ်သွားရတာတွေဟာ တကယ် စဉ်းစားကြည့်ရင် မင်းအပေါ် သူ ချစ်လို့ မနာ လိုဖြစ်တာ မဟုတ်ဘူးလား၊ မနာလိုခြင်း ဆိုတာ အချစ် ကြောင့် ဖြစ်ပေါ်လာတဲ့ စိတ်ခံစားမှုတစ်ခုပဲ ငါ့လူ၊ မင်း အဲဒါကိုယုံ"

"ဟုတ်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို ကောင်းတဲ့ဘက်ကလှည့်ပြီး တွေးကြည့်မယ်ဆို ရင် စိတ်သက်သာမှု မရပါလား ငါ့လူရာ"

"ဒါဆိုရင် မနက်ကလာတဲ့ ကိုလတ် ဆိုတဲ့လူကိစ္စကျတော့ ကော"

"ဒါကတော့ မောင်မျိုးရာ၊ အကယ်၍ သူ့မိတ်ဆွေ မဟုတ်ဘဲ ချစ်သူဟောင်း ဖြစ်ခဲ့ရင်လည်း ခုအချိန်မှာ သူ့ အိမ်ထောင်နဲ့သူ ဖြစ်နေပြီလေကွာ၊ သူနဲ့ ဘာဆိုင်တော့လို့ လဲ၊ အေး ... ကိုယ့်အရင်က သူ့မှာ ချစ်ဦးသူ ရှိခဲ့ဖူးတယ် ဆိုရင်လည်း ကိုယ့်အနေနဲ့ ဖြစ်ပြီးခဲ့တဲ့ ကိစ္စတစ်ခုအတွက် ဘာတတ်နိုင်တာမှတ်လို့၊ စိတ်သဘောထား ကြီးကြီးထား ပြီး ဥပေက္ခာပြုလိုက်ရုံပဲပေါ့၊ တကယ်လို့ မင်းနဲ့ သူနဲ့ ချစ်သူဖြစ်နေတုန်းမှာ မင်းကပဲဖြစ်ဖြစ် သူကပဲဖြစ်ဖြစ် နောက်ထပ် အချစ်သစ် ရှာတာမျိုး ဆိုရင်တော့ အပြစ်ပဲ ပေါ့၊ ဖောက်ပြန်တာပေါ့၊ ဟုတ်ဖူးလား"

"ကျေးဇူးပဲ အန်ကယ်ကျော်ရာ၊ ဘာပဲဖြစ်ဖြစ် အန်ကယ်ကျော် ရဲ့ အားပေးစကားကြောင့် ကျွန်တော့် ရင်ထဲမှာ တောက်





လောင်နေတဲ့ မီးတောက်က အရှိန်တော့ နည်းနည်းလျော့ သွားတယ်လို့ ဆိုရမှာပဲ"

"အေးပါကွာ၊ မကြာခင် မင်းတို့နှစ်ယောက် အပေါ် ပေါက္ခရဝဿမိုးကြီး ရွာချပါစေလို့ ငါ ဆုတောင်းပါ တယ်၊ ဒါနဲ့ မနက်ဖြန် သင်္ကြန်အတက်နေ့နော် မောင်မျိုး"

"ဟုတ်တယ်လေ"

"မင်း ပန်းသွားယူဖို့လည်း မမေ့နဲ့ဦးနော်"

"မမေ့ပါဘူး အန်ကယ်ကျော်ရ"

"ငါ့အတွက် မနက်ဖြန် နှင်းဆီပန်းကုံးအနီ ယူလာပြီးရင် နောက်နှစ်ရက် အတွက်ပါ ဆက်မှာခဲ့ကွာ"

"သင်္ကြန်ပြီးသွားမှ ကျန်တဲ့ပန်းကုံးတွေက ဘာဆက်လုပ် ဦးမှာလဲ အန်ကယ်ကျော်ရ"

"ဒီမှာ မောင်မျိုး၊ မင်း ဗေဒင်ဆရာက မင်းအတွက်တော့ မပြောတတ်ဘူး၊ ငါ့အတွက်တော့ အရမ်းမှန်နေတယ်လေ ကွာ၊ စ,စခြင်း နှင်းဆီပန်းရောင် ပန်းကုံးမှာတင်ပဲ အစွမ်း ပြသွားလို့ ငါနဲ့ ကြိုင်လှိုင်နဲ့ အိုကေသွားပြီလေ၊ မနက်



www.burmeseclassic.com

www.burmeseclassic.com



ဖြန့် အတက်နေ့မှာ ကြက်သွေးရောင်၊ နှစ်ဆန်းတစ်ရက်နေ့မှာ ပန်းရောင်နဲ့၊ နှစ်ဆန်းနှစ်ရက်နေ့မှာ အဖြူရောင် ဆက်တိုက် ပေးပစ်မယ်၊ သူ့စီးရီး(စ်)အလိုက်သူ အပြည့်အစုံလုပ်ရင် ပိုခိုင်မှာပေါ့၊ ဟုတ်ဖူးလား"

"အပိုတွေလည်း သိပ်ပြီး စွတ်ရွတ်လုပ်မနေနဲ့ဦး အန်ကယ်ကျော်ရ၊ တော်ကြာ မမကြိုင်လှိုင်က အန်ကယ်ကျော့ကို ရှူးသွားပြီလို့ ထင်သွားပြီး မောင်းထုတ်နေဦးမယ်"

"ကျက်သရေ မရှိတဲ့ မင်းပါးစပ်ပုပ်ကြီးကို ခုချက်ချင်း ပိတ်ထားစမ်း မောင်မျိုး၊ အချစ်မှာ ရှူးနိုင်ဖို့ လိုတယ် ကိုယ့်လူ၊ များများရှူးနိုင်တဲ့ကောင်ကို များများ အထင်ကြီးပြီး များများချစ်ကြတယ်ကွ၊ ဒီခေတ်ထဲမှာ ရှူးကြောင်မှူးကြောင် သွပ်ချောင်ချောင်ကောင်တွေပဲ မိန်းမစွံတာ၊ ငါ့အမြင်ပဲ၊ ရှူးမှထူး တူးမှ အချစ်လိပ်ပြာက မြူးတာ မောင်မျိုးရ၊ အဟတ် ဟတ် ဟား ဟား"

ထိုနေ့ညနေက ပွဲမသိမ်းခင်မှာပင် မျိုးမျိုးဇံက ပြန်သွားခဲ့ပါသည်။ သူ ထွက်သွားသည်ကို မျက်နှာလေး ညှိုးညှိုးငယ်ငယ်နှင့် ကြည့်ရင်း ကျန်ရစ်ခဲ့သော သက်ဦးကိုကို,ကိုတော့ သူ သတိမထားမိခဲ့ပါ။

"သက်ဦးရေ ... အိမ်ကကားကို လှမ်းမခေါ်နဲ့ မမကြိုင်လှိုင် လိုက်ပို့ပေးမယ်၊ ဒီနေ့ညနေ အိမ်မှာပဲ ထမင်းစားပြီးတော့ မှပြန်၊ ကြားလား"

"ဟုတ်ကဲ့"

သက်ဦးကိုကိုက သူ့အိမ်ကို လာမခေါ်ရန်နှင့် ထမင်းစားပြီးမှ ကြိုင်လှိုင်သင်းက လိုက်ပို့ပေးမည့်အကြောင်း ဖုန်းလှမ်းဆက်လိုက်ပါသည်။

"ဘယ်လိုလဲ သက်ဦးရဲ့၊ စားလို့မကောင်းဘူးလား"

"ကောင်းပါတယ် မမကြိုင်လှိုင်ရဲ့"

"ကောင်းတယ်သာ ဆိုတယ် ထမင်းပန်းကန် ထဲ့ဝင်လောက်တောင်မှ မကုန်ချင်ပါလား"

"သက်ဦး ရင်နည်းနည်း ပြည့်နေလို့ပါ"

"ဘာလဲ ... နေ့လယ်တုန်းက ကျော်ဇင်လတ်နဲ့ တွေ့လိုက်ရလို့ စိတ်ထိခိုက်နေသလားဟင်"






www.burmeseclassic.com

www.burmeseclassic.com



"မထိခိုက်ပါဘူး မမကြိုင်လှိုင်ရယ်၊ အံ့ဩသွားတာပဲ ရှိပါတယ်"

"သူ အိမ်ထောင်ကျသွားတာကို သက်ဦး သိတယ်နော်"

"ဟုတ်ကဲ့"

"သက်ဦးကို မောင်မျိုးက စိတ်ဝင်စားနေတယ် ဆိုတာကိုကော သက်ဦး သိလား"

"သိပါတယ်"

"သူ့ကို သက်ဦး နားလည်ပေးစေချင်ပါတယ် ညီမရယ်၊ မောင်မျိုးက တကယ်တော်တဲ့ ကလေးပါ၊ မမကြိုင်လှိုင်တို့နဲ့က ငယ်ငယ်ကတည်းက အတူနေလာကြတာဆိုတော့ သူ့စိတ် သူ့သဘောထားကို ကောင်းကောင်း သိတယ်၊ မောင်မျိုးက သူငယ်ချင်း အပေါင်းအသင်းတွေနဲ့ ပျော်ပျော်ပါးပါး ပေါ့လားဟားဟား နေတာကလွဲလို့ တကယ့်ကို အဖြူထည်လေးပါ၊ မမကြိုင်လှိုင်က မောင်မျိုးကို မောင်အရင်းလေး တစ်ယောက်လို မျက်ခင်သံယောဇဉ် ရှိခဲ့တယ် သက်ဦးရဲ့၊ ခု သူ စိတ်ထိခိုက်နေတာကို မြင်ရတော့ မမကြိုင်လှိုင်တို့လည်း စိတ်မကောင်းဘူးလေ"





"ရှင်"

"အထူးသဖြင့် သက်ဦးကြောင့် ခုလိုဖြစ်သွားရတဲ့အတွက် မမကြိုင်လှိုင်က မောင်မျိုးကို မျက်နှာပူတယ်လေ"

"ရှင် ... သက်ဦးကြောင့် ဟုတ်လား၊ သက်ဦးက သူ့ကို ဘာလုပ်လို့လဲ"

"မနေ့က ကောင်မလေး တစ်ယောက်က မဏ္ဍပ်ပေါ်ကို တက်လာပြီး မောင်မျိုးကို ပန်းကုံးစွပ်သွားတယ်မို့လား၊ အဲဒါနဲ့ ပတ်သက်လို့ သက်ဦးက အမြင်စောင်းပြီး မောင်မျိုးကို စိမ်းစိမ်းကားကား နေပြလိုက်တာလေ၊ အမှန်တော့ သူနဲ့ပတ်သက်လို့ သက်ဦး ရင်ထဲမှာ မခံမရပ်နိုင်ဖြစ်ပြီး အဲဒီလို သူ့ကို တုံ့ပြန်လိုက်တယ် ဆိုတာ မမကြိုင်လှိုင် နားလည်ပါတယ်ကွယ်"

"အို ... မဖြစ်ပါဘူးနော်၊ သူနဲ့ ပတ်သက်လို့ သက်ဦး ရင်ထဲမှာ ဘာမှမဖြစ်ပါဘူး"

"အဟင်း ဟင်း ... မညာပါနဲ့ ညီမရယ်၊ ငါ့ညီမ ခံစားနေရတာတွေ အားလုံးကို ငါ့ညီမရဲ့ မျက်နှာပေါ်မှာ ဖတ်လို့ရပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



"အဲ ... မောင်မျိုးကတော့ ပွင့်ပွင့်လင်းလင်းအဲ အဲဒီမိန်းကလေးကြောင့် သက်ဦးက သူ့ကို စိမ်းစိမ်းကားကား ဖြစ်သွားတာကို သိသွားတဲ့အတွက်၊ သူနဲ့ အဲဒီမိန်းကလေးနဲ့ ဆက်ဆံရေးကို ကိုဂျော့ဆီမှာ ဖွင့်ပြောသွားခဲ့တယ်၊ သူနဲ့ အဲဒီ ပီတိပြုံး ဆိုတဲ့ ကောင်မလေးက ငယ်ငယ်ကတည်းက ကျောင်းနေဖက် သူငယ်ချင်းတွေပါတဲ့၊ သူငယ်ချင်းအဖြစ်ကထက် ဘာမှ မပိုပါဘူးတဲ့၊ ကောင်မလေးက သူငယ်ချင်းကိုတွေ့လို့ သူ့မှာ အဆင်သင့်ပါလာတဲ့ ပန်းကုံးလေးကို တက်စွပ်ပြီး နှုတ်ဆက်သွားတာပါတဲ့"

"အဲဒါကို မမကြိုင်လှိုင်က ယုံသလား"

"ယုံတယ် သက်ဦး၊ မမကြိုင်လှိုင်ကို တိုက်ရိုက်ပြောတာဆိုရင်တော့ ယုံချင်မှ ယုံမယ်၊ ခုဟာက ကိုဂျော့ကို သူပြောသွားတာ၊ ယောက်ျားတွေဟာ မိန်းကလေးကိစ္စနဲ့ပတ်သက်လို့ သူတို့ကိုယ်သူတို့ ဗိုးစွဲ သိပ်ဖြစ်ချင်ကြတာ တကယ်လို့သာ ပီတိပြုံးနဲ့ သူသာ အတွယ်အတာ ဖြစ်ခဲ့ရင် ကိုဂျော့ကို ဂုဏ်ယူပြီး ပြောမှာပဲ၊ အဲ ... နောက်တစ်ခုကတော့ မမကြိုင်လှိုင် ကိုယ်တိုင် မောင်မျိုးရဲ့ သူငယ်ချင်းကျော်ရှိန်းဝင်းကို မသိမသာ အစ်အောက်ပြီး မေးကြည့်ပြီးပြီ၊ ပီတိပြုံးနဲ့ မောင်မျိုးနဲ့က ရိုးရိုးသားသား ငယ်သူငယ်ချင်းတွေပါတဲ့၊ သူတို့ကသာ တစ်ခါတလေ ပီတိပြုံးနဲ့ မောင်မျိုးကို နောက်ပြောင်နေကြပေမဲ့ သူတို့နှစ်ယောက်ကတော့ အဖြူထည်သက်သက်တွေပါတဲ့"

သက်ဦးကိုကို တစ်ယောက် ငြိမ်သက်၍ သွားပါသည်။

"လူဆိုတာ ခက်သားသား သက်ဦးရယ်၊ မောင်မျိုးကို ပီတိပြုံးက လာပြီး ပန်းကုံးလေး စွပ်ပေးသွားတာကို သက်ဦးက မြင်သွားပြီး မောင်မျိုး အပေါ် စိတ်ခုသွားခဲ့တယ်ဆိုရင် နေ့လယ်က ကျော်ဇင်လတ်က သက်ဦးဆီ ရောက်လာတဲ့ ပုံစံကျတော့ကော"

"အို ... သက်ဦးနဲ့ ကိုလတ်နဲ့က ဘာမှာမှ မဖြစ်ကြတော့တာ"



www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ် သက်ဦး၊ ခုတော့ ဘာမှမဖြစ်ကြတော့ပေမဲ့ အရင်က ဖြစ်ခဲ့ဖူးတဲ့လူလေ၊ ဟော ... မောင်မျိုးနဲ့ ပီတိဖြ နဲ့ကျတော့ အရင်ကလည်း ဘာမှမဖြစ်ဘူး၊ ခုလည်းဘာမှ မဖြစ်ဘူး၊ အဲဒါကို ကိုယ်ချင်းစာနာပြီး မောင်မျိုး အပေါ် သက်ဦး ခွင့်မလွှတ်နိုင်ဘူးလား ပြောပါဦး"

သက်ဦးကိုကိုက ဆိုဖာခုံစွန်းကို အကြောင်းမဲ့ လက် ညှိုးလေးနဲ့ ကုတ်ခြစ်ရင်း ဘာမှ ပြန်မဖြေနိုင်ခဲ့ပါ။

"ပိုပြီးဆိုးတာက ကျော်ဇင်လတ်က သက်ဦးရဲ့လက်ကို ဆွဲကိုင်ခဲ့တာရယ်၊ သက်ဦးရဲ့ ခေါင်းလေးကို ပွတ်သပ် သွားတာရယ်၊ အဲ ... ပြီးတော့ ကျော်ဇင်လတ်က သက်ဦး ကို ပြောသွားတဲ့ စကားတွေရယ်၊ အဲဒါတွေ အားလုံးကို သူ မြင်တွေ့ကြားသိသွားတဲ့အတွက် မောင်မျိုး ခရော အရမ်းကို စိတ်ထိခိုက်သွားရှာတယ်"

"မ ... မဟုတ်ပါဘူး မမကြိုင်လှိုင်ရယ်"

"မမကြိုင်လှိုင်လည်း မြင်နေတာပဲ သက်ဦးရယ်၊ အဲ ဘာတွေ ပြောဆိုနေတယ် ဆိုတာကိုသာ မကြားတာပါ"



"မှန်ပါတယ် မမကြိုင်လှိုင်၊ ကိုလတ်က သက်ဦးရဲ့လက် ကို ဆွဲပြီးခေါ်သွားတာရယ်၊ ပြီးတော့ သူ ပြန်ခါနီးမှာ သက်ဦးရဲ့ခေါင်းကို ပုတ်သွားတာရယ်၊ အဲဒါတွေက အမှန် ပါ၊ မဟုတ်ပါဘူး ဆိုတာက သူကလည်း ဖောက်ပြန်တဲ့ စိတ်၊ အခွင့်အရေးယူတဲ့စိတ်နဲ့ အဲလိုလုပ်တာ မဟုတ်သလို သက်ဦးကလည်း ဆန်းဆန်းပြားပြား ကျေနပ်နှစ်သိမ့်တဲ့ စိတ်နဲ့ သူ့ရဲ့အပြုအမူကို လက်ခံခဲ့တာ မဟုတ်ပါဘူး၊ လူကြီးနဲ့ လူငယ်၊ အစ်ကိုနဲ့ ညီမ သဘောပါ မမကြိုင်လှိုင် ရယ်"

"ဒါက သက်ဦးဘက်က အပြောလေ၊ ဟိုတစ်ယောက်ခများ မယ်တော့ မပြောသော်လည်း ကန်ရာက ရှိသွားပြီ သက်ဦး၊ သက်ဦး အဲဒီအထိ စဉ်းစားမိရဲ့လားဟင်၊ ဒီလို အပြုအမူ မျိုးတွေဟာ ချစ်သူသမီးရည်းစား ဘဝတင်သာမက အိမ် ထောင်သည်တွေ ဖြစ်သွားကြတဲ့အထိ အလေးအနက်ထား ပြီး ဂရုစိုက်ဆင်ခြင်ရမှာတွေပါ ညီမရယ် ...

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့များပေါ့ကွယ်၊ မောင်မျိုးမှာ အပြစ်ရှိခဲ့တယ် ဆိုရင်လည်း သက်ဦး ကိုယ်တိုင် ဒီကနေ့ ကြုံတွေ့လိုက်ရတဲ့အဖြစ်နဲ့ နှိုင်းယှဉ်ပြီး ခွင့်လွှတ်မပေးနိုင်ဘူးလားဟင် ...

"ခု မမကြိုင်လှိုင် ပြောနေတာတွေဟာ မင်းတို့နှစ်ယောက်ကို ချစ်လို့ စေတနာထားလို့ ပြောနေတာပါကွယ်၊ ဘယ်သူ ဘယ်သူကိုမှလဲ အပြစ်တင်နေတာ၊ ဝေဖန်နေတာ မဟုတ်ပါဘူး၊ ဒါကို သက်ဦးက နားလည်ပေးစေချင်ပါတယ်"

"သက်ဦး နားလည်ပါတယ် မမကြိုင်လှိုင်ရယ်"

"ဒါဆိုရင် မနက်ဖြန် သင်္ကြန်အတက်နေ့မှာ တို့များအားလုံး ပျော်ပျော်ရွှင်ရွှင်နဲ့ သင်္ကြန်ကို နွှတ်ဆက်လိုက်ကြရအောင်လားဟင်"

သက်ဦးကိုကိုက မျက်ရည်လေး တလည်လည်နှင့် ခေါင်းညိတ်ပြလိုက်ပါသည်။



အိမ်ကို ပြန်ရောက်တော့ ကြိုင်လှိုင်သင်း၏ စကားများကို သူက အပြန်အလှန် စဉ်းစားကြည့်လိုက်ပါသည်။ မှန်ပါသည်။ မမကြိုင်လှိုင် ပြောခဲ့သည့် စကားများက သူ့စိတ်ခံစားချက် အားလုံးကို မီးမောင်းထိုး၍ ပြလိုက်သော စကားများ အမှန်တရားများသာ ဖြစ်ပါသည်။

အိပ်ရာထဲကို ရောက်သည်အထိလည်း သူ့စိတ်တွေက ဂနာမငြိမ် ထိုင်လိုက် ထလိုက် လမ်းလျှောက်လိုက် အိပ်ရာပေါ်တွင် ပြန်လှဲလိုက်နှင့် ဆောက်တည်ရာမရ ဖြစ်နေပါသည်။ မမကြိုင်လှိုင့် စကားလုံးတွေက သူ့နားထဲ သူ့ရင်ထဲ သူ့နှလုံးသားထဲ သွေးသားထဲသို့ တသွင်သွင် စီးဝင်၍ နေပါသည်။ သူ့ဘက်က တစ်ခုခု မှားသွားပြီဆိုသည်ကို သူ သိနေပါသည်။ ၎င်းအမှားကို ညနေတုန်းက မမကြိုင်လှိုင်က ထောက်ပြသွားခဲ့သည်။

သို့သော် ပုထုဇဉ် မာနလေးက သူမကို အဟန့်အတားပြု၍ နေပါသည်။ သည်အတွက်လည်း မိုးမိုးခဆီကို ဖုန်းဆက်ချင်ပါသော်လည်း သူကစ၍ မဆက်ချင်။ အို ငါလည်း မှားတာမှ မဟုတ်တာ ဆိုသည့် အခုအခံ စိတ်ကလေးတလည်း သူမကို အကာအကွယ် ပြုပေးနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်တုန်းက သူမထံသို့ ကိုကျော်ဇင်လတ် ရောက်လာခဲ့သည့်အတွက် သူမ၏စိတ်တွေ ဝေဝါးထွေပြား ရှုပ်ရှား၍ သွားခဲ့ရသည်ကတော့ အမှန်ပင်။

ကိုကျော်ဇင်လတ်နဲ့ သူ ဆုံစည်းခဲ့ရစဉ်က သူမ၏ အသက်က ဆယ့်ခြောက်နှစ်မျှသာ ရှိပါသေးသည်။ သူမ၏ဖခင်ဖြစ်သူက မန္တလေးဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေသည်မို့ သူမတို့ မိသားစုမှာလည်း မန္တလေးသို့ လိုက်ပါပြောင်းရွှေ့ နေထိုင်လျက် ရှိပါသည်။

တစ်နေ့ ဖခင်ဖြစ်သူ ဦးကိုကို တစ်ယောက် ဆေးရုံမှ အိမ်သို့ ပြန်အလာ၊ မန္တလေးတက္ကသိုလ်မှ ရူပဗေဒဖြင့် ဘွဲ့ရခဲ့ပြီး စင်ကာပူနိုင်ငံတွင် အလုပ်သွား၍လုပ်ရန် ကြိုးစားနေသည့် ကျော်ဇင်လတ် စီးလာသည့် စက်ဘီးနှင့် ဒေါက်တာဦးကိုကို၏ ကားတို့ ချိတ်မိသွားခဲ့ပါသည်။ အမှန်တော့ ဦးကိုကို၏ အပြစ်မဟုတ်၊ လမ်းကြားတစ်ခုတည်းမှနေ၍ ကျော်ဇင်လတ်ကသာ နမော်နမဲ့ စီးထွက်လာခြင်းဖြစ်ပြီး ရှေ့မှသွားနေသော ဆိုက်ကားတစ်စီးကြောင့် ကားကို အရှိန်လျှော့၍ မောင်းလာသည့် ဦးကိုကို၏ ကားရှေ့ပိုင်းကို သူက ဝင်၍တိုက်မိခြင်း ဖြစ်ပါသည်။





ဘာပဲဖြစ်ဖြစ် ဦးကိုကိုက သူ့တာဝန်ဟုပင် သဘောထားကာ ကျော်ဇင်လတ်ကို သူ၏အိမ်သို့ ခေါ်သွားပြီး ဆေးဝါးကုသပေးခဲ့ပါသည်။ ကျော်ဇင်လတ်၏ ဒဏ်ရာက သိပ်ပြီးဆိုးဆိုးရွားရွားတော့ မဟုတ်။ ခြေဆစ်လည်သွားခြင်းနှင့် စက်ဘီးလဲကျသည့် ဒဏ်ရာကြောင့် လက်ဖျံတံတောင်ဆစ် စသည်တို့ ပွန်းပဲ့စုတ်ပြဲသွားခြင်းသာ ဖြစ်ပါသည်။

ကျော်ဇင်လတ်က မန္တလေးဇာတိ မဟုတ်၊ ရမည်းသင်းမှဖြစ်ပြီး မန္တလေးတွင် သူငယ်ချင်းများနှင့် စုပေါင်းအဆောင်ငှား နေထိုင်ကာ ကွန်ပျူတာသင်တန်းတစ်ခုကိုလည်း တက်ရောက်နေသူ ဖြစ်ပါသည်။ ဦးကိုကိုက ကျော်ဇင်လတ် တစ်ယောက် ခြေထောက်မှဒဏ်ရာ လုံးဝပျောက်ကင်းသည်အထိ သူ့အိမ်တွင် တစ်ပတ်ခန့် နားနေစေကာ ဆေးဝါးကုသပေးခဲ့ပါသည်။

ဦးကိုကို၏အိမ်တွင် နေထိုင်စဉ်အတွင်း ပျိုမျစ်နုနယ် တိမ်းလွယ်ညွတ်လွယ် စိတ်ကစားလွယ်သော အပျိုပေါက်မလေး သက်ဦးကိုကို တစ်ယောက် ချောမောခန့်ညားသော ကျော်ဇင်လတ်ကို စိတ်ဝင်စားခဲ့မိပါသည်။ ဦးကိုကို၏အိမ်တွင် ဆေးကုသရင်း



www.burmeseclassic.com

www.burmeseclassic.com



အထိုင်ခဲ့ရသည့် တိုတောင်းလှသော အချိန်ကာလလေးက သူတို့ မှန်ဦး၏ သံယောဇဉ်ကြိုးကို ခိုင်ခိုင်ကျည်ကျည် ထုံးဖွဲ့နှောင်တဲ၍ ဆးလိုက်ပါသည်။

အစွမ်းကုန် ဖူးပွင့်တော့မည့် ပန်းဖူးပန်းငုံသဖွယ် အလှသွေးတွေကြွယ်နေသော သက်ဦးကိုကို့ကိုလည်း ကျော်ဇင် လတ်က ချစ်မြတ်နိုးခဲ့မိပါသည်။ ကျော်ဇင်လတ် တစ်ယောက် ဖော်ရာဝေဒနာ ပျောက်ကင်း၍ သူ့အဆောင်ကို ပြန်ရောက်သွား ါသော်လည်း သက်ဦးကိုကိုနှင့် အဆက်အဆံမပျက် ဦးကိုကိုတို့ ခိမ်သို့ အကြောင်းမရှိ အကြောင်းရှာကာ ဝင်ထွက်သွားလာနေခဲ့ ါသည်။

ဤအကြောင်းကို ရိပ်မိသိရှိသော ဦးကိုကိုတို့ လင် ယားက ယင်းပြဿနာကို ပါးနပ်လိမ္မာစွာ ကိုင်တွယ်ဖြေရှင်း ပါသည်။

မန္တလေးတွင် သုံးနှစ်တာမျှ တာဝန်ထမ်းဆောင် ပြီးပြီမို့ မကြာမီ ရန်ကုန်သို့ ပြန်လည်ပြောင်းရွှေ့တော့မည့် အခြေအနေကို အကြောင်းပြကာ သက်ဦးကိုကိုနှင့် မိခင်ဖြစ်သူကို





ရန်ကုန်သို့ အရင်ဆုံး ပြန်လည်ပြောင်းရွှေ့ နေထိုင်စေခဲ့ပါသည်။ ဆယ်တန်းစာမေးပွဲကိုလည်း ရန်ကုန်စာစစ်ဌာနမှ ဖြေဆိုနိုင်ရန် အဘိုးအဘွားများ ရှိသည့် ရန်ကုန်လိပ်စာဖြင့် တင်ထားခဲ့ပါ သည်။

တစ်ချိန်တည်းမှာပင် ကျော်ဇင်လတ်နှင့် တွေ့ဆုံ၍ ယခုအချိန်မှာ သက်ဦးကိုကို၏ ဘဝတစ်ခုလုံးစာအတွက် အလွန် အရေးကြီးနေသည့် ဆယ်တန်းဖြေဆိုရမည့် အချိန်ကာလ တစ်ခု ဖြစ်နေသည့်အတွက် ဆယ်တန်းဖြေဆိုပြီးသည့် အချိန်အထိ သမီး ဖြစ်သူနှင့် ဆက်သွယ်မှု မပြုလုပ်ပါရန်နှင့် ဆယ်တန်းဖြေဆို အောင်မြင်ပြီး၍ ရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်သွား သည့် အခါကျမှသာ ယခင်အတိုင်း ရင်းနှီးခင်မင်စွာ နေထိုင် သွားနိုင်ပါကြောင်း အလိမ္မာစကား ဆိုခဲ့ပါသည်။

ပညာကို လောဘကြီးသလို မျှော်လင့်ချက် ရည်ရွယ် ချက် ကြီးမားသော သက်ဦးကိုကိုကလည်း တွယ်တာခဲ့ဖူးသည့် ချစ်ဦးသူနှင့် ကွေကွင်းနေရလင့်ကစား စာကိုသာ တစိုက်မတ် မတ် ကြိုးစားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် စာမေးပွဲကြီး ဖြေဆိုပြီးနောက် ဆေးတက္ကသိုလ်သို့ တက်ရောက်ခွင့်ရသည့် အခါမှာတော့ ကြုံဆုံရင်ဆိုင်ရမည့် ဘဝအသစ်တစ်ခုအတွက် မျှော်လင့်ချက်တွေ တစ်ဖွေ့တစ်ပိုက်ဖြင့် လှုပ်ရှားရုန်းကန်ရင်းမှ မန္တလေးတွင် နေထိုင်ခဲ့ရစဉ် ငယ်ဘဝ၏ ပုံရိပ်တွေက တစ်စစနှင့် နှစ်ငါးဆယ်ကျော်မှ ရုပ်ရှင်ကားနှယ် မပီဝိုးဝါး မှုန်မွှား၍ သွားခဲ့ပါတော့သည်။

ကျော်ဇင်လတ်ကလည်း သူ့ကတိကို တည်ခဲ့ပါသည်။ စင်ကာပူနိုင်ငံကို သွား၍ အလုပ်တစ်ဖက်နှင့် ဆက်လက်ပညာသင်ကြားခဲ့သလို၊ သူ့ဘဝ ကြီးပွားတိုးတက်ရေးအတွက် မရေမရာ ကြုံဆုံလာသည့် ဆယ်ကျော်သက်ရွယ် သက်ဦးကိုကိုဆိုသည့် ကောင်မလေးကို သူ့ဘဝအတွင်းမှ မေ့ဖျောက်၍ ပစ်ခဲ့ပါသည်။

နောက်တော့ စင်ကာပူနိုင်ငံတွင် ပိုလီတက် လာ၍တက်နေသော မြန်မာပြည်မှ မိန်းကလေးတစ်ဦးနှင့် စင်ကာပူနိုင်ငံမှာပင် လက်ထပ်ခဲ့ပြီး ဟိုနိုင်ငံမှာပင် အလုပ်လုပ် နေထိုင်ခဲ့ပါသည်။





အချိန်ကာလပဲ ကြာညောင်းသွားခဲ့၍လား၊ သို့တည်း ...တုတ် အခြေခံမခိုင်ပါဘဲနှင့် တည်ဆောက်ခဲ့သည့် အချစ်အိမ် ...သားမှ လေပြည်လေးတစ်ချက် တိုက်ခတ်ရုံနှင့် ပြိုလဲသွားသည် ...း မသိ။ လွန်ခဲ့သည့်နှစ်က စင်ကာပူနိုင်ငံတွင် ပြုလုပ်ခဲ့သည့် ...ကျော်ဇင်လတ်နှင့် မအိသက်ဆွေတို့ မင်္ဂလာသတင်းကို သတင်း ...များတွင် တွေ့မြင်လိုက်ရသည့် အခါမှာတော့ ဩော် ... သူ ...ထောင်ကျသွားပြီကိုး ဆိုသည့် ရေရွတ်သံလေး တစ်ခုကိုသာ ...တိုးတိတ်တိတ် ရွတ်ဆိုခဲ့မိပါသည်။ သည့်ထက်တော့ ဘာမှ ...ပါ။

သို့ပါသော်လည်း သည်ကနေ့ ကိုလတ်နှင့် မမျှော် ...ဘဲ ပြန်လည်တွေ့ဆုံလိုက်ရသည့် အခါ ဟိုစဉ်ကဘဝကို ...သည်အမှတ်ရရင်း မအိမလည် ဝေဒနာတစ်ခုကို ခံစားလိုက် ...သည်။

အေးလေ ... စက္ကူအဖြူပေါ်က ခဲခြစ်ရာလေးကို ...ခဲ ဖျက်လိုက်လို့ လုံးဝဥဿုံ ပျက်သွားပေမဲ့ ခဲတံနဲ့ဖိရေး ...လို့ မသိမသာ နစ်ဝင်သွားတဲ့ ခဲသားဖိတဲ့ အရာလေးတော့ ...ကောင်း ကျန်ရစ်မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် မနက်ဖြန် မျိုးမျိုးဖုနှင့် ဆုံတွေ့ခဲ့ပါလျှင် ဒီကနေ့ ဘာမှ မဖြစ်ခဲ့သလို နေပြလိုက်မည်။ ပြီးတော့ ဒီကနေ့ သူပြောမယ်ဆိုတဲ့ စကားကို မနက်ဖြန်မှ နားထောင်မယ် ဆိုရင်လည်း နောက်မကျသေးပါဘူးလေ။

✤ ⊶ ✤





ကားဘရိတ်ကို ဆောင့်နင်းကာ ရပ်လိုက်သည့် အချိန်ကြောင့် ကျွီဆိုသည့် အသံကြီးက ကျယ်လောင်စွာ ပေါ်ထွက်၍ လာပါသည်။ နောက်ကြည့်မှန်တွင် ချိတ်ဆွဲလာသည့် ပန်းကုံးအဖြူနှင့် အနီရောင်က ဘေးဘယ်ညာသို့ ယိမ်းထိုးခါယမ်း၍ သွားပါသည်။

"ဟော့ကောင်လေး ... ဖြည်းဖြည်း လုပ်ပါကွ၊ မင်းပန်းကုံးကြွေသွားတာက အကြောင်းမဟုတ်ဘူး၊ ငါ့ပန်းကုံးလေးပါ ကြွေသွားပါ့မယ်"

မျိုးမျိုးဖု၏ အပြုအမူကို မလှမ်းမကမ်းမှ မြင်တွေ့လိုက်ရသော ဂျော်ဂျီကောင်းက မျိုးမျိုးဖုကို လှမ်း၍ အော်လိုက်ရင်း အနားသို့ ရောက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မျိုးမျိုးဖံ၏ မျက်နှာက မကြည်မလင်နှင့် မှိုင်တွေ၍ နေပါသည်။

“မင်းမျက်နှာကလည်း ဘယ်လိုဖြစ်နေတာလဲ၊ မယ်ကုဝဏ်ဝမ်းချုပ်နေလို့ ဆားခါးသောက်ထားတဲ့ရုပ်ကြီး လုပ်မနေစမ်းပါနဲ့ မောင်မျိုးရာ၊ ပျော်ပျော်နေစမ်းပါ၊ ဒီနေ့ သင်္ကြန်အတက်နေ့လေကွာ၊ တစ်ရက်တည်း ကျန်တော့တယ်ကိုယ့်လူ၊ အစွမ်းကုန် ကြိုးစားရမှာ”

“ကျွန်တော်က ဘယ်လိုပျော်ပြီး ဘယ်လိုကြိုးစားရမှာလဲ အန်ကယ်ရျော်ရ၊ ဒီမှာဖြင့် အသက် ဘယ်ကထွက်ရမှန်း မသိအောင် ခံစားနေရတဲ့ ဥစ္စာကြီးကို”

“အားမလျှော့စမ်းပါနဲ့ ကိုဗျတ်ဝိရယ်၊ ဒီတစ်ခါ မအိုဇာထမင်းအတွက် ကွမ်းတစ်ယာ ရေတစ်မှုတ် လာပေးမှာမဟုတ်ဘူးကိုယ့်လူ၊ မိုရီယာမင်းရယ်၊ အော်ရမင်းဂျီရယ်၊ ရှုပရာဒင်းရယ်၊ အင်နာဗွန်စီရယ်၊ စင်လရင်(မ်)ရယ်၊ အဲဒီငါးမျိုးကို ပေါင်းကြိတ်ထားတဲ့ ဆေးလုံး လာပေးပါလိမ့်မယ်”

“တော်ပါတော့ အန်ကယ်ရျော်ရာ”



“ဟော့ကောင်လေး ... မင်းက ငါပြောတာ မယုံဘူးလား၊ ညတုန်းက မင်းမကြိုင်လှိုင်က ငါ့ဆီလှမ်းပြီး ဖုန်းဆက်တယ်၊ သင်္ကြန်ဦးကို မင်းနဲ့ပတ်သက်ပြီး သူ စော်တော်လေးပြောဆိုဆွေးနွေးလိုက်တယ်တဲ့၊ သင်္ကြန်ဦးကို ကြည့်ရတာ အတော်လေးကို နောင်တရသွားတဲ့ပုံတဲ့၊ ဘာပဲဖြစ်ဖြစ် မင်းအတွက်တော့ အခြေအနေ ကောင်းပါလိမ့်မယ်တဲ့”

“တ ... တကယ်ပြောတာလားဟင် အန်ကယ်ရျော်”

“တကယ်ပေါ့ကွ”

“ဒါဆိုရင် ဒီပန်းကုံးကို မမကြိုင်လှိုင်ကို ကျွန်တော်ပဲ စွပ်လိုက်တော့မယ်”

“ရတယ်လေ၊ ဟိုပန်းကုံး အဖြူလေးကိုလည်း သင်္ကြန်ဦးကို ငါ စွပ်ပေးလိုက်မယ်”

“ဘယ်ရမလဲဗျ”

“ဒါဆိုရင် မင်းလည်း ‘လိုင်းမပူးနဲ့လေကွာ”

“အဟင်း ဟင်း ... အလကားစတာပါ အန်ကယ်ရျော်ရာ၊ ကျွန်တော် နည်းနည်းပါးပါး စိတ်ချမ်းသာသွားလို့ပါ”

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကဲ ... ယောကောင်လေး၊ ဟိုမှာ သက်ဦး လာ
ပြီ၊ မင်း ပြဿနာကို မင်းဘာသာမင်း သွားရှင်းချေ ပ
ပါစေနော်"

မဏ္ဍပ်တွင်, သူတို့လူစု တစ်ဝက်ကျော်လော ရောက်နေကြပါသည်။ သက်ဦးကိုကိုက အင်္ကျီအဖြူရောင် ခပ်ဖားဖားလေး ဝတ်ထားပြီး အောက်က စကတ်အဖြူလေး လည်း ရွှေငါးအမြီးလို လေမှာဝဲပျံ၍ တလူလူ လွင့်နေပါသည် နောက်ကသာ အတောင်ပံ တပ်၍ပေးလိုက်ပါလျှင် အင်္ဂလိပ် သမီးလေးနှင့် တူသွားပါလိမ့်မည်။

"သက်ဦးက အရမ်းလှတာပဲနော် အန်ကယ်ရော်"

"အင်း ... လှတော့ လှတယ်၊ ဒါပေမဲ့ ငါ့ကြိုက်လို
တော့ မမိဘူးကွ ... ဟဲ ဟဲ"

သက်ဦးကိုကိုက သူ့ဆီသို့ ဦးတည်လာနေသ အတွက် မျိုးမျိုးဇံကလည်း ပန်းကုံးအဖြူလေးကိုကိုင်ကာ သ ကိုကိုထံ လျှောက်သွားလိုက်ပါသည်။ မဏ္ဍပ်လေကားထ အရောက်တွင် သူတို့နှစ်ယောက် လူချင်းဆုံတွေ့လိုက်ကြပါသ





"သက်ဦး"

"ရှင်"

"ဒီပန်းကုံးလေးကို လက်ခံပေးမလားဟင်"

"အဲဒါ တောင်းပန်နေတာလား ကိုမျိုးရဲ့"

"ဒါဆိုရင်"

မျိုးမျိုးဇံက သက်ဦးကိုကို၏ လည်ပင်းလေးတွင် ပန်းကုံးဖြူဖြူလေးကို စွပ်၍ပေးလိုက်ပါသည်။

"ပန်းကုံးလေးက လှလိုက်တာ၊ ကျေးဇူးပဲ ကိုမျိုး"

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

မဏ္ဍပ်ပေါ်မှ သူငယ်ချင်းများ၏ လက်ခုပ်သံကြောင့် သက်ဦးကိုကို တစ်ယောက် ရှက်စနိုးမျက်နှာလေးဖြင့် ခေါင်းလေး ငုံ့၍သွားပါသည်။

အကြတ်နေ့တုန်းက အကျည်းတန်ခဲ့သော သကြံန် သည် ဒီကနေ့ အတက်နေ့မှာတော့ ဥမ္မာဒန္တီနှင့် ပပဝတီတို့က င် အစိမ ... အစိမဟု ခေါ်ရလောက်အောင် လှပ၍ နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေပိုက်တစ်ခုတည်းကို နှစ်ယောက်အတူကိုင်၍ ပက်နေကြသော သက်ဦးကိုကိုနှင့် မျိုးမျိုးဇံတို့ကိုကြည့်ကာ ကျော်ဂျီကောင်းက ကြိုင်လှိုင်သင်းကို မေးဆတ်၍ ပြလိုက်ပါသည်။ ကြိုင်လှိုင်သင်းက မြင်သားပဲဆိုသည့် သဘောနှင့် ခေါင်းညိတ်၍ ပြလိုက်ပါသည်။ ဒါကို ကျော်ဂျီကောင်းက အလိုက်မသိ အကင်းမပါးရကောင်းလား ဆိုသည့် မျက်နှာကြီးဖြင့် ကြိုင်လှိုင်သင်း၏ အနားသို့ ကပ်လာပါသည်။

ပြီးတော့ ကြိုင်လှိုင်သင်း၏ လက်ထဲမှ ရေပိုက်ကို ဝင်၍ ကိုင်လိုက်ပါသည်။

"ဒါက ဘာလုပ်တာလဲ"

"အတူတူ ပက်ချင်လို့လေ"

"အိုး ... မဟုတ်တာ၊ ကိုယ့်ပိုက်နဲ့ကိုယ် သွားပက်ချေ"

"ကြိုင်လှိုင်ကလည်းကွာ၊ ဟိုမှာ မောင်မျိုးတို့ သက်ဦးတို့တောင်မှ ရေပိုက်တစ်ချောင်းထဲကို နှစ်ယောက်အတူတူ ကိုင်ပြီး ပက်နေကြတဲ့ဥစ္စာ"





"အဲဒါ ဘာဖြစ်လဲ၊ သူတို့က ကလေးတွေပဲဥစ္စာ၊ ဘယ်လိုပဲနေနေ သင့်တော်တယ်လေ"

"ကိုယ်တို့လည်း ဒီလောက် အသက်မကြီးသေးပါဘူး ကြိုင်လှိုင်ရယ်၊ ကိုယ့်ထက် ငယ်ရွယ်တဲ့ လူတွေနဲ့ သွားယှဉ်လို့ပါ၊ ဒီလိုဆိုရင် ကိုယ် ဘိုးဘွားရိပ်သာက အဘိုးကြီး အဘွားကြီး အယောက်နှစ်ဆယ်လောက်ကို သွားခေါ်လိုက်မယ်လေ"

"ဘာလုပ်မလို့လဲ၊ သက်ကြီးပူဇော်ပွဲ လုပ်မလို့လား"

"ဟင့်အင်း ... ဒီမှာ ရေပက်ရအောင်ပေါ့၊ ဒါမှ သူတို့နဲ့ယှဉ်ပြီး ကြိုင်လှိုင်နဲ့ ကိုကျော်ဂျီနဲ့ ကဲလို့ရမှာ"

"သွားစမ်းပါ ကိုကျော်ဂျီရယ်၊ မရှုမကောင်း"

ကျော်ဂျီကောင်းက သူ့အပြုအမူကို မည်သူမျှ ဂရုမထားမိဟု ထင်နေပါသည်။ သို့သော် သက်ဦးနှင့်အတူ နှစ်ယောက် ရေပက်နေရင်းမှ မျိုးမျိုးဇံက ကျော်ဂျီကောင်း ပြောသမျှ ကြားလည်းကြား၊ မြင်လည်းမြင်၍ နေပါသည်။

"အန်ကယ်ကျော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွ"

"ဘာလဲ ... ရေပိုက်မရှိတော့လို့လား၊ ဒီမှာ ကျွန်တော့် ရေပိုက်ရှိတယ်၊ အဲဒါကို ယူပက်လေ၊ မမကြိုင်လှိုင်ဆီက ပိုက်ကို သွားပြီးလုမနေပါနဲ့၊ ပိုက်တစ်ပိုက် မကဘူး၊ နှစ် ပိုက် ပက်ချင်ရင်လည်း ကျွန်တော်တို့ ပက်နေတဲ့ ပိုက်ဆီ ပါယူပြီး ဘယ်တစ်ဖက် ညာတစ်ဖက်ကိုင်ပြီး ပက်လို့ရ တယ်၊ ကျွန်တော်နဲ့ သက်ဦး ခဏနားလိုက်ချင်လို့ ...

"အောက်ကို ခဏဆင်းကြရအောင်နော် သက်ဦး"

မျိုးမျိုးဇံက သက်ဦးကိုကိုပါ တစ်ဆက်တည်း ပြောလိုက်ပါသည်။

"တောက် ... သေချင်းဆိုးလေး၊ မင်းပြဿနာ ပြေထွေး သွားပြီဆိုပြီး ငါ့ကို ထောင်ထောင် ထောင်ထောင် ... လုပ်တာပေါ့လေ၊ လူပုံကိုက မနက်ကအထိ အသက်အ... က ထွက်ရမှန်း မသိအောင် ဖြစ်နေတဲ့ ကောင်ကများ ... ဟွန်း"

ကျော်ဂျီကောင်း၏ စကားကြောင့် ကြိုင်လှိုင်... ရော သက်ဦးကိုကိုပါ တခစ်ခစ်နှင့် ရယ်မောလိုက်ကြပါသည်။





မျိုးမျိုးဇံက သူပြောသည့် အတိုင်းပင် ရေပိုက်ကို ချထားခဲ့ကာ သက်ဦးကိုကိုနှင့်အတူ မဏ္ဍပ်ပေါ်မှ ဆင်းသွားပါ သည်။

ကျော်ဂျီကောင်းတို့ ခြံထဲမှာက ပိတောက်ပင်၊ သရက် ပင်၊ မန်ကျည်းပင်၊ ကုံကော်ပင် စသည့်အပင်ကြီးများ၏ အရိပ် များက တန်ခူးနေကို အံတုဘက်ပြိုင်၍ နေကြပါသည်။ သက်ဦး ကိုကိုနှင့် မျိုးမျိုးဇံတို့ နှစ်ဦးကတော့ ရေစိုကြီးနှင့်ပင် အနံ့ကယ် ချော်တို့ အိမ်ရှေ့ပေါ်တီကိုနားက ခုံတန်းလျားလေးတွင် ထိုင်လိုက် ကြပါသည်။ ရေစိုစို အဝတ်ဖြူများကြောင့် သက်ဦးကိုကို၏ လှပ ကြော့ရှင်းသည့် ခန္ဓာကိုယ်လေးက ပါရမီရှင် ပန်းပုဆရာတစ် ယောက် ထုဆစ်ထားသော ဆင်စွယ်ယမင်းရုပ်ကလေးနှယ် ကြော့ ရှင်းလှပလွန်းလှပါသည်။

"သက်ဦး"

"ဟင်"

"တို့ကို စိတ်မဆိုးတော့ပါဘူးနော်"

"ဘာကို စိတ်ဆိုးရမှာလဲ၊ စိတ်ဆိုးစရာမှ မရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ ... အကျနေ့တုန်းက ပီတိပြုံး ရောက်လာပြီး ကိုယ့်ကို ပန်းကုံးစွပ်တဲ့ ကိစ္စလေ"

"ဟင့်အင်း ... အဲဒီကောင်မလေးက ကိုမျိုးရဲ့ သူငယ်ချင်း ပဲဥစ္စာ၊ ပြီးတော့ သူက ကိုမျိုးကို ပန်းကုံးစွပ်တဲ့အတွက် ကြားကနေပြီး သက်ဦးက ဘာမဆိုင် ညာမဆိုင် ကိုမျိုးကို စိတ်ဆိုးရမှာတဲ့လား"

"တကယ် စိတ်မဆိုးဘူးလားဟင်"

"ရော ... ခက်နေပါလား ကိုမျိုးရယ်၊ သက်ဦးက ကိုမျိုး ကို ဘာကိစ္စ စိတ်ဆိုးရမှာလဲလို့"

"မနာလို ဖြစ်ပြီးတော့လေ"

"အဟင်း ဟင်း ... ကိုမျိုးကလည်းနော်၊ အဖြေရကျပ် လိုက်တာ၊ ကဲ ... ဒါဆိုရင် မမကြိုင်လှိုင်ကို အန်ကယ်ကျော် က ပန်းကုံးစွပ်တာကို မြင်ရတော့ ကိုမျိုးက မမကြိုင်လှိုင် ကို စိတ်ဆိုးလား၊ အန်ကယ်ကျော်ကို မနာလိုဖြစ်လား"

"ကျွတ် ... တို့ဆိုလိုတာက တစ်မျိုးကွာ၊ ခု သက်ဦးပေး တဲ့ ဥပမာနဲ့ တခြားစီပဲ သက်ဦးရာ"





သက်ဦးကိုကိုက မရှုနိုင် မကယ်နိုင် ဖြစ်နေသော မျိုးမျိုးဖုံကိုကြည့်ကာ တခစ်ခစ်နှင့် ရယ်မောလိုက်ပါသည်။ မနေ့ တုန်းက သူ့ကို သက်ဦးက စိတ်ဆိုးမှာကို ကြောက်နေသောလူက ခုတော့ သက်ဦး စိတ်မဆိုးမှာကို ကြောက်နေပုံရပါသည်။

"ဒီမှာ သက်ဦး"

"ရှင်"

"တို့ ရှင်းရှင်းပဲ ပြောမယ်ကွာ၊ တို့က သက်ဦးကို အရမ်း ချစ်တယ်၊ သက်ဦးကလည်း တို့ကို ပြန်ချစ်လိမ့်မယ်လို့ တို့က မျှော်လင့်တယ်၊ တို့ကိုသာ သက်ဦးက ချစ်ခဲ့ရင် အဲဒီလို တခြားမိန်းကလေးတစ်ဦးက တို့ကို ပန်းကုံးလာ စွပ်တာကို သက်ဦးက မနာလိုတိုရှည်ဖြစ်ပြီး တို့ကို စိတ် ဆိုးရမှာပေါ့၊ ဒါမှလည်း တို့ကို တကယ်ချစ်ရာ ရောက် မှာပေါ့၊ ဟုတ်ဖူးလား"

"ဒါ ဟုတ်တာပေါ့၊ ဖြစ်နိုင်တာပေါ့"

သက်ဦးကိုကို၏ ပြောပုံဆိုပုံက ခပ်ပေါ့ပေါ့ ထေ့ လေးစား အတော်ကို အသည်းယားစရာ ကောင်းနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုတော့ သက်ဦးက ဘာမှ မဖြစ်ဘူး၊ ဘာမှ မခံစားရဘူး ဆိုတော့ တို့ကို မချစ်လို့ပဲပေါ့နော်"

သက်ဦးကိုကိုက မျက်လုံးလေးများကိုမှိတ်၊ နှာခေါင်းကိုရှုံ့၊ နှုတ်ခမ်းဖူးဖူးလေးကိုချွန်နှင့် ဘာအပြုအမူ ဘာသင်္ကေတ မှန်းမသိ လုပ်ပြနေပါသည်။

"အေးလေ ... သက်ဦးဘက်က တို့အပေါ် ဘယ်လိုပဲ သဘောထားထား တို့ကတော့ သက်ဦးကို တအားချစ်ခဲ့မိတယ် သက်ဦးရယ်၊ ဒါကြောင့်လည်း မနေ့ညကဆိုရင် တစ်ညလုံး အိပ်လို့မပျော်ခဲ့ပါဘူး၊ ရင်ထဲမှာ နာကျင်ရလွန်းလို့၊ အခံရခက်လွန်းလို့၊ ကြေကွဲဝမ်းနည်းရလွန်းလို့ အစဲ လုံးအဆိပ်မိတဲ့ ခွေးလိုပဲ လူးလှိမ့်ပြောင်းဆန်နေခဲ့ရပါတယ် သက်ဦးရယ် ...

"အဲဒီ ကိုလတ် ဆိုတဲ့လူ ရောက်လာပြီး သက်ဦးရဲ့ လက်ကလေးကို ဆွဲကိုင်ပြီး ခေါ်သွားတာ၊ သက်ဦးရဲ့ ခေါင်းလေးကို ပွတ်သပ် ပုတ်ခတ်သွားတာတွေဟာ ကိုယ့် အသည်းနှလုံးကို လှံချွန်တွေနဲ့ ထိုးဆွနေသလို ဘယ်လောက်



တောင်မှ ဇူးရှနာကျင်ခဲ့ရတယ် ဆိုတာ သက်ဦးကတော့ နားလည်မှာ မဟုတ်ပါဘူးလေ ...

"ခုလိုမျိုး သက်ဦးရဲ့လက်ကို ပိုင်စိုးပိုင်နင်း ဆွဲတိုင်နိုင်တဲ့၊ သက်ဦးရဲ့ ခေါင်းလေးကို တယုတယ ပွတ်သပ်သွားနိုင်တဲ့ အခွင့်အရေးကို ရခဲ့တဲ့လူဟာ သက်ဦးရဲ့ ချစ်ဦးသူပဲ ဖြစ်လိမ့်မယ်ဆိုတဲ့ အသိကလည်း ကိုယ့်ကို ရှုံးမတတ် နှိပ်စက်ခဲ့ပါတယ်၊ အဲဒီလူကိုလည်း သတ်ပစ်ချင်လောက်အောင် မနာလို ဖြစ်ခဲ့ရတယ် ...

"အဲဒါတွေ အားလုံးဟာ မျိုးမျိုးခံ ဆိုတဲ့ ကောင်လေးတစ်ယောက်က သက်ဦးကိုကို ဆိုတဲ့ ကောင်မလေးတစ်ယောက်ကို အသည်းပေါက်မတတ် ချစ်လွန်းလို့ ခံစားခဲ့ရတဲ့ အဖြစ်တွေပါ သက်ဦးရယ် ...

"ကိုယ့်ဘဝမှာတော့ သက်ဦးဟာ ပထမဦးဆုံး ချစ်ခဲ့ရသူပါ၊ တကယ်လို့များ သက်ဦးက ကိုယ့်အချစ်ကိုလက်ခံခဲ့ရင်တောင် ကိုယ်ဟာ သက်ဦးရဲ့ပထမဆိုတဲ့နေရာကို ဘယ်တော့မှ မရနိုင်တော့တဲ့ ဒုတိယလူပဲဖြစ်မှာပါ သက်ဦးရယ်"

www.burmeseclassic.com

www.burmeseclassic.com



“အို … ဘာတွေ လျှောက်ပြောနေမှန်းလဲ မသိဘူး၊ ဘာလို့ စိတ်ဆင်းရဲစရာ စကားတွေကို ပြောနေရတာလဲ ကိုမျိုးရယ်၊ သကြိန်နောက်ဆုံးနေ့လေးကို အပျော်တွေနဲ့ပဲနေသွားဖို့ ဆုံးဖြတ်ပြီး လာခဲ့ကာမှ သူ့ကြောင့် သက်ဦး ငိုချင်လာပြီ သိလား”

“သက်ဦးက ငိုချင်ရုံရယ်၊ ကိုယ်က အများအမြင်မှာ ပျော်ချင်ဟန်ဆောင်ပြီး မာန်ရုပ်နဲ့ ဟန်လုပ်နေရပေမဲ့ ရင်ထဲမှာ ငိုနေရတာပါ သက်ဦးရယ်”

“တော်ပါတော့ ကိုမျိုးရယ်၊ သက်ဦး တကယ် ငိုမိလိမ့်မယ်၊ ကိုလတ်နဲ့ သက်ဦးနဲ့က ကိုမျိုး ထင်သလို နက်နက်ရှိုင်းရှိုင်း အခြေအနေမျိုး မရှိပါဘူးကွယ် …

“တစ်ခုတော့ သက်ဦး ဝန်ခံပါတယ်၊ ကိုလတ်နဲ့ သက်ဦး ချစ်ခဲ့ဖူးကြပါတယ်၊ ဒါပေမဲ့ အဲဒီအချိန်က သက်ဦးရဲ့အသက်က အရမ်းငယ်ပါတယ်၊ စိတ်ကစားတတ်တဲ့အရွယ်၊ တိမ်းလွယ် ညွတ်လွယ် အရွယ်မို့ ကိုယ်နဲ့နီးနီးကပ်ကပ် နေခဲ့ရတဲ့ သူစိမ်းယောကျ်ားလေးတစ်ဦးအပေါ်





မှာ တိမ်းညွတ်မိတာပါ၊ အဲဒါကလည်း သက်ဦးရဲ့အပြစ်လို့ ဆိုလို့ရပါတယ်၊ အဲဒီအပြစ်တွေကိုလည်းပဲ သက်ဦး ဖော့ပြီး မပြောပါဘူး၊ အရှိအတိုင်း အမှန်အတိုင်းပဲ ကိုမျိုးကို ပြောပြတာပါ …

“ကိုလတ်နဲ့ ရက်ပိုင်းလောက်ကလေးပဲ ဆုံစည်းခဲ့ရပြီးတဲ့နောက် သူနဲ့ သက်ဦးနဲ့ ဝေးသွားကြပါတယ်၊ ဒါဟာလည်း ဒယ်ဒီတို့ မာမီတို့ရဲ့ အမြော်အမြင်ကြီးမှုကြောင့်ပါ၊ ပထမတုန်းကတော့ ငယ်စိတ်နဲ့ လွမ်းသလိုလို ဆွေးသလိုလို ခံစားခဲ့ရပေမဲ့ နောက်ပိုင်းကျတော့လည်း မေ့မေ့ပျောက်ပျောက် ဖြစ်သွားခဲ့ရပါတယ် ကိုမျိုးရယ်။ သက်ဦးရင်ထဲမှာ ရက်ပိုင်းလပိုင်းလောက်အတွင်းမှာပဲ သူနဲ့ပတ်သက်လို့ ခံစားမှုတွေ လျော့ရဲသွားခဲ့ရတာ အမှန်ပါ …

“ခုအချိန်မှာ အဲဒီကာလတုန်းက သူ့ကို တကယ်ပဲ ချစ်ခဲ့သလား မချစ်ခဲ့ဘူးလားဆိုတာ ကိုယ့်ကိုယ်ကိုယ်တောင် ဝေခွဲမရ သံသယတွေ ဖြစ်နေရပါတယ် ကိုမျိုးရယ် …



www.burmeseclassic.com

www.burmeseclassic.com



"ခု သူနဲ့ ပြန်တွေ့ရချိန်မှာ သက်ဦး ရင်ထဲမှာ အံ့ဩစိတ်ကလွဲလို့ ဘာမှ မခံစားရတော့ပါဘူး၊ သူက လည်း သက်ဦးကို ညီမလေးတစ်ယောက်လိုပဲ ရိုးရိုးသား သား ဆက်ဆံသွားတာပါကွယ် ..."

"ကိုမျိုး"

"ဟင်"

"ခု သက်ဦးပြောမဲ့ စကားတစ်ခွန်းကို ကိုမျိုးအနေနဲ့ ယုံချင်မှ ယုံမယ်၊ မယုံချင်ရင်လည်း နေလို့ရပါတယ် သက်ဦး ဘဝမှာလေ သူနဲ့တွေ့လေတိုင်းမှာ ရင်ခုန်လှိုက် မောခဲ့ရတဲ့သူ၊ သူနဲ့ တစ်နေ့လေး အဆင်မပြေခဲ့ရုံနဲ့ တစ် ညလုံး ငိုခဲ့ရတဲ့အထိ ခံစားခဲ့ရတဲ့လူဟာ တစ်ယောက်တည်း ပဲ ရှိပါတယ်ကွယ်၊ အဲဒီလူက ကိုမျိုးပါ"

"ဒါ ... ဒါဆိုရင် သက်ဦးက ကိုယ့်ကို ချစ်တယ်ပေါ့နော်"

သက်ဦးကိုကိုက ခေါင်းလေးကို အသာအယာညိတ် ၍ ပြလိုက်ပါသည်။



"သက်ဦး ... တ ... တကယ်ပြောတာလားဟင်"

မျိုးမျိုးဇံက သက်ဦးကိုကို၏ လက်ဖဝါးလေးနှစ် ဖက်ကို ဆုပ်ကိုင်ကာ မယုံမရဲနှင့် မေးလိုက်ပါသည်။

"တကယ်ပေါ့ ကိုမျိုးရယ်၊ ခု ကိုမျိုးကို သက်ဦး ချစ်တယ် ဆိုတာလေ နှလုံးသားထဲက ဦးနှောက်ထဲက အသိစိတ်နဲ့ ချစ်ခဲ့တာပါ၊ တစ်နေ့တုန်းက ကောင်မလေးတစ်ယောက် က မဏ္ဍပ်ပေါ်တက်ပြီး ကိုမျိုးကို ပန်းကုံးစွပ်လိုက်တာကို မြင်ရတဲ့နောက်ပိုင်းမှာ သက်ဦး ရင်ထဲမှာ ကြေမွသွားအောင် ခံစားခဲ့ရပါတယ်"

"အဲ ... အဲဒါ မနာလိုတာလားဟင်"

"အင်းပေါ့"

"အဲလို မနာလိုတာဟာ ကိုယ့်ကို သက်ဦးက တကယ်ချစ် လို့ပေါ့နော်"

"ခက်လိုက်ပါဘိ ရှင်ရယ်၊ ဆန်ကောပေါက်ပါတယ်ဆိုမှ တစ်ချပ်လုံးလားလို့ မေးနေပြန်ပါပြီ"

www.burmeseclassic.com



"တို့ ထပ်ပြီး ကြားချင်လို့ပါ သက်ဦးရယ်"

"ကဲ ... ကဲ ... ချစ်လို့ ချစ်လို့ ကိုမျိုးကို ချစ်လို့၊ အဲဒီ ကောင်မလေးကိုလည်း မနာလို၊ ဟောဒီ ကောင်လေးကို လည်း စိတ်တို၊ ဖြစ်နိုင်ရင် အဲဒီတုန်းက သူ့ကို ငရုတ်ဆုံ ထဲမှာထည့်ပြီးတောင်မှ ထောင်းလိုက်ချင်သေးတယ်ရှင် သိရဲ့လား"

ဤအပြောလေး ဤအမူအရာလေးကြောင့် မျိုးမျိုး က သက်ဦးကိုကို၏ ပခုံးလုံးဝန်းဝန်းလေးကို သူ့ဘက်သို့ ဆွဲ ယူလိုက်ပါသည်။

"သက်ဦး"

"ရှင်"

"ကိုယ့်အချစ်ကို သက်ဦးက လက်ခံတုံ့ပြန်ခဲ့တဲ့အတွက် သက်ဦးကို ကျေးဇူးလည်းတင် ဝမ်းလည်းသာခဲ့ပါတယ် ကွယ်၊ ဒါပေမဲ့လေ ကိုယ်ဟာ သက်ဦးအတွက် ဒု... အချစ်၊ ဒုတိယလူ ဖြစ်ခဲ့ရတဲ့အတွက်တော့ ရင်... အားငယ်မိလိုလို ဝမ်းနည်းသလိုလိုတော့ ဖြစ်ရ...





တကယ်လို့များသာ တို့နှစ်ယောက် မွေးကတည်းက တွေ့ ခဲ့ကြရင် ဘယ်လောက်များ ကောင်းလိုက်မလဲလို့ ... နော်"

"ကိုမျိုး"

"ဟင်"

"ကိုမျိုး ခံစားနေရတာတွေကို သက်ဦး နားလည်ကိုယ်ချင်း စာမိပါတယ်ကွယ်၊ ဒါပေမဲ့ ကိုဦးရယ်၊ ကိုယ်ရှေ့ကအရင် ပန်းဝင်သွားရုံနဲ့ ပထမလို့ ခေါ်လို့မရပါဘူး၊ နိုင်ငံတကာ အားကစားပွဲတွေမှာလိုပေါ့၊ ပထမဆုကို ရပြီးမှ ဆေးစစ် လိုက်တဲ့အခါ စိတ်ကြွဆေး သုံးစွဲထားတာကို တွေ့ရလို့ ပြိုင်ပွဲကနေ အပယ်ခံလိုက်ရတာလေ၊ အဲဒီအခါမှာ စော စောက ဒုတိယသမားဟာ ထိုက်တန်စွာနဲ့ ပထမရသွား တဲ့ အဖြစ်အပျက်မျိုးတွေကို ကိုမျိုး ကြားဖူးမှာပေါ့"

"ခုလည်း ကိုမျိုးက သက်ဦးရဲ့ နှလုံးသားထဲက ပထမဆု နဲ့ ဒုတိယလူပါကွယ်"

"ပထမဆုနဲ့ ဒုတိယလူ ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုမျိုး၊ ဒုတိယလူဆိုတာကလည်း နောက်မှတွေ့ရလို့ ဒုတိယလူလို့ ဆိုလိုက်ပေမဲ့ ကိုမျိုးဟာ သက်ဦး အတွက်တော့ ရင်ထဲ အသည်းထဲက တကယ် လှိုက်လှိုက်လှဲလှဲနဲ့ တကယ်ချစ်ခဲ့မိတဲ့ ပထမဦးဆုံးချစ်သူပါ၊ သက်ဦးရဲ့ အချစ်ဦး၊ အချစ်လယ်၊ အချစ်နှောင်းဆိုတဲ့ ကာလသုံးပါးစလုံးကို ပိုင်ဆိုင်ထားတဲ့ ထာဝရချစ်သူပါ ကိုမျိုးရယ်"

"တို့ ... တို့ ဝမ်းသာလိုက်တာ၊ ကြည်နူးလိုက်တာ၊ စိတ်ချမ်းသာလိုက်တာ သက်ဦးရယ်"

မျိုးမျိုးခံက သက်ဦးကိုကို၏ ပြည့်ပြည့်တင်းတင်း အိအိစက်စက် လက်မောင်းလေး နှစ်ဖက်ကို ဆုပ်ကိုင်လှုပ်ယမ်းကာ ပြောလိုက်ပါသည်။

"ဟိတ်ကောင်လေး ... မင်းဥစ္စာက တရားမလွန်လွန်းဘူး လားကွ"

"ဟင်"





ဘယ်အချိန်က အနားသို့ ရောက်လာမှန်းမသိသော ကျော်ဂျီကောင်း၏ အသံကြောင့် မျိုးမျိုးခံက သက်ဦးကိုကို့ကို ဇက်ထားသော လက်များကို ကမန်းကတန်း ဖြေလွှတ်လိုက်ရပါသည်။

"အန်ကယ်ကျော်ကြီးကလည်းဗျာ"

"အန်ကယ်ကျော်ကြီးကလည်းဗျာ လုပ်မနေနဲ့၊ မဏ္ဍပ်ပေါ်က လူတွေအားလုံး မင်းတို့နှစ်ယောက်ကို အကုန်မြင်နေရတယ်နော်"

"မြင်မြင်ပေါ့ အန်ကယ်ကျော်ရ၊ သက်ဦးက ကျွန်တော့်ချစ်သူပဲဥစ္စာ"

"အေးပါ ... အေးပါ၊ မင်းက ယူတွမ်တီး(ပ-20) ဆိုတော့ ငါတို့လို ယူသာတီဖိုက်(ပ-35)တွေထက်စာရင် ပိုပြီးသက်လုံကောင်း ပိုပြီး လက်သွက် ခြေသွက် နိုင်တာပေါ့ကွာ၊ ငါ့မှာတော့ ခုထိ သူ့လက်ဖျားလေးတောင်မှ ကိုင်ခွင့်မရသေးဘူး၊ ချီး ... မင်းကို မနာလိုဘူး မောင်မျိုးရာ"



www.burmeseclassic.com

www.burmeseclassic.com



"အားမလျှော့ပါနဲ့ အန်ကယ်ကျော်ရ၊ နှစ်ဆန်းနှစ်ရက်နေ့ကျ မမကြိုင်လှိုင်ကို ပန်းကုံးအဖြူလေး စွပ်ပေးပြီးရင် အန်ကယ်ကျော်လည်း အဲဒီ အခွင့်အရေးကို ရမှာပါ ... နော့"

သက်ဦးကိုကိုကတော့ ကျော်ဂျီကောင်းနှင့် မျိုးမျိုးခံတို့ ပြောနေသည့် စကားများ၏ အသွားအလာကို အသေအချာနားလည်ပါသော်လည်း တခစ်ခစ်နှင့် ရယ်မောနေလိုက်ပါသည်။

ခင်ဦးခင်ခင်

(ဆေးတက္ကသိုလ်)

www.burmeseclassic.com